# ကြေးမုံ

The Mirror Daily

Established in 1957

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

e – paper ဖတ်ရှုရန်


**လောကကို ထွန်းလင်းတောက်ပ**

မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ ပြုနိုင်သူသည် တိမ်တိုက်မှလွတ်မြောက်လာသောလကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။ (ကောင်းမှုကုသိုလ်ပြုနိုင်ရန် မိတ်ကောင်းဆွေကောင်းရှိရန် လိုအပ်ပေရာ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ်သင့်၏)

လောကဝဂ်(ဓမ္မပဒ-၁၇၃)


၁၃၈၈ ခုနှစ်၊ တော်သလင်းလဆန်း ၁၀ ရက်၊ တနင်္လာနေ့။ Monday, 21 September 2026 ၁၂၃၀၈



**ယနေ့ ဖတ်စရာ**

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် သတင်းထုတ်ပြန်ချက် အမှတ်(၉/၂၀၂၆)** စာမျက်နှာ » ၂

**မျိုးဂုဏ်မြင့်သော ဆို၊ က၊ ရေး၊ တီး ပြိုင်ပွဲကြီး** ဆောင်းပါး စာမျက်နှာ » ၆

**System Breakdown ဖြစ်စဉ်များနှင့်စပ်လျဉ်း၍ မိဘပြည်သူများသို့ အသိပေးမေတ္တာရပ်ခံခြင်း** စာမျက်နှာ » ၁၁

**သမိုင်းဝင် ဗိုလ်ချုပ်အောင်ဆန်းဈေး ရာပြည့်ပွဲတော်ကြီးကို စည်ကားသိုက်မြိုက်စွာ ကျင်းပမည်** စာမျက်နှာ » ၁၄


# ချမ်းမြေ့ရိပ်သာကျောင်းတိုက် ပဓာနနာယက နိုင်ငံတော်ဩဝါဒါစရိယ၊ ရွှေကျင်နိကာယ ရတ္တညျူမဟာနာယက၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ၊ ဆဋ္ဌသင်္ဂီတိ ပါဠိပဋိဝိသောဓက၊ သကျသီဟနှင့် အစိုးရသိရီ ပဝရဓမ္မာစရိယ ဘဒ္ဒန္တဇနကာဘိဝံသ၏ ဥတုဇရုပ်ကလာပ်တော်အား နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ သွားရောက်ဖူးမြော်ကြည်ညို



**နေပြည်တော် စက်တင်ဘာ ၂၀**

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ချမ်းမြေ့ရိပ်သာကျောင်းတိုက် ပဓာနနာယက နိုင်ငံတော်ဩဝါဒါစရိယ၊ ရွှေကျင်နိကာယ ရတ္တညျူ မဟာနာယက၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက၊ အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ၊ ဆဋ္ဌသင်္ဂီတိ ပါဠိပဋိဝိသောဓက၊ သကျသီဟနှင့် အစိုးရသိရီပဝရဓမ္မာစရိယ ဘဒ္ဒန္တဇနကာဘိဝံသ မဟာထေရ်မြတ်ကြီး သက်တော်(၉၉)နှစ်၊ သိက္ခာတော်(၇၉)ဝါသည် မြန်မာသက္ကရာဇ် ၁၃၈၈ ခုနှစ်၊ တော်သလင်းလဆန်း ၈ ရက်၊ ၂၀၂၆ ခုနှစ်၊ စက်တင်ဘာ ၁၉ ရက် (စနေနေ့)၊ နံနက် ၁၁ နာရီ ၃ မိနစ်တွင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့သည်။


စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆


နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ချမ်းမြေ့ရိပ်သာများ၏ ပဓာနနာယကဆရာတော်ကြီး ဦးသောဘိတာ ဘိဝံသထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။





## လေဖိအားနည်းရပ်ဝန်း၏အရှိန်ကြောင့် နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် စက်တင်ဘာ ၂၀**

**လေဖိအားနည်းရပ်ဝန်းအခြေအနေ**

ယနေ့မွန်းလွဲ ၃ နာရီခွဲတိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်း (မြန်မာနိုင်ငံ မြစ်ဝကျွန်းပေါ်ကမ်းလွန်အနီး)တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။


စာမျက်နှာ ၅ ကော်လံ ၁ သို့ ✦


## ပဲခူးတိုင်းဒေသကြီးအတွင်း ကောင်းမွန်သော ရေသတ္တဝါ မွေးမြူရေးကျင့်စဉ်နှင့်အညီ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရေး ကြပ်မတ်ဆောင်ရွက်လျက်ရှိ

**ပဲခူး စက်တင်ဘာ ၂၀**

ပဲခူးတိုင်းဒေသကြီးအတွင်း ကောင်းမွန်သော ရေသတ္တဝါမွေးမြူရေး (Good Aquaculture Practices GAqP) ကျင့်စဉ်နှင့်အညီ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရေးအတွက် ကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း ပဲခူးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ငါးမွေးမြူရေးကန်များ၌ ကြက် တွဲဖက်ပြီးမွေးမြူခြင်းမရှိစေရေးကိုလည်း ကြပ်မတ်ဆောင်ရွက်လျက်ရှိသည်။

“ပဲခူးတိုင်းဒေသကြီးအတွင်းက လိုင်စင်မရှိတဲ့ ကြက်ခြံတွေ၊ BAP စနစ်နဲ့ GAqP စနစ် အကောင်အထည်ဖော်နေတဲ့ကြက်ခြံနဲ့


စာမျက်နှာ ၅ ကော်လံ ၁ သို့ ❂


## အိမ်မဲမြို့နယ်၌ အထူးကုဆရာဝန်ကြီးများက အခမဲ့ဆေးကုသပေး

**အိမ်မဲ စက်တင်ဘာ ၂၀**

မြောင်းမြမြို့မှ အထူးကုဆရာဝန်ကြီးများနှင့် ကျန်းမာရေးဝန်ထမ်းများက အိမ်မဲမြို့နယ် ကန်ကုန်းကျေးရွာနှင့် ဆက်စပ်နယ်မြေများမှ ဒေသခံပြည်သူများအား စက်တင်ဘာ ၁၉ ရက်တွင် ကွင်းဆင်းဆေးကုသမှုများ ဆောင်ရွက်ပေးသည်။

အဆိုပါကွင်းဆင်းဆေးကုသမှုကို မြောင်းမြမြို့ ပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဦးဆောင်၍ ကလေးအထူးကုဆရာဝန်ကြီး၊ သားဖွားမီးယပ်အထူးကုဆရာဝန်ကြီး၊ မျက်စိအထူးကုဆရာဝန်၊


စာမျက်နှာ ၅ ကော်လံ ၅ သို့ ✣




ကြေးမုံ

# တရားဥပဒေစိုးမိုးရေးအလေးထား ပြည်သူလူထု လူမှုဘဝလုံခြုံစိတ်ချ

တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးသည် ရပ်ရွာနေပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံစိတ်ချမှု၊ တည်ငြိမ်အေးချမ်းမှုနှင့်အေးချမ်းသာယာဖွံ့ဖြိုးတိုးတက်မှုအတွက် မရှိမဖြစ်လိုအပ်သော အခြေခံအုတ်မြစ်ဖြစ်သည်။ တရားဥပဒေစိုးမိုးမှု အားကောင်းလာလေလေ၊ ခိုး၊ ဆိုး၊ လု၊ နှိုက်စသည့် ဒုစရိုက်မှုများနှင့်အမှုအခင်းများ လျော့နည်းကျဆင်းလာလေဖြစ်ပြီး လူ့အဖွဲ့အစည်းတစ်ရပ်လုံး တည်ငြိမ်အေးချမ်းပြီး အေးချမ်းသာယာဝပြောသည့် လူ့ဘောင်လောကကို ရရှိပိုင်ဆိုင်နိုင်မည်ဖြစ်သည်။

တရားဥပဒေစိုးမိုးရေးကိုဖောက်ဖျက်၍ ရပ်ရွာအေးချမ်းသာယာရေးကို အနှောင့်အယှက်ပေးသူများနှင့် ဒုစရိုက်မှုကျူးလွန်သူများကို ထိထိရောက်ရောက် ပြတ်သားစွာဖော်ထုတ် အရေးယူမှသာ ပြည်သူလူထုဘဝ အေးချမ်းစွာနေထိုင်နိုင်မည်ဖြစ်ပြီး ပြည်သူလူထု၏ ယုံကြည်ကိုးစားအားထားမှုကို ရရှိနိုင်မည်ဖြစ်သည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ပြည်တွင်းလုံခြုံရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ၂၀၂၆ ခုနှစ် ဧပြီလ ၁၀ ရက်နေ့မှ စက်တင်ဘာလ ၁၆ ရက်အထိ ခြောက်လတာကာလအတွင်း ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့မှ ခါးပိုက်နှိုက်မှု ၂၀၆ မှု ကျူးလွန်သူ တရားခံအမျိုးသား ၁၆၅ ဦး၊ အမျိုးသမီး ၂၁ ဦး စုစုပေါင်းကျူးလွန်သူ ၁၈၆ ဦးတို့ကို သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိပြီး ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရန် ဆောင်ရွက်လျက်ရှိသည်။ အလားတူ လုယက်မှုကျူးလွန်သူများ၊ လူသတ်မှု၊ အဓမ္မကျူးလွန်မှုများကို စုံစမ်းဖော်ထုတ်ပြီး ထိရောက်စွာ အရေးယူဆောင်ရွက်နိုင်ခဲ့သည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်းရှိ မြို့ရွာများ၌ မှုခင်းကျဆင်းရေးနှင့် ဒုစရိုက်မှုများ ကင်းစင်စေရေးအတွက် နယ်မြေဒေသများအလိုက် သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များနှင့်ပူးပေါင်းလျက် လှည့်ကင်း၊ ရပ်ကင်း၊ ဝပ်ကင်းများဆောင်ရွက်ခြင်း၊ ဧည့်စာရင်းစစ်ဆေးခြင်း၊ မှုခင်းအသိပညာပေးဟောပြောခြင်း၊ မှုခင်းအသိပညာပေး လက်ကမ်းစာစောင်များဝေငှခြင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး ဟောပြောခြင်း၊ စည်းကမ်းမဲ့ယာဉ်များအားစစ်ဆေးဖမ်းဆီးအရေးယူခြင်းစသည့် မှုခင်းကျဆင်းရေးနှင့် အမှုအခင်း ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို နေ့ညမပြတ်ဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် ဖြစ်ပေါ်လာသော မှုခင်းများကို ရှာဖွေဖော်ထုတ် ဖမ်းဆီးအရေးယူခြင်း၊ မဖြစ်ခင်က ကြိုတင်ကာကွယ်တားဆီးခြင်းလုပ်ငန်းများကို ရဲလုပ်ငန်းစဉ်များနှင့်အညီ အဆက်မပြတ်ဆောင်ရွက်လျက်ရှိသည်။

မြို့ပြဒေသများတွင် လူဦးရေထူထပ်လာသည့်အလျောက် အမှုအခင်းအမျိုးမျိုးလည်း ဖြစ်ပေါ်လာလေ့ရှိသည်။ ယခုရက်ပိုင်းတွင် မြို့လယ်ကောင်၌ပင် ပေါ်ပေါ်ထင်ထင် ပြစ်မှုကျူးလွန်ကာ တရားဥပဒေစိုးမိုးရေးကို စိန်ခေါ်သည့်အဖြစ်များတွေ့မြင်ခဲ့ရသည်။ တာဝန်သိပြည်သူများ၏ ပူးပေါင်းကူညီမှုဖြင့် ပြစ်မှုကျူးလွန်သူများကို ချက်ချင်းဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့သလို ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုအားနည်းသောကြောင့် ချက်ချင်းမဖော်ထုတ်နိုင်သည့် အမှုများလည်းရှိသည်။ ဒုစရိုက်မှုများကို လုံခြုံရေးတပ်ဖွဲ့များက ကာကွယ်တားဆီးအရေးယူရမည်ဖြစ်သော်လည်း ပြည်သူလူထုအနေဖြင့် မိမိတို့ရပ်ရွာများ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ အေးချမ်းသာယာရေးအတွက် ဥစ္စာရှင်လို၊ ဥစ္စာရှင်ခဲဆိုသကဲ့သို့ ပြည်သူများကိုယ်တိုင် ဦးစွာကြိုတင်ကာကွယ်တတ်ရန်လိုသည်။ အထူးသဖြင့် တရားဥပဒေနှင့် ဒုစရိုက်မှုအန္တရာယ်များကို ကြိုတင်သိရှိနားလည်ထားရန်လိုသည်။

မဖြစ်ခင်က ကြိုတင်တားဆီးကာကွယ်နိုင်ရန်အတွက် အသိပညာဗဟုသုတများကို လေ့လာမှတ်သားနားလည်ထားရန်လိုသည်။ ကြိုတင်တားဆီးကာကွယ်ခြင်းသည် အမှုအခင်းများကို ထက်ဝက်လျှော့ချနိုင်သည်။ ဖြစ်ပေါ်လာပါက တာဝန်သိအသိစိတ်ဓာတ်ဖြင့် ဆောင်ရွက်သင့်သည်များကို တက်ညီလက်ညီ ဆောင်ရွက်ကြရန်လိုပြီး သက်ဆိုင်ရာလုံခြုံရေးအဖွဲ့အစည်းများကို အလျင်အမြန်အကြောင်းကြားရန်လိုအပ်သည်။ ရပ်ရွာအေးချမ်းသာယာရေးကို ထိခိုက်စေနိုင်မည့် မသင်္ကာဖွယ်ရာများတွေ့ရှိပါကလည်း သက်ဆိုင်ရာအဖွဲ့အစည်းများသို့ ကြိုတင်အသိပေးအကြောင်းကြားထားရန်လိုသည်။ အမှုအခင်းများနှင့်ပတ်သက်၍ မပတ်သက်လိုသော စိတ်ထားများသည် တာဝန်မသိသော၊ မိမိရပ်ရွာကို မကာကွယ်လိုသော တာဝန်မဲ့ပြည်သူအဖြစ် ဝမ်းနည်းဖွယ်ဖြစ်ရမည်။

သို့ဖြစ်ရာ တိုင်းပြည်တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝသာယာဝပြောပြီး အေးချမ်းစွာ နေထိုင်လုပ်ကိုင်နိုင်ရေးအတွက် ပြည်တွင်းလုံခြုံရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများသည် အရေးအကြီးဆုံးလုပ်ငန်းများဖြစ်သည်နှင့်အညီ လုံခြုံရေးအဖွဲ့အစည်းများက ဒုစရိုက်မှုလုပ်ငန်းများအား စဉ်ဆက်မပြတ်ဖော်ထုတ်တားဆီးအရေးယူဆောင်ရွက်လျက်ရှိသလို ပြည်သူများကလည်း တာဝန်သိသော နိုင်ငံသားကောင်းတစ်ယောက်အဖြစ်ခံယူပြီး တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးလုပ်ငန်းစဉ်များတွင် တက်တက်ကြွကြွ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## ၂၀၂၆ ခုနှစ်၊ (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ခ) အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရန်နှင့် မျိုးဆက်သစ်လူငယ်များကြားတွင် ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ် ပိုမိုထွန်းကားပြန့်ပွားစေရေး၊

(ဂ) မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊

(ဃ) နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍတွင် ယဉ်ကျေးမှုအနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## သံအမတ်ကြီး ဦးအေးမင်းထွေးအား အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ခန့်အပ်

နေပြည်တော် စက်တင်ဘာ ၂၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် နိုင်ငံခြားရေးဝန်ကြီးဌာနမှ သံအမတ်ကြီး ဦးအေးမင်းထွေးအား အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ခန့်အပ်လိုက်ပြီးဖြစ်သည်။

သတင်းစဉ်

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

### သတင်းထုတ်ပြန်ချက်အမှတ် (၉/ ၂၀၂၆)

၁။ ငြိမ်းချမ်းရေးသည် လူ့အခွင့်အရေးများ အပြည့်အဝခံစားနိုင်ရေးအတွက် အခြေခံအုတ်မြစ်ဖြစ်ပြီး လူ့အခွင့်အရေးကို လေးစားကာကွယ်မြှင့်တင်ခြင်းသည် ရေရှည်တည်တံ့သောငြိမ်းချမ်းရေးတည်ဆောက်နိုင်ရေးအတွက် အရေးပါသော အခြေခံအချက်ဖြစ်ပါသည်။ နိုင်ငံများအကြား ငြိမ်းချမ်းရေးကို မြှင့်တင်ရန်နှင့် လူသားများအနေဖြင့် ငြိမ်းချမ်းရေး၏တန်ဖိုးကို သတိပြုမိစေရန် ရည်ရွယ်၍ နှစ်စဉ် စက်တင်ဘာလ ၂၁ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးနေ့အဖြစ် ကုလသမဂ္ဂအထွေထွေညီလာခံက သတ်မှတ်ခဲ့ပါသည်။

၂။ ကုလသမဂ္ဂပဋိညာဉ်စာတမ်းတွင် ငြိမ်းချမ်းရေး၏ အရေးပါမှုကို အလေးထားဖော်ပြထားသကဲ့သို့ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းနိဒါန်းတွင် "လူသားအားလုံး၏ မွေးရာပါအခွင့်အရေးများကို အသိအမှတ်ပြုခြင်းသည် ကမ္ဘာပေါ်တွင် လွတ်လပ်မှု၊ တရားမျှတမှုနှင့် ငြိမ်းချမ်းမှုတို့အတွက် အခြေခံအုတ်မြစ်ဖြစ်သည်"ဟု ဖော်ပြထားရာ လူတစ်ဦးချင်းစီ၏ တန်ဖိုးနှင့်ဂုဏ်သိက္ခာကို လေးစားမှုရှိမှသာ ရေရှည်တည်တံ့သည့် ငြိမ်းချမ်းရေးကို ဖော်ဆောင်နိုင်မည်ဖြစ်ပါသည်။

၃။ ငြိမ်းချမ်းရေးသည် ပဋိပက္ခကင်းဝေးရုံမျှသာမက လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များကို လက်တွေ့ခံစားနိုင်သည့် လူမှုအသိုက်အဝန်းတစ်ရပ်တည်ဆောက်ခြင်းဖြစ်ရာ ယခုနှစ် ငြိမ်းချမ်းရေးနေ့၏ ဆောင်ပုဒ်ဖြစ်သည့် **"Invest in Peace: For Everyone, Everywhere, Everyday"** နှင့်အညီ လူတိုင်း၊ နေရာတိုင်း၊ နေ့ရက်တိုင်း ငြိမ်းချမ်းရေးကို ကြိုးပမ်းဖော်ဆောင်ကြရမည် ဖြစ်ပါသည်။

၄။ မြန်မာနိုင်ငံတွင် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရေးမှတစ်ဆင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးကို အကောင်အထည်ဖော်ဆောင်ရွက်ရန် နိုင်ငံတော်သမ္မတ ဦးဆောင်လျက် "အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုကော်မတီ" (National Solidarity and Peace-making Central Committee) ကိုဖွဲ့စည်းကာ လုပ်ငန်းတာဝန်များ ချမှတ်ဆောင်ရွက်လျက်ရှိရာ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းစဉ်များတွင် အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးနေ့ကို ဂုဏ်ပြုကြိုဆိုလျက် အလေးအနက် တိုက်တွန်းအပ်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်
ရက်စွဲ၊ ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက်

## ၂၀ - ၉ -၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၇၁၅၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ


## သင့်စီးပွားရေးလုပ်ငန်းများအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့



ကြေးမုံ

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | - ဝင်းနိုင် | အကြီးတန်း သတင်းထောက်များ | - ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန် |
| စာတည်းမှူး | - အေးဝမ်းစိုး | အငယ်တန်း သတင်းထောက်များ | - အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ |
| စာတည်းများ | - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဥ၊ နိုင်လင်းကြည် | သုတေသန | - ဇင်မာဝင့် |
| | | စာပြင် | - ခင်နှင်းယုနှင့်အဖွဲ့ |
| ဘာသာပြန် | - အောင်ကျော်ကျော်၊ စိုးသူရ | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - နီလာစိုးနှင့်အဖွဲ့ |
| | | အီးမေးလ်နှင့် အွန်လိုင်း | - စိုးချစ်ဦးနှင့်အဖွဲ့ |



ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

☆ ရှေ့ဖုံးမှ

ဆရာတော် ဘုရားကြီး၏ ဥတုဇ ရုပ်ကလာပ်တော်အား ချမ်းမြေ့ရိပ်သာ ကျောင်းတိုက်၌ ပူဇော်ထားရှိရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ဇနီး ဒေါ်ကြူကြူလှ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် သွားရောက်ဖူးမြော်ကြည်ညိုသည်။

ဦးစွာ နိုင်ငံတော်သမ္မတနှင့် ဇနီးနှင့် အဖွဲ့ဝင်များသည် နိုင်ငံတော်ဩဝါဒါစရိယ ချမ်းမြေ့ရိပ်သာကျောင်းတိုက် ပဓာနနာယက ဆရာတော်ဘုရားကြီး၏ ဥတုဇ ရုပ်ကလာပ်တော်အား ဖူးမြော် ကြည်ညိုကြသည်။ ယင်းနောက် ချမ်းမြေ့ရိပ်သာများ၏ ပဓာနနာယကဆရာတော်ကြီး ဥူးသောဘိတာဘိဝံသ အမှူးပြုသည့် ဆရာတော်ကြီးများအား ဖူးမြော်ကြည်ညိုသည်။

ထို့နောက် ဗဟန်းမြို့နယ် တိပိဋကမဟာဝိသုဒ္ဓါရုံကျောင်းတိုက်အုပ်ဆရာတော် ဥူးသီရိကစ္စနက နိုင်ငံတော်ဩဝါဒါစရိယ ချမ်းမြေ့ရိပ်သာ ကျောင်းတိုက် ပဓာနနာယက ဆရာတော်ဘုရားကြီး၏ အန္တိမအဂ္ဂိဈာပန ပူဇာသဘင် အခမ်းအနားကျင်းပပြုလုပ်မည့် အစီအစဉ်လျာထားမှုကို ရှင်းလင်းမိန့်ကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက လျှောက်ထားရာတွင် ယခုကဲ့သို့ ပြည်တွင်း၊ ပြည်ပ သာသနာပြု လုပ်ငန်းများတွင် စွမ်းစွမ်းတမံ သာသနာ့တာဝန်များ ဆောင်ရွက်လျက်ရှိသည့် သာသနာ့အာဇာနည်ဆရာတော်ကြီးတစ်ပါး ဆုံးရှုံးရခြင်းကြောင့် နိုင်ငံတော်နှင့် ဗုဒ္ဓသာသနာတော်အတွက် ကြီးမားသည့် ဆုံးရှုံးမှုပင်ဖြစ်ပြီး မိမိတို့အနေဖြင့် များစွာဝမ်းနည်းရပါကြောင်း၊ ဆရာတော်ကြီး၏ အန္တိမအဂ္ဂိဈာပန ပူဇာသဘင် အခမ်းအနားကို ခမ်းနားသိုက်မြိုက်စွာ ကျင်းပပြုလုပ်ပူဇော်သွားနိုင်ရေး စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်အား လာရောက်ဖူးမြော် ကြည်ညိုကြမည့် ပြည်တွင်း၊ ပြည်ပမှ ရဟန်းသံဃာများ၊ ဒါယကာ ဒါယိကာမများနှင့် ပြည်သူများ အဆင်ပြေချောမွေ့စွာဖြင့် သွားလာနိုင်ရေးနှင့် ဆွမ်း၊ ကွမ်း ဝေယျာဝစ္စနှင့် စားသောက်တည်းခိုနေထိုင်မှုများ အဆင်ပြေစေရေး စနစ်တကျစီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ရာသီဥတုပူပြင်းပြီး မိုးရွာသွန်းမှုများလည်း ရှိနေသေးသဖြင့် လာရောက်သည့် ဆရာတော်၊ သံဃာတော်များ အဆင်ပြေချောမွေ့စွာ သီတင်းသုံးနိုင်ရေးနှင့် ဒါယကာ ဒါယိကာမများ အဆင်ပြေစွာ နေထိုင်ဖူးမြော်နိုင်ရေးတို့အတွက် ကျောင်းတိုက်အတွင်း အရိပ်အာဝါသများရရှိအောင် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဆရာတော်ကြီး၏ အန္တိမအဂ္ဂိဈာပန ပူဇာသဘင် အခမ်းအနားကို ခမ်းခမ်းနားနား အောင်အောင်မြင်မြင် ကျင်းပနိုင်ရေးအတွက် ကော်မတီများ စနစ်တကျဖွဲ့စည်း၍ တာဝန်များခွဲဝေ ဆောင်ရွက်သွားကြမည်ဖြစ်ပါကြောင်းနှင့် အခြားသာသနာတော် ထွန်းကားပြန့်ပွားရေးဆိုင်ရာနှင့်ပတ်သက်၍ ဆွေးနွေးလျှောက်ထားတင်ပြသည်။

ဆက်လက်၍နိုင်ငံတော်သမ္မတက ဆရာတော်ဘုရားကြီး၏အန္တိမအဂ္ဂိဈာပန ပူဇာသဘင်အခမ်းအနားကို ခမ်းခမ်းနားနားဖြင့် အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လိုအပ်သည်များ ဝိုင်းဝန်းပေါင်းစပ် ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး ပြည်ထောင်စုဝန်ကြီးများနှင့် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်တို့အား လိုအပ်သည်များ လမ်းညွှန်မှာကြားပြီး နိုင်ငံတော်သမ္မတနှင့် ဇနီးတို့က အန္တိမအဂ္ဂိဈာပန ပူဇာသဘင် အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးအတွက် နိုင်ငံတော်အစိုးရမှ လှူဒါန်းသည့် ငွေကျပ်သိန်း ၅၀၀ ကို ပေးအပ်လှူဒါန်းရာ ချမ်းမြေ့ရိပ်သာကျောင်း ဝေယျာဝစ္စအဖွဲ့ဥက္ကဋ္ဌ ဦးစောလှိုင်က လက်ခံရယူ၍ နိုင်ငံတော်သမ္မတထံ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့က ချမ်းမြေ့ရိပ်သာများ၏ ပဓာနနာယကဆရာတော်ကြီး ဥူးသောဘိတာဘိဝံသထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ဆရာတော်ကြီးက နိုင်ငံတော်ဩဝါဒါစရိယ ချမ်းမြေ့ရိပ်သာကျောင်းတိုက် ပဓာန နာယက ဆရာတော်ကြီး ရေးသားပြုစုပူဇော်ခဲ့သည့် ဗုဒ္ဓဓမ္မစာပေကျမ်းဂန်များကို ဓမ္မလက်ဆောင်အဖြစ် ပြန်လည်ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်ဇနီးနှင့် အဖွဲ့ဝင်များသည် ချမ်းမြေ့ရိပ်သာ ကျောင်းတိုက် ပဓာနနာယက ဆရာတော်ဘုရားကြီး၏ ဥတုဇရုပ်ကလာပ်တော်အား ဖူးမြော်ကြည်ညိုကြပြီး ဆရာတော်ကြီး ရေးသားပြုစုပူဇော်ခဲ့သည့် ဗုဒ္ဓဓမ္မ စာပေကျမ်းဂန်များအား ကြည့်ရှုပူဇော်ကြသည်။

အဆိုပါ ချမ်းမြေ့ရိပ်သာ ဆရာတော်ဘုရားကြီး အလောင်းလျာကို မြန်မာသက္ကရာဇ် ၁၂၉၀ ပြည့်နှစ် ဝါခေါင်လဆန်း ၈ ရက် (အင်္ဂါနေ့) တွင် မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ပျဉ်းမကျေးရွာ၌ ခမည်းတော် ဦးဖြူမင်း၊ မယ်တော် ဒေါ်ရွှေရည်တို့မှ ဖွားမြင်တော်မူခဲ့ကြောင်း၊ ၁၃၀၅ ခုနှစ် တန်ခူးလဆန်း ၅ ရက်နေ့တွင် တောင်တွင်းကြီးမြို့ တောရဗိမာန်ကျောင်းဆရာတော် ဘဒ္ဒန္တမာလာဝံသကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပြီး ၁၃၀၉ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၅ ရက်တွင် တောင်တွင်းကြီးမြို့ တောရဗိမာန်ကျောင်းတိုက် ခဏ္ဍသိမ်၌ ဆရာတော်ဘဒ္ဒန္တပဒုမကို ဥပဇ္ဈာယ်ပြု၍ တောင်တွင်းကြီးမြို့ ရွှေအိုးရပ် ကုန်သည်ကြီး ဦးစိန်ညို+ဒေါ်လှနှစ်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့ခြင်းဖြစ်ကြောင်း။

ဆရာတော် လောင်းလျာသည် မကွေး တိုင်းဒေသကြီး တောင်တွင်းကြီးမြို့ တောရဗိမာန်ကျောင်းဆရာတော် ဘဒ္ဒန္တမာလဝံသ၊ မန္တလေးမြို့ ဝိသုဒ္ဓါရုံတိုက်သစ် စည်ရှင်ဆရာတော် ဘဒ္ဒန္တကောသလ္လ၊ ပိုက်ကျုံး ဆရာတော် ဘဒ္ဒန္တဇာနေယျဗုဒ္ဓိ၊ အသောကာရုံ ဆရာတော် ဘဒ္ဒန္တသုဝဏ္ဏဇောတိ၊ ဗာရာဏသီ ဆရာတော် ဘဒ္ဒန္တအာနန္ဒပဏ္ဍိတ၊ သံတော်ဆင့်ဆရာတော် ဘဒ္ဒန္တဝါသဝ၊ မစိုးရိမ်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဝိစိတ္တာဘိဝံသ စသောဆရာတော်ကြီးများထံတွင် ပရိယတ္တိစာပေများကို သင်ယူဆည်းပူးတော်မူခဲ့ပြီး **“ပရိယတ္တိသာသနဟိတ ဓမ္မာစရိယဘွဲ့၊ သာသနာ့ဇောတိကဓဇ ဓမ္မာစရိယ ဘွဲ့.”** တို့ကို ရရှိတော်မူခဲ့ကြောင်း။

ဆရာတော် ဘုရားကြီးသည် မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ် တောင်တွင်းကြီးမြို့ တောရဗိမာန် စာသင်တိုက်တို့၌ စာသင်သား ရဟန်း၊ သာမဏေများကို ပရိယတ္တိစာပေကျမ်းဂန်များ သင်ကြားပို့ချပေးတော်မူခဲ့ခြင်း၊ ဆဋ္ဌသင်္ဂါယနာတင်ပွဲကြီး၌ ပါဠိပဋိ သောဓကအဖြစ်ဆောင်ရွက်တော်မူခဲ့ခြင်း၊ ချမ်းမြေ့ရိပ်သာ ကျောင်းတိုက် တည်ထောင်၍ တရားဟော တရားပြ ကမ္မဋ္ဌာနာစရိယတာဝန်များ ဆောင်ရွက်တော်မူခဲ့ခြင်း၊ မြန်မာဘာသာ ကျမ်းစာ ၃၄ အုပ်နှင့် အင်္ဂလိပ်ဘာသာကျမ်းစာ ၁၀ အုပ် စသော စာပေကျမ်းဂန်များ ရေးသားပြုစုတော်မူခဲ့ခြင်း၊ ရန်ကုန်မြို့ ချမ်းမြေ့ရိပ်သာကျောင်းတိုက်နှင့် ရိပ်သာခွဲများအဖြစ် ဟင်္သာတမြို့၊ ပြင်ဦးလွင်မြို့၊ မှော်ဘီမြို့၊ အောင်ပန်းမြို့၊ တောင်ကြီးမြို့၊ လယ်ဝေးမြို့၊ တမူးမြို့တို့၌ တည်ထောင်ဖွင့်လှစ်တော်မူခဲ့ခြင်း၊ ပြည်ပနိုင်ငံများဖြစ်သော ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌လည်းကောင်း၊ တောင်အာဖရိကနိုင်ငံ ဒါဘန်မြို့၌လည်းကောင်း၊ အမေရိကန်နိုင်ငံ စပရင်းဖီးမြို့၌ လည်းကောင်း၊ ပဋိပတ္တိ ကမ္မဋ္ဌာန်းရိပ်သာများ တည်ထောင်ဖွင့်လှစ်၍ သာသနာပြုတော်မူခဲ့ခြင်း၊ ဆရာတော်သည် နိုင်ငံပေါင်းများစွာသို့ သာသနာပြုခရီး အကြိမ်(၇၀) ကျော်ကြွရောက်ခဲ့ပြီး အင်္ဂလန်နိုင်ငံ အောက်စဖို့ဒ် တက္ကသိုလ်၊ ကိန်းဘရစ်ချ် တက္ကသိုလ်၊ အမေရိကန်နိုင်ငံ အီလီနွိုက် တက္ကသိုလ်၊ ဟာဝိုင်ရီတက္ကသိုလ်၊ ဗန်ကူးမားတက္ကသိုလ်၊ အိုဘာလင်တက္ကသိုလ် စသော ပြည်ပနိုင်ငံ တက္ကသိုလ်များ၌ ကမ္မဋ္ဌာန်းတရားများ ဟောကြားပြသတော်မူခဲ့ခြင်းနှင့် ၂၀၁၉ ခုနှစ်မှ ယနေ့အထိ နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်အဖြစ် သာသနာ့တာဝန်များကို ထမ်းဆောင်တော်မူခဲ့ကြောင်း။

ထိုကဲ့သို့ဗုဒ္ဓသာသနာအကျိုးကို ထက်သန်သောဝီရိယဖြင့် သယ်ပိုးဆောင်ရွက်တော်မူခဲ့သော သာသနဓုရာဝဟဂုဏ်၊ ပရဟိတာဝဟဂုဏ်၊ သာသနဟိတဓရဂုဏ်၊ ကမ္မဋ္ဌာနနယဒေသကဂုဏ်၊ ဝိပဿနာဓုရာဝဟဂုဏ်၊ ပဋိပတ္တိဝိသာရဒဂုဏ်၊ ခမာဇာဂရိယဂုဏ်၊ လဇ္ဇီပေသလ သိက္ခာကာမဂုဏ် စသည်တို့နှင့် ပြည့်စုံတော်မူခြင်းတို့ကြောင့် နိုင်ငံတော်အစိုးရက ဆရာတော်ကြီးအား ၁၉၉၅ ခုနှစ်တွင် **“အဂ္ဂမဟာကမ္မဋ္ဌာနစရိယ”** ဘွဲ့တံဆိပ်တော်နှင့် ၂၀၀၉ ခုနှစ်တွင် **“ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက”** ဘွဲ့တံဆိပ် တော်တို့ကို ဆက်ကပ် လှူဒါန်းခဲ့ပါကြောင်း၊ **“သတ္တဝါမှန်သရွေ့ တရားတွေ့ ချမ်းမြေ့သာယာရှိပါစေ”** ဆိုသည့် မေတ္တာပို့ ဆုတောင်းစကားသည် ချမ်းမြေ့ဆရာတော်ဘုရားကြီး၏ ထင်ရှားသည့် လက်သုံးမေတ္တာပို့ ဩဝါဒကထာ ဖြစ်ကြောင်း၊ ဆရာတော် ဘုရားကြီးသည် သာသနာတော်အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော် ၉၉ နှစ်၊ သိက္ခာတော် ၇၉ ဝါ၊ မြန်မာသက္ကရာဇ် ၁၃၇၈ ခုနှစ် တော်သလင်းလဆန်း ၈ ရက်၊ ၂၀၁၆ ခုနှစ် စက်တင်ဘာ ၁၉ ရက် (စနေနေ့) နံနက် ၁၁ နာရီ ၃ မိနစ်တွင် ဘဝနတ်ထံပျံလွန်တော်မူခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယခုကဲ့သို့ သာသနာတော်အကျိုးကို ဆောင်ရွက်တော်မူခဲ့သည့် နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ဘုရားကြီး ပျံလွန်တော်မူခဲ့ခြင်းသည် သာသနာတော်နှင့် နိုင်ငံတော်အတွက် ကြီးမားသည့် ဆုံးရှုံးမှုတစ်ခုပင်ဖြစ်ပြီး ဆရာတော်ဘုရားကြီး၏ အန္တိမအဂ္ဂိဈာပန ပူဇာသဘင် အခမ်းအနားကိုခမ်းနားသိုက်မြိုက်စွာ ကျင်းပပြုလုပ်နိုင်ရေးအတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ၏ လမ်းညွှန်မှုဖြင့် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ နိုင်ငံတော်ဩဝါဒါစရိယ ချမ်းမြေ့ရိပ်သာကျောင်းတိုက် ပဓာနနာယက ဆရာတော်ဘုရားကြီး၏ ဥတုဇရုပ်ကလာပ်တော်အား ဖူးမြော်ကြည်ညိုစဉ်။



ချမ်းမြေ့ရိပ်သာများ၏ ပဓာနနာယက ဆရာတော်ကြီး ဥူးသောဘိတာဘိဝံသက နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှတို့ထံ နိုင်ငံတော်ဩဝါဒါစရိယ ချမ်းမြေ့ရိပ်သာကျောင်းတိုက် ပဓာနနာယကဆရာတော်ကြီး ရေးသားပြုစုပူဇော်ခဲ့သည့် ဗုဒ္ဓဓမ္မစာပေကျမ်းဂန်များကို ဓမ္မလက်ဆောင် အဖြစ် ပေးအပ်စဉ်။

# ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ အကြိမ် (၂၀)မြောက် အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ တရားသူကြီးချုပ်များညီလာခံ တက်ရောက်

**နေပြည်တော် စက်တင်ဘာ ၂၀**

ပြည်ထောင်စု တရားသူကြီးချုပ် ဦးသာဌေးသည် ကိုရီးယားသမ္မတနိုင်ငံ တရားလွှတ်တော်ချုပ် တရားသူကြီးချုပ် The Hon. JO Hee-de ၏ ဖိတ်ကြားချက်အရ စက်တင်ဘာ ၁၆ ရက်မှ ၁၉ ရက်အထိ ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့ Grand Hyatt Seoul ဟိုတယ်၌ ကိုရီးယားသမ္မတနိုင်ငံ တရားလွှတ်တော်ချုပ်မှ အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် အကြိမ် (၂၀)မြောက် အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာ တရားသူကြီးချုပ်များ ညီလာခံသို့ ပါဝင်တက်ရောက်သည်။

အဆိုပါညီလာခံသည် အာရှ-ပစိဖိတ်ဒေသ၏ တရားစီရင်ရေး မဏ္ဍိုင်အကြီးအကဲများ စုစည်းတွေ့ဆုံပြီး နိုင်ငံအသီးသီး၏ တရားစီရင်ရေးစနစ်များနှင့် တရားစီရင်ရေး ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အမြင်များကို ဖလှယ်ခြင်းဖြင့် အပြန်အလှန် နားလည်မှုကို မြှင့်တင်ရန်၊ ဒေသတွင်း ငြိမ်းချမ်းရေး ထိန်းသိမ်းရေးအတွက် အထောက်အကူ ပြုစေရန်နှင့် ဒေသတွင်း နိုင်ငံများအကြား တရားစီရင်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ အတွက် လက်တွေ့ကျသော နည်းလမ်းများကို ဖော်ထုတ်နိုင်စေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။

မလေးရှားနိုင်ငံ ပီနန်မြို့၌ ပထမအကြိမ် အစည်းအဝေးအဖြစ် ၁၉၈၅ ခုနှစ်တွင် စတင်ကျင်းပခဲ့သည့် အချိန်မှစ၍ အာရှ-ပစိဖိတ်ဒေသအတွင်း တရားစီရင်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ၏ ခိုင်မာသော အခြေခံအုတ်မြစ် တစ်ရပ်အဖြစ် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။

ကိုရီးယားနိုင်ငံတရားလွှတ်တော်ချုပ်သည် ယခင် ၁၉၉၉ ခုနှစ်တွင် (၈)ကြိမ်မြောက် အစည်းအဝေးနှင့် ၂၀၁၁ ခုနှစ်တွင် (၁၄)ကြိမ်မြောက် အစည်းအဝေးတို့ကို အိမ်ရှင်အဖြစ် အောင်မြင်စွာ လက်ခံကျင်းပခဲ့ပြီး ယခုတစ်ဖန် ဤနိုင်ငံတကာ အစည်းအဝေးကြီးကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ခြင်းဖြစ်ကာ ဆိုးလ်မြို့သည် (၃)ကြိမ်မြောက် အိမ်ရှင်အဖြစ် ကျင်းပခဲ့သော ပထမဆုံးမြို့ ဖြစ်လာခဲ့ပြီး နိုင်ငံတကာ အစည်းအဝေးများ၏သမိုင်းတွင် မှတ်တိုင်သစ်တစ်ရပ်ကို စိုက်ထူနိုင်ခဲ့သည်။

ညီလာခံကို ကိုရီးယားသမ္မတနိုင်ငံ တရားလွှတ်တော်ချုပ်နှင့် LAWASIA တို့ပူးပေါင်း၍ စက်တင်ဘာ ၁၆ ရက်မှ ၁၉ ရက်အထိ Grand Hyatt Seoul ဟိုတယ်တွင် ကျင်းပခဲ့ရာ နိုင်ငံတကာမှ တရားစီရင်ရေးနယ်ပယ်ပေါင်း ၄၀ ကျော်နှင့် နိုင်ငံတကာအဖွဲ့အစည်း ၁၃ ဖွဲ့တို့မှ တရားသူကြီးချုပ်များ အပါအဝင် ကိုယ်စားလှယ် ၂၅၀ ခန့် တက်ရောက်ခဲ့ကြသည်။




အဆိုပါ ညီလာခံ တက်ရောက်လာကြသော တရားသူကြီးချုပ်များနှင့် ကိုယ်စားလှယ်အဖွဲ့များက တရားစီရင်ရေးနှင့် ဆက်နွှယ်သော ဘာသာရပ်များကို ဆွေးနွေးကြသည်။

ထို့အတူ မြန်မာနိုင်ငံ၏ တရားစီရင်ရေး ပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ်များတွင် အာရှနှင့် ပစိဖိတ်ဒေသနိုင်ငံများ၏ ပူးပေါင်းဆောင်ရွက်မှုများလည်း ပါဝင်လျက်ရှိရာ ညီလာခံသို့ တက်ရောက်ခြင်းဖြင့် ဒေသတွင်းရှိ တရားသူကြီးချုပ်များ၊ တရားစီရင်ရေး အကြီးအကဲများနှင့် တရားစီရင်ရေးဆိုင်ရာ အကြောင်းအရာများ ဖြစ်သည့် တရားစီရင်ရေးတွင် ဉာဏ်ရည်တုနည်းပညာ(AI) အသုံးပြုမှု၊ တရားစီရင်ရေးဆိုင်ရာ ပညာရေး၏ အရေးပါပုံ၊ မီဒီယာနှင့် ထိတွေ့ဆက်ဆံခြင်း၊ တရားစီရင်ရေးအပေါ် ပြည်သူလူထု၏ ယုံကြည်မှု မြှင့်တင်ခြင်း၊ အဂတိလိုက်စားမှု တိုက်ဖျက်ခြင်းနှင့် တရားစီရင်ရေးဆိုင်ရာ လွတ်လပ်မှုကို ကာကွယ်ခြင်း စသည့် အကြောင်းအရာများကို အမြင်ချင်းဖလှယ် ဆွေးနွေးနိုင်ခဲ့သည်။

ညီလာခံ ကာလအတွင်း စက်တင်ဘာ ၁၆ ရက်တွင် UNCITRAL တည်ထောင်ခြင်း နှစ်(၆၀)ပြည့် အထိမ်းအမှတ် ညီလာခံနှင့် LAWASIA မျက်နှာစုံညီအစည်းအဝေး၊ OECD နံနက်စာအစီအစဉ်၊ SIFOCC နှင့် SIFOCC ပံ့ပိုးကူညီရေးအဖွဲ့၏ မွန်းလွဲပိုင်းအစီအစဉ်၊ စက်တင်ဘာ ၁၈ ရက်တွင် UNIDROIT တည်ထောင်ခြင်း နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် Networking Breakfast အစီအစဉ်တို့ကိုပါ ထည့်သွင်း ဆောင်ရွက်ခဲ့သည်။

ပြည်ထောင်စု တရားသူကြီးချုပ်သည် ညီလာခံတက်ရောက်စဉ် ကာလအတွင်း ကိုရီးယားသမ္မတနိုင်ငံ တရားလွှတ်တော်ချုပ်၏ ကွန်ပျူတာနှင့် သတင်းအချက်အလက်စင်တာနှင့် သမိုင်းဝင်နေရာတစ်ခုဖြစ်သည့် ကိုရီးယားစစ်ပွဲအထိမ်းအမှတ်ပြတိုက်(War Memorial of Korea) တို့ကို သွားရောက် လေ့လာခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး ထွန်းအောင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ (၁၃)ကြိမ်မြောက် ပေကျင်းရှန်ဆန်းဖိုရမ် တက်ရောက်

**ရန်ကုန် စက်တင်ဘာ ၂၀**

တရုတ်ပြည်သူ့သမ္မတ နိုင်ငံ အမျိုးသားကာကွယ်ရေးဝန်ကြီးဌာနဝန်ကြီး ရေတပ်ဗိုလ်ချုပ် ကြီး တုံကျွင်း (Admiral Dungjun) ၏ ဖိတ်ကြားချက်အရ ပေကျင်းမြို့တွင် ၂၀၂၆ ခုနှစ် စက်တင်ဘာ ၁၅ ရက်မှ ၁၇ ရက်အထိ ကျင်းပသည့် (၁၃)ကြိမ်မြောက် ပေကျင်း ရှန်ဆန်းဖိုရမ်သို့ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး ထွန်းအောင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်သည်။




ခရီးစဉ်အတွင်း တရုတ်နိုင်ငံ အမျိုးသားကာကွယ်ရေးဝန်ကြီး ဗိုလ်ချုပ်ကြီး တုံကျွင်းက ပေကျင်း အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (Beijing International Convention Center)၌ ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုပြီး မြန်မာ - တရုတ် နှစ်နိုင်ငံကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များနှင့် နှစ်နိုင်ငံနယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးဆိုင်ရာကိစ္စများကို ဆွေးနွေးကြသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော်က တည်ခင်းဧည့်ခံသော ဖိုရမ်ဖွင့်ပွဲကြိုဆိုနှုတ်ခွန်းဆက် ညစာစားပွဲသို့ ပါဝင်တက်ရောက်သည်။

စက်တင်ဘာ ၁၆ ရက်တွင် ဖိုရမ် ပထမနေ့စုံညီအစည်းအဝေးသို့ ပါဝင်တက်ရောက်ခဲ့သည့်အပြင် ဖိုရမ်သို့ ပါဝင်တက်ရောက်လျက်ရှိသည့် ဒေသတွင်းနှင့် အိမ်နီးချင်းနိုင်ငံများမှ ကာကွယ်ရေးဝန်ကြီးများနှင့် နှစ်နိုင်ငံ အလွတ်သဘောသီးသန့်တွေ့ဆုံမှုများကိုလည်း ဆောင်ရွက်သည်။

ညနေပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားကာကွယ်ရေးဝန်ကြီးက ပေကျင်းမြို့ စစ်သမိုင်းပြတိုက်တွင် တည်ခင်းဧည့်ခံသော ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ပါဝင်တက်ရောက်သည်။

စက်တင်ဘာ ၁၇ ရက်တွင် BICC ၌ ကျင်းပသော ဖိုရမ် ဒုတိယနေ့စုံညီအစည်းအဝေးသို့ တက်ရောက်ပြီး ဖွံ့ဖြိုးဆဲနိုင်ငံများ၏ စိန်ခေါ်မှုများနှင့် အခန်းကဏ္ဍ ခေါင်းစဉ်ဖြင့် ပါဝင်ဆွေးနွေးကာ တက်ရောက်လာသူများ၏ မေးမြန်းချက်များကို ပြန်လည်ဆွေးနွေး ဖြေကြားသည်။

(၁၃)ကြိမ်မြောက် ပေကျင်း ရှန်ဆန်းဖိုရမ်သို့ နိုင်ငံပေါင်း ၁၀၀ ကျော်မှ ကာကွယ်ရေးဝန်ကြီးများ၊ လုံခြုံရေးနှင့် သက်ဆိုင်သော အဆင့်မြင့် အရာရှိကြီးများနှင့် နိုင်ငံတကာ လုံခြုံရေးနှင့် ကာကွယ်ရေးဆိုင်ရာ လေ့လာသူများ ပါဝင်တက်ရောက်ကြသည်။

ခရီးစဉ်အတွင်း ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တရုတ်နိုင်ငံ ပေကျင်းမြို့ရှိ စစ်ဘက်နည်းပညာဆိုင်ရာ ကုမ္ပဏီများကိုလည်း ကြည့်ရှုလေ့လာကြသည်။

ထို့ပြင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် မြန်မာသံရုံး (ပေကျင်း)သို့ သွားရောက်၍ သံရုံးနှင့်စစ်သံရုံးတို့မှ အရာရှိ / စစ်သည်/ မိသားစုဝင်များနှင့် သင်တန်းသားများကို တွေ့ဆုံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မရမ်းကုန်းမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေးနှင့် လူငယ်ရေးရာအသိပညာပေး ဟောပြော

**မရမ်းကုန်း စက်တင်ဘာ ၂၀**

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်တွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်စာရေးဆရာအသင်းတို့ ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေးနှင့် လူငယ်ရေးရာအသိပညာပေး ဟောပြောပွဲ၊ ပြိုင်ပွဲ၊ ပြပွဲများကို အခြေခံပညာကျောင်းများတွင် ဆောင်ရွက်လျက်ရှိရာ ယမန်နေ့က အမှတ်(၃)ရပ်ကွက်ရှိ အမှတ်(၅) အခြေခံပညာအလယ်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိက "လူငယ်တွေ စာဖတ်ကြစေချင်တယ်" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ မရမ်းကုန်းမြို့နယ် စာရေးဆရာအသင်း၊ စာအုပ်စာစောင် ချစ်မြတ်နိုးသူများအသင်းဥက္ကဋ္ဌ စာရေးဆရာ မြေလတ်ထင်ကျော်မိုးက "လူကုန်ကူးခြင်းအန္တရာယ်မှ တားဆီးကာကွယ်ရေးနှင့် မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း သိမှတ်ဖွယ်ရာအဖြာဖြာ"ခေါင်းစဉ်ဖြင့် လည်းကောင်း အသိပညာပေး ဟောပြောကြသည်။

ထို့နောက် အလက(၅)မှ ကျောင်းသား ကျောင်းသူများက စာဖတ်စွမ်းရည်ပြိုင်ပွဲ၊ ပုံပြင်ပြောပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ကြရာ တာဝန်ရှိသူများက ကျောင်းသုံးဗလာစာအုပ်များ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

**မင်းသိန်းထွန်း**



❒ ကျောဖုံးမှ

စက်တင်ဘာ ၁၈ ရက် ညနေပိုင်းကလည်း ဒုတိယသမ္မတသည် နန်နင်းမြို့ မြန်မာကုန်သွယ်ရေး ကိုယ်စားလှယ်ရုံး၌ မြန်မာ-တရုတ် စီးပွားရေးလုပ်ငန်းရှင်များနှင့်တွေ့ဆုံပြီး နှစ်နိုင်ငံစီးပွားရေးလုပ်ငန်းဆိုင်ရာ ပိုမိုတိုးမြှင့်နိုင်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

**ရှင်းလင်းပြသ**

ခရီးစဉ်အတွင်း ဒုတိယသမ္မတသည် XPENG မော်တော်ယာဉ် ထုတ်လုပ်ရေးကုမ္ပဏီနှင့် GAC မော်တော်ယာဉ်ထုတ်လုပ်ရေးကုမ္ပဏီများသို့ သွားရောက်ပြီး ကုမ္ပဏီထုတ်မော်တော်ယာဉ်များနှင့် မော်တော်ယာဉ်များထုတ်လုပ်နေမှုကို ကြည့်ရှုလေ့လာရာ ကုမ္ပဏီမှ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ စတုတ္ထအကြိမ် ပါတီညီလာခံ(၂၀၂၆) အောင်မြင်စွာကျင်းပပြီးစီး

**နေပြည်တော် စက်တင်ဘာ ၂၀**

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၏ စတုတ္ထ အကြိမ် ပါတီညီလာခံ (၂၀၂၆)ကို စက်တင်ဘာ ၁၉ ရက်မှ ၂၀ ရက် အထိ နေပြည်တော်ရှိ ပါတီဌာန ချုပ် ညီလာခံခန်းမ၌ အောင်မြင်စွာ ကျင်းပပြီးစီးခဲ့သည်။



ညီလာခံဖွင့်ပွဲ အခမ်းအနားတွင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဥက္ကဋ္ဌ ဦးခင်ရီက ကိုယ်ပိုင်အကျိုးထက် ပါတီအကျိုး၊ ပါတီအကျိုးထက် နိုင်ငံအကျိုးကို ဦးစားပေး၍ ကြိုးပမ်းဆောင်ရွက် သွားရန် တိုက်တွန်းပြောကြားသည်။

ညီလာခံအတွင်း အစုအဖွဲ့များ က စုပေါင်းပြုစုထားသည့် စာတမ်း ငါးစောင်ကို ဖတ်ကြားတင်သွင်း ခဲ့ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ် အလိုက် ပါတီကော်မတီအဆင့် ဆင့် ဖွဲ့စည်းပြီးစီးမှု၊ ဖွဲ့စည်းနိုင် ခြင်းမရှိသေးသည့် ခရိုင်နှင့် မြို့နယ် ပါတီကော်မတီများ စာရင်း၊ ဗဟိုကော်မတီဝင်နှင့် အရန်ဗဟို ကော်မတီဝင်များ စာရင်းတို့ကို အတည်ပြုသည်။

ထို့ပြင် ကြီးကြပ်မှုဗဟိုကော်မတီ နှင့် ရွေးချယ်တင်မြှောက်ရေး ကော်မရှင်က ပါတီဗဟိုကော်မတီ ဥက္ကဋ္ဌအဖြစ် ဦးခင်ရီ၊ ဒုတိယဥက္ကဋ္ဌ များအဖြစ် ဦးမြတ်ဟိန်းနှင့် ဦးသောင်းအေး၊ အထွေထွေအတွင်း ရေးမှူးအဖြစ် ဦးတင်အောင်ချစ်၊ တွဲဖက်အထွေထွေအတွင်းရေးမှူး အဖြစ် ဦးအောင်စိုးနှင့် ဗဟိုအလုပ် အမှုဆောင် ၄၆ ဦးတို့ကို စိစစ် ရွေးချယ်သည်။

အခမ်းအနားသို့ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ၊ အထွေထွေအတွင်းရေးမှူး၊ ပါတီ ဗဟိုအတိုင်ပင်ခံများ၊ ဗဟိုအလုပ် အမှုဆောင်များ၊ ဗဟိုကော်မတီဝင် များ၊ အရန်ပါတီကော်မတီဝင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်ပါတီကိုယ်စားပြု ညီလာခံ ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသည့် ဧည့်သည် တော်များနှင့် သတင်းမီဒီယာများ တက်ရောက်သည်။

ညီလာခံအပြီးတွင် သတင်းစာ ရှင်းလင်းပွဲကို ဆက်လက်ကျင်းပ ရာတက်ရောက်လာသည့် သတင်း မီဒီယာများက ပါတီညီလာခံ ကျင်းပမှုနှင့်စပ်လျဉ်း၍ မေးမြန်း ချက်များအပေါ် ဗဟိုအလုပ် အမှုဆောင်အဖွဲ့ဝင်များကပြန်လည် ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရ သည်။

**သတင်းစဉ်**

✣ အိမ်မဲမြို့နယ်မှ

အရေပြားအထူးကုဆရာဝန်၊ သွားဘက်ဆိုင်ရာအထူးကုဆရာဝန်၊ လက်ထောက်ဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများ ပါဝင်သည့် အဖွဲ့က အိမ်မဲပြည်သူ့ဆေးရုံမှ အထွေထွေရောဂါအထူးကုဆရာဝန်၊ အိမ်မဲမြို့နယ် တိုက်နယ်ဆရာဝန်များနှင့် ပြည်သူ့ကျန်းမာရေးဝန်ထမ်း များ ပူးပေါင်း၍ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ကွင်းဆင်းဆေးကုသမှုတွင် အထွေထွေရောဂါလူနာ ၁၇၉ ဦး၊ မျက်စိလူနာ ၁၃၆ ဦး၊ အရိုးအကြောလူနာ ၁၈၉ ဦး၊ သွားနှင့်ခံတွင်းလူနာ ၇၇ ဦး၊ ကလေးရောဂါလူနာ ၆၂ ဦး၊ အရေပြားလူနာ ၄၁ ဦး၊ ကိုယ်အင်္ဂါ ပြန်လည်သန်စွမ်းရေးလူနာ ၃၂ ဦး၊ သားဖွားမီးယပ်လူနာ ၆၀ နှင့် ခွဲစိတ် ရောဂါလူနာ ၅၈ ဦးတို့အား စမ်းသပ်စစ်ဆေး၍ လိုအပ်သည့် ဆေးဝါး ကုသမှုများ ဆောင်ရွက်ပေးသည်။

ဆက်လက်၍ အထူးကုသမှုခံယူရန် လိုအပ်သည့် လူနာ ၁၆ ဦးအား မြောင်းမြမြို့ ပြည်သူ့ဆေးရုံကြီးသို့ ညွှန်းပို့၍ လိုအပ်သော ဆေးကုသမှု များ ဆက်လက်ခံယူနိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**အိမ်မဲ(ပြန်/ဆက်)**

## မြန်မာ့ပင်လယ်ပြင်အခြေအနေ

**နေပြည်တော် စက်တင်ဘာ ၂၀**

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင် တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၉ ပေမှ ၁၂ ပေခန့် ရှိနိုင်ပါသည်။

**မိုး/ဇလ**

✪ ပဲခူးတိုင်းဒေသကြီးမှ

ကျန်တဲ့ကြက်ခြံတွေမှာ ကြက်နဲ့ ငါးကန် တွဲဖက်ပြီး မွေးမြူမှုမရှိအောင် ကြပ်မတ် ဆောင်ရွက်နေတဲ့အပြင် ရှိခဲ့ရင်လည်း ဖျက်သိမ်းဖို့ အသိပေးထားပြီးပါပြီ။ ငါးမွေးတောင်သူနဲ့ ကြက်မွေးတောင်သူ တွေ ထဲထဲဝင်ဝင်သိရှိအောင် အသိပညာ ပေးသင်တန်း (၁၅) ကြိမ် ဆောင်ရွက်ပေး ထားပါတယ်။ ကောင်းမွန်တဲ့ကျင့်စဉ်နဲ့ မွေးမြူထုတ်လုပ်တဲ့ ရေထွက်ကုန်ကို ပြည်တွင်းစားသုံးမှုနဲ့ ပြည်ပပို့ကုန်အဖြစ် ဆက်လက်တင်ပို့နိုင်အောင် သတ်မှတ် စံနှုန်းနဲ့အညီ မွေးမြူထုတ်လုပ်သွားဖို့ မြို့နယ်အလိုက်လည်း ဟန်ချက်ညီညီ ဆောင်ရွက်နေပါတယ်” ဟု ပဲခူး တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာစုမျိုးသွယ်က ပြောသည်။



ကောင်းမွန်သောကျင့်စဉ်ဖြင့် မွေးမြူထုတ်လုပ်သည့် ပဲခူးတိုင်းဒေသကြီး ငါးမွေးကန်မှ ငါးများကို ဈေးကွက်သို့တင်ပို့ရန် ပြင်ဆင်နေစဉ်။

ငါးမွေးမြူမှုနှင့် ကြက်မွေးမြူရေးကို အဓိကလုပ်ဆောင်နေသည့် ဧရာဝတီ တိုင်းဒေသကြီး၊ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိငါးမွေးမြူရေး ကန်များအပေါ် ကြက်ခြံများဆောက်၍ ငါးနှင့် ကြက်တွဲဖက်မွေးမြူမှုကို တားမြစ် ထားပြီး နေပြည်တော်၊စစ်ကိုင်းတိုင်းဒေသ ကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ကချင်ပြည်နယ်၊ ရခိုင် ပြည်နယ်နှင့် ကယားပြည်နယ်တို့ရှိ ငါးမွေးမြူရေးလုပ်ငန်းတည်ရှိရာ ဒေသများ တွင်လည်း ထိုသို့မွေးမြူထုတ်လုပ်ခြင်း မပြုရန် တားမြစ်ထားကြောင်း ငါးလုပ်ငန်း ဦးစီးဌာနမှ သိရသည်။

ငါးမွေးမြူရေးကန်များအတွင်း ကြက် ခြံများ တည်ဆောက်၍ တွဲဖက်မွေးမြူမှု မပြုရန်၊ အခြားတိရစ္ဆာန်များနှင့်လည်း တွဲဖက်မွေးမြူခြင်း မပြုရန်၊ ငါးကန်ပေါ်၌ ကြက်ခြံအသစ်များ တည်ဆောက်ခြင်း မပြုရန်နှင့် တည်ရှိပြီးသည့် ကြက်ခြံ အဟောင်းများကိုလည်း ပြန်လည်ပြုပြင် ခြင်းမပြုရန် အသိပေးထားပြီး ငါးမွေး တောင်သူများ မွေးမြူရေးလုပ်ငန်း အဆင်ပြေချောမွေ့စေရန်နှင့် ကောင်းမွန် သောကျင့်စဉ်နှင့်အညီ မွေးမြူထုတ်လုပ် နိုင်ရန် သက်ဆိုင်ရာ ဒေသအလိုက် ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူများက ကူညီဆောင်ရွက်ပေးလျက် ရှိကြောင်း သိရသည်။

ပဲခူးတိုင်းဒေသကြီးအတွင်း မွေးမြူ ရေးလုပ်ငန်း၊ အင်းလုပ်ငန်းနှင့် ဘုံငါးဖမ်း လုပ်ငန်းတို့မှ နှစ်စဉ်ရေထွက်ကုန်များ မွေးမြူထုတ်လုပ်လျက်ရှိရာ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်၌ ရေထွက်ကုန်ပိဿာချိန် ထောင်ပေါင်း ၃၀၆၄၆၆ ဒသမ ၄၇၈ ထုတ်လုပ်ရန် ရည်မှန်းဆောင်ရွက်လျက် ရှိသည်။

ပြည်ပသို့ ရေချိုငါးများတင်ပို့ရာတွင် အကောင်းဆုံး ငါးမွေးမြူရေးကျင့်စဉ် (Best Aquaculture Practices – BAP) နှင့် သန့်ရှင်းကောင်းမွန်သော (Good Aquaculture Practices GAqP) ကျင့်စဉ် တို့မှ မွေးမြူထုတ်လုပ်သည့် ရေထွက်ကုန် များကို ပြည်ပပို့ကုန်အဖြစ် တင်ပို့လျက် ရှိပြီး သန့်ရှင်းလတ်ဆတ်မှုနှင့် အရည် အသွေးကောင်းမွန်မှုကြောင့် ခိုင်မာသော ဈေးကွက်ရရှိထားကြောင်း သိရသည်။

**သစ္စာ(MNA)၊ ဓာတ်ပုံ – ဇွဲမာန်**

✦ လေဖိအားနည်းရပ်ဝန်းမှ

**နောက် ၇၂ နာရီအတွင်းခန့်မှန်းချက်**

အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် အနောက် –အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး နောက် ၂၄ နာရီအတွင်း ပိုမိုအားကောင်းလာကာ ဘင်္ဂလား ပင်လယ်အော်အရှေ့အလယ်ပိုင်းတွင် မုန်တိုင်းငယ် အဖြစ်သို့ လည်းကောင်း၊ နောက် ၄၈ နာရီအတွင်း ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတွင် အားကောင်းသော မုန်တိုင်းငယ်အဖြစ်သို့ လည်းကောင်း ရောက်ရှိနိုင်ပြီး အနောက် – အနောက် မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ကာ နောက် ၇၂ နာရီအတွင်း ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက် ရှိသော ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်း (အိန္ဒိယနိုင်ငံ၊ ဩရိဿပြည်နယ် တောင်ပိုင်း– အင်ဒရာပရာဒေ့ရှ် မြောက်ပိုင်းကမ်းခြေ)တို့သို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

**သတိပေးနှိုးဆော်ချက်**

လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့် ယနေ့ ညနေမှ စက်တင်ဘာ ၂၄ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယား ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန် ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်း တိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန် ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန် ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင် အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင် တို့တွင် ၉ ပေမှ ၁၂ ပေခန့် ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ လေဖိအားနည်းရပ်ဝန်း၏ အရှိန် ကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင် ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ရန် နှင့် ပြည်တွင်းလေကြောင်း ပျံသန်းရေး၊ မြန်မာ့ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင် တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘော များအနေဖြင့်လည်း ကြိုတင်သတိပြုရှောင်ရှားနိုင် ရန် အသိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

■

# မျိုးဂုဏ်မြင့်သော ဆို၊ က၊ ရေး၊ တီး ပြိုင်ပွဲကြီး

**အမျိုးသားစာပေဆုရ၊ အလင်္ကာကျော်စွာ ရွှေကူနန်းနွဲ့နွဲ့**

ဆို၊ က၊ ရေး၊ တီး ပြိုင်ပွဲကြီး
မငြီးဆက်ချီလာ။
နှစ်ဆယ့်ခုနစ်ကြိမ်
ရောက်သည့်ချိန်
မမှိန်ရောင်လက်စွာ။
အကြိမ်များစွာ၊ နွဲ့ဦးမှာ
မြန်မာပြည်မို့သာ။
မျိုးဆက်သစ်တွေ
လက်ဆင့်ဝေ
မသွေတို့ဝန်တာ။ ။

(၂၇)ကြိမ်ထိ ချီတက်လာသော မြန်မာကို ကမ္ဘာကသိစေသည့် ဤ ဆို၊ က၊ ရေး၊ တီးပြိုင်ပွဲကြီး နီးလာပေပြီ။

၁၃-၈-၂၀၂၆ ရက်နေ့တွင် နေပြည်တော်ရှိ ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၌ ကျင်းပပြုလုပ်သော ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီအစည်းအဝေးသို့ စာရေးသူ တက်ရောက်ခဲ့ပါသည်။ အောက်တိုဘာလလယ်တွင် ကျင်းပမည့် ပြိုင်ပွဲကြီးကို အောင်အောင်မြင်မြင် ကျင်းပပြီးမြောက်စေရေး ကော်မတီပေါင်းများစွာဖြင့် ဖွဲ့စည်းဆောင်ရွက်ကြရမည်ဖြစ်ရာ -

(က) လုံခြုံရေးဆပ်ကော်မတီ၊
(ခ) ပြိုင်ပွဲကျင်းပရေး၊ အခမ်းအနားပြင်ဆင်ရေး၊ အကဲဖြတ်အမှတ်ပေးကြီးကြပ်ရေး ဆပ်ကော်မတီ၊
(ဂ) ပြိုင်ပွဲဝင်စိစစ်ရေးဆပ်ကော်မတီ၊
(ဃ) ဖိတ်ကြားရေးနှင့် ပို့ဆောင်ဆက်သွယ်ရေးဆပ်ကော်မတီ၊
(င) ဧည့်ခံကျွေးမွေးရေး၊ ကြိုဆိုရေးနှင့် ဂုဏ်ပြုညစာစားပွဲကျင်းပရေး ဆပ်ကော်မတီ၊
(စ) ဘဏ္ဍာငွေရှာဖွေရေးနှင့် ဆုချီးမြှင့်ရေးအခမ်းအနားများကျင်းပရေးဆပ်ကော်မတီ၊
(ဆ) ပြန်ကြားရေး၊ သတင်းထုတ်ပြန်ရေးနှင့် လွှင့်ဆော်ရေး ဆပ်ကော်မတီ၊
(ဇ) ကျန်းမာရေးဆပ်ကော်မတီ၊
(ဈ) လုပ်ငန်းစစ်ဆေးရေးဆပ်ကော်မတီ၊
(ည) တည်းခိုမည့်နေရာ အုပ်ချုပ်ရေးဆပ်ကော်မတီ၊

ဆပ်ကော်မတီ ၁၀ ရပ်ဖြင့် ထောင့်စေ့အောင် စီမံထားသည်ကို ဖြတ်သန်းခဲ့သော အတွေ့အကြုံများနှင့် ပေါင်းစပ်ဆောင်ရွက်ကြရပါမည်။ ဆပ်ကော်မတီတစ်ခုချင်း ဆွေးနွေးကြသည်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၄ ခုမှ အစိုးရအဖွဲ့ကိုယ်စားလှယ်များ၊ လူမှုရေးရာဝန်ကြီးများ၊ သက်ဆိုင်ရာ ဆက်စပ်ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ အကဲဖြတ်အမှတ်ပေးဒိုင် အဖွဲ့ခေါင်းဆောင်များဖြင့် စုံစေ့အောင် ဆွေးနွေးကြပါသည်။

နိုင်ငံတော်၏ အမျိုးသားရေးလိုအပ်ချက်များတွင် အရေးကြီးကဏ္ဍမှပါဝင်သော ဤယဉ်ကျေးမှုဆိုင်ရာပွဲတော်ကြီးကို ကြီးလေးသောတာဝန်များ ကိုယ်စီကိုယ်င ခွဲဝေထမ်းဆောင်ကြရန် တာဝန်ခံကြရပါသည်။

သမိုင်းကြောင်းရှည်လျားခဲ့သော မြန်မာနိုင်ငံတွင် ခေတ်အဆက်ဆက် တီထွင်ဖန်တီးခဲ့သော "မြန်မာစာပေ"ဖြင့် မှတ်တမ်းပြုခဲ့သည့် ယဉ်ကျေးမှုအခြင်းအရာများ ကြွယ်ဝသော မြန်မာနိုင်ငံတွင် (ဝါ၊ ဂီ၊ နစ်)ဟူသော အဆို၊ အက၊ အရေး၊ အတီးပညာရပ်များ တဖြည်းဖြည်း ထွန်းကားတိုးတက်ပွားများလာသည်မှာ ဂုဏ်ယူဖွယ်ပင်ဖြစ်ပါသည်။

**အဆိုဘာသာရပ်**သည် တေးသီချင်းအမျိုးမျိုး သီဆိုတတ်ရန် သင်ကြားလေ့ကျင့်ကြရပါသည်။ ထိုအခါ အဆိုပညာကို စနစ်တကျ သင်ကြားရပြီး မြန်မာသံစစ်စစ် သီချင်းကြီးခေါ် "မဟာဂီတ"၏ အရေးပါမှုကို သိသင့်ကြပါသည်။

"ကြေး၊ ကြိုး၊ သားရေ၊ လေ၊ လက်ခုပ်" ဟူသော မြန်မာ့တူရိယာစစ်စစ်များဖြင့် တွဲဖက်တီထွင်ရေးသားတီးမှုတ်သီဆိုခဲ့ကြ၍ နှစ်ပရိစ္ဆေဒ ကြာမြင့်စွာ တည်ရှိထွန်းကားခဲ့သည်မှာ သီချင်းအမျိုးအစားအားဖြင့် ကြိုး၊ ဘွဲ့၊ သီချင်းခံ၊ ပတ်ပျိုး၊ ယိုးဒယား၊ မွန်၊ ထားဝယ်၊ ရခိုင်တေးများ။

တိုင်းရင်းသားတိုင်း၏ ရိုးရာတေးများ မှတ်တမ်းပြုထားသည်ကို လေ့လာတွေ့ရှိရပါသည်။ ပွဲလမ်းသဘင်အမျိုးမျိုးအတွက် ပျော်ရွှင်ဖွယ်၊ လွမ်းဆွတ်ဖွယ်၊ တက်ကြွဖွယ်၊ ဝမ်းနည်းဖွယ်ရေးဖွဲ့ခဲ့ကြသည်မှာ လူ့လောက လူ့သဘာဝကို မှတ်တမ်းပြုခြင်းပင် ဖြစ်ပါသည်။

ခေတ်စနစ်ပြောင်း၍ သီပေါမင်းပါတော်မူပြီးနောက် ပေါ်ပေါက်လာသော ခေတ်ဟောင်းတေးများ၊ ကမ္ဘာကြီးနှင့် ဝင်ဆံ့လာသော ခေတ်သစ်ကာလပေါ်တေးများ၊ မျက်မှောက်ကာလ လူငယ်ကြိုက်တေးများဟု သူ့အမိပ္ပာယ်နှင့်သူ၊ သူ့ "ရသ"နှင့်သူ ပေါ်ပေါက်ခဲ့သည့်တေးများယှဉ်ပြိုင်ရန် အဆိုဘာသာရပ်တွင် ကဏ္ဍသုံးခုသတ်မှတ်ရာ-

> သမိုင်းကြောင်းရှည်လျားခဲ့သော မြန်မာနိုင်ငံတွင် ခေတ်အဆက်ဆက် တီထွင်ဖန်တီးခဲ့သော "မြန်မာစာပေ"ဖြင့် မှတ်တမ်းပြုခဲ့သည့် ယဉ်ကျေးမှုအခြင်းအရာများ ကြွယ်ဝသော မြန်မာနိုင်ငံတွင် (ဝါ၊ ဂီ၊ နစ်) ဟူသော အဆို၊ အက၊ အရေး၊ အတီးပညာရပ်များ တဖြည်းဖြည်း ထွန်းကားတိုးတက်ပွားများလာသည်မှာ ဂုဏ်ယူဖွယ်ပင်ဖြစ်

(က) မဟာဂီတတေးများ၊
(ခ) ခေတ်ဟောင်းကာလပေါ်တေးများ၊
(ဂ) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးတေးများ။

သတ်မှတ်တေးသီချင်း စုစုပေါင်း ၁၀၇ ပုဒ် ရှိသည်။ အထူးသိရန်မှာ မြန်မာ့မဟာဂီတ တေးအမျိုးအစားတွင် ယှဉ်ပြိုင်သူများကိုယ်တိုင် စည်းဝါးတီးရန်၊ မြန်မာ့မူပိုင် တူရိယာတစ်မျိုးမျိုး (စောင်း၊ ပတ္တလား၊ ဆိုင်း)ဖြင့် ယှဉ်ပြိုင်ရန် (စန္ဒရားခွင့်ပြုပါသည်။)

ခေတ်ဟောင်းကာလပေါ်နှင့် အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးတေးများတွင် စည်းဝါးကိုယ်တိုင်တီးခြင်း ကင်းလွတ်ခွင့်နှင့် ခေတ်အလိုက်တူရိယာများ တီးခတ်ခွင့်ရှိပါသည်။

**အတီးဘာသာရပ်**တွင် တူရိယာများ များပြားပါသည်။ ဆိုင်း၊ စောင်း၊ ပတ္တလား၊ တယော၊ မယ်ဒလင်၊ ဂီတာ၊ ဒုံမင်း၊ နှဲ၊ ပလွေ၊ အိုးစည်၊ ဒိုးပတ်တူရိယာများကို တစ်ဦးချင်း ဆိုင်း၊ အဖွဲ့လိုက်ဆိုင်းစသည်ဖြင့် သတ်မှတ်အဆင့်များရှိပါသည်။

အတီးဘာသာရပ် ယှဉ်ပြိုင်ရန်လည်း တေးသီချင်းများ၊ စံတီးလုံးများ သတ်မှတ်ပေးပါသည်။ ထိုဘာသာရပ်တွင်လည်း "မဟာဂီတ" တေးများ မဖြစ်မနေပါဝင်ရန် ပြဋ္ဌာန်းသတ်မှတ်ပါသည်။ ထူးခြားချက်မှာ အဆိုရှင်တစ်ဦးက အတီးကို ပံ့ပိုးသီဆိုပေးခွင့်ရှိပါသည်။

**အရေးဘာသာရပ်**တွင် ခေါင်းစဉ်ပေး၍ တေးသီချင်းကို ရေးသားစေပြီး သံစဉ် "Note" ကို ဆရာများ၊ ဒိုင်လူကြီးများ ကူညီပေးခွင့်ရှိပါသည်။ တေးသီချင်းစာသားရေးပြီးနောက် သံစဉ်ထည့်သွင်းတီးမှုတ်သီဆိုလေ့ကျင့်ပြီးမှ အချောသပ်ယှဉ်ပြိုင်ရပေရာ လူငယ်များ အထူးစိတ်ဝင်စား ယှဉ်ပြိုင်ကြပါသည်။

**အကဘာသာရပ်**တွင် အမျိုးသား၊ အမျိုးသမီး၊ အကတီးလုံးများဖြင့် လေ့ကျင့်ပြီး ယှဉ်ပြိုင်ရပါသည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်မှ လူငယ်များ မြန်မာမင်းသား၊ မင်းသမီးဝတ်စုံပြည့်ဖြင့် ပျော်ရွှင်တက်ကြွစွာ ယှဉ်ပြိုင်ကြသည်မှာ အားရဖွယ်ဖြစ်ပါသည်။ အကဘာသာရပ်တွင် တိုးချဲ့နိုင်ခဲ့သည်မှာ ကဗျာလွတ်အက(အခြေခံပညာကျောင်းများ)။

**တိုင်းရင်းသားရိုးရာအက**များ ထည့်သွင်းကျင်းပပေးနိုင်ခြင်းမှာ ချစ်ခင်ရင်းနှီးမှု၊ တိုင်းရင်းသားအချင်းချင်း လေးစားဂုဏ်ယူတတ်မှု၊ တိုင်းရင်းသားအားလုံးတို့ ယဉ်ကျေးမှု ကူးလူးဆက်ဆံလာမှုတို့ကို အကျိုးတရားများအဖြစ် ကြည်နူးရပါသည်။ တိုင်းရင်းသားအကများ တစ်နှစ်တစ်မျိုး အလှည့်ကျသတ်မှတ်ပေးရာ တိုင်းရင်းသားတို့၏ တူရိယာများ တီးခတ်မှုစနစ်များ ခံစားရရှိနိုင်သည့် ရသများကို လက်တွေ့ရရှိနိုင်ပါသည်။ ယခုနှစ် "ကချင်ရိုးရာ"အကဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များ ယှဉ်ပြိုင်ကြရပါမည်။ အကျီမှ ငွေမောင်းငွေခွက်လေးများ တချွင်ချွင်မြည်လျက် မြူးမြူးကြွကြွ မြင်ကြရပါဦးမည်။

**ဇာတ်တော်ကြီး** ယှဉ်ပြိုင်မှုမှာ အကြီးဆုံးပွဲကြီးဟု ဆိုရပါမည်။ အများအားဖြင့် ဇာတ်ကြီးဆယ်ဘွဲ့မှ တစ်မျိုးမျိုးကို အဖွဲ့ဝင်အင်အား ၃၇ ဦးမျှဖြင့် သုံးနာရီစာဇာတ်ကြီးကို ပြည့်စုံစွာ ပသာဒရှိရှိ ယှဉ်ပြိုင်ရပေရာ ယခုနှစ် **"ဝိဓူရ"**ဟု သိရပါသည်။ ရာမာယဏဇာတ်ကြီးကို ရှေ့နှစ်များက ယှဉ်ပြိုင်ခဲ့ကြပြီးပါပြီ။

**ရုပ်သေးပြိုင်ပွဲ**မှာလည်း ကြိုးဆွဲပညာ မတိမ်ကောမပပျောက်ရန် အထူးကြိုးပမ်းအားထုတ်ထားကြပါသည်။ ရုပ်သေးဇာတ်တော်ကြီးကိုလည်း **"သုဝဏ္ဏသာမ"** ဖြင့် ယှဉ်ပြိုင်မည်ဟု သိရပါသည်။ ကြိုးဆွဲဆရာများ၊ **ဆိုင်ပြောပညာရှင်**များဖြင့် မြန်မာ့ရုပ်သေးပညာရပ် ရှင်သန်ပြန့်ပွားရေးကို ကြိုးပမ်းထားကြပါသည်။

**ကွက်စိပ်ပြိုင်ပွဲ**။ "ဝစနာလင်္ကာရ" နှုတ်မှုကျွမ်းကျင်ရေး ပညာရပ်ကိုလည်း တိမ်ကောပပျောက်မည့်အန္တရာယ်မှ တတ်အားသရွေ့ကာကွယ်ထိန်းသိမ်းထားရန် ဤကွက်စိပ်ပြိုင်ပွဲကို ထည့်သွင်းကျင်းပပေးသည်မှာ အထူးဝမ်းမြောက်ရပါသည်။ ကွက်စိပ်ပြိုင်ပွဲတွင် နှုတ်မှုစွမ်းရည်၊ အသံ၊ အဆို၊ အပြော၊ အဟိန်းအဟောက်၊ ဟာသ၊ အလွမ်းစသည်ဖြင့် သတ်မှတ်ပေးသော ဇာတ်သွားအရ ဇာတ်မင်းသားငယ်တစ်ဦးကဲ့သို့လည်းကောင်း၊ မင်းသားလတ်၊ လူရွှင်တော်၊ မင်းသားကြီးတစ်ဦးကဲ့သို့လည်းကောင်း၊ ဇာတ်ထုပ်ပါ ဇာတ်ရုပ်အလိုက် ကျား၊ မ၊ ဘီလူး၊ ဘုရင်၊ ဝန် စသည်ဖြင့် တစ်ဦးတည်းက အသံအမျိုးမျိုး၊ ဟန်ထားအမျိုးမျိုးဖြင့် ပြောဆိုသီကျူးသွားသည်မှာ နားဆင်မဝအောင် ကောင်းမွန်ကြပါသည်။

ဤတွင် ယင်းကွက်စိပ်အတွက် ဇာတ်ညွှန်းအရ တေးသွားများကို ဆိုင်းဝိုင်းကြီးပံ့ပိုးမှုဖြင့် မပျင်းရအောင်၊ ပျော်လာအောင်၊ လွမ်းလာအောင် ဟန်ပန်လေသံများ အထူးကျွမ်းကျင်ရပါသည်။ ထို့ကြောင့် ကွက်စိပ်ဘာသာရပ်သည်လည်း ထိန်းသိမ်းဖြန့်ဝေပြန့်ပွားစေသင့်သည့်ပညာရပ်ဖြစ်၍ ပြိုင်ပွဲတွင် ပါဝင်သင့်သည့်ဘာသာရပ်ဖြစ်ပါသည်။

ခြုံ၍ဆိုရလျှင် အဆင့်ငါးဆင့်ဖြင့် ဘာသာရပ်တိုင်း မြန်မာ့ယဉ်ကျေးမှု၏ သရုပ်သကန် အနှစ်သာရများဖြစ်၍ လူငယ်၊ လူကြီးသင်ယူယှဉ်ပြိုင်ရင်း မိမိတို့ရိုးရာကို ကိုယ်စီထိန်းသိမ်းသောအားဖြင့် နှစ်သက်ရာယှဉ်ပြိုင်ကြရန် အားပေးရေးသားရပါသည်။ နိုင်ငံတော်၏ ငွေကြေးအမြောက်အမြား ကုန်ကျခံ၍ " လူ၊ ငွေ၊ ပညာ"များ ရင်းနှီးမြှုပ်နှံလျက် နှစ်စဉ်ကျင်းပနေခြင်းမှာ အမျိုးသားယဉ်ကျေးမှုများ မပျောက်ပျက်စေလိုသည့် မွန်မြတ်သော ရည်ရွယ်ချက်ကြောင့်ပါဟု ဆိုပါရစေ။

ပြိုင်ပွဲကြီးအား ကြိုဆိုလျက်။



(၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၂၀ ရက်က စစ်တွေမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြရာ ရခိုင်ပြည်နယ်ရဲတပ်ဖွဲ့မှူးနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကြစဉ်။
ခရိုင်(ပြန်/ဆက်)

(၆၂)နှစ်မြောက်မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၂၀ ရက်က ရန်ကုန်အရှေ့ပိုင်းဆေးရုံ(ဂန္ဓီ)အတွင်း၌ ဗိုလ်တထောင်ခရိုင် ရဲတပ်ဖွဲ့မှူး ဦးဆောင်၍ တပ်ဖွဲ့ဝင်များက စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။
ခင်ဝင်း(ပြန်/ဆက်)



# ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများ တက္ကသိုလ်ဝင်ခွင့်လျှောက်ထားရန် ကြေညာချက်

၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများသည် တက္ကသိုလ်ဝင်ခွင့် လျှောက်ထားနိုင်ရန်အတွက် မိမိတို့စာမေးပွဲဖြေဆိုခဲ့သော စာစစ်ဌာနကြီးကြပ်ရေးမှူးများ (အခြေခံပညာအထက်တန်းကျောင်းအုပ်ကြီးများ) ထံတွင် အမှတ်စာရင်း၊ အရည်အချင်းမှတ်တမ်းချုပ်ရမှတ်အဆင့်၊ တက္ကသိုလ်ဝင်ခွင့်လမ်းညွှန်စာအုပ်နှင့် တက္ကသိုလ်ဝင်ခွင့်လျှောက်ထားရမည့်ပုံစံစာအိတ်ကို စက်တင်ဘာလ (၂၈)ရက် (တနင်္လာနေ့)မှစ၍ ကိုယ်တိုင်ထုတ်ယူကြရန်ဖြစ်ပါသည်။ အဆိုပါတက္ကသိုလ်ဝင်ခွင့် လျှောက်လွှာအိတ်ကို စက်တင်ဘာလ (၂၈)ရက်မှ အောက်တိုဘာလ(၁၆)ရက်နေ့အထိ စနေနေ့၊ တနင်္ဂနွေနေ့နှင့် ရုံးပိတ်ရက်များအပါအဝင် (ပိတ်ရက်မရှိ) အောက်ပါ တက္ကသိုလ်များတွင် လက်ခံမည်ဖြစ်ပါသည်-

(၁) မြစ်ကြီးနားတက္ကသိုလ်
(၂) လွိုင်ကော်တက္ကသိုလ်
(၃) ဘားအံတက္ကသိုလ်
(၄) ဟားခါးတက္ကသိုလ်
(၅) မုံရွာတက္ကသိုလ်
(၆) ရွှေဘိုတက္ကသိုလ်
(၇) စစ်ကိုင်းတက္ကသိုလ်
(၈) ထားဝယ်တက္ကသိုလ်
(၉) တောင်ငူတက္ကသိုလ်
(၁၀) ပြည်တက္ကသိုလ်
(၁၁) ပဲခူးတက္ကသိုလ်
(၁၂) မကွေးတက္ကသိုလ်
(၁၃) ပခုက္ကူတက္ကသိုလ်
(၁၄) မန္တလေးအဝေးသင်တက္ကသိုလ်
(၁၅) မိတ္ထီလာတက္ကသိုလ်
(၁၆) ကျောက်ဆည်တက္ကသိုလ်
(၁၇) မော်လမြိုင်တက္ကသိုလ်
(၁၈) စစ်တွေတက္ကသိုလ်
(၁၉) ရန်ကုန်အဝေးသင်တက္ကသိုလ်
(၂၀) တောင်ကြီးတက္ကသိုလ်
(၂၁) ကျိုင်းတုံတက္ကသိုလ်
(၂၂) လားရှိုးတက္ကသိုလ်
(၂၃) ပုသိမ်တက္ကသိုလ်
(၂၄) ဟင်္သာတတက္ကသိုလ်
(၂၅) မအူပင်တက္ကသိုလ်

သတ်မှတ်ရက်ကျော်လွန်မှ လျှောက်ထားသူများသည် အဆင့်မြင့်ပညာဦးစီးဌာန (ရန်ကုန်ရုံးခွဲ)၊ သထုံလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့သို့ ပေးပို့လျှောက်ထားရမည်။

အသေးစိတ်သိရှိလိုပါက အဆင့်မြင့်ပညာဦးစီးဌာန(ရန်ကုန်ရုံးခွဲ)၊ သထုံလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့ ဖုန်း- ၀၁၇-၅၀၃၁၄၇ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။



## ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှု

ဆီဆိုင် စက်တင်ဘာ ၂၀

ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို စက်တင်ဘာ ၁၉ ရက်တွင် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်သည့်နေရာများ၌ ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ)နှင့် တာဝန်ရှိသူများက ဆီဆိုင်မြို့နယ် ကုန်းဆွတ်-လာဇရှုး-တောင်သာ-တရောက်-ဖာလိုင် လမ်းပေါ်ရှိ ပေ ၂၀၀ သံကူကွန်ကရစ်တံတား (ဒုတိယပိုင်း) တည်ဆောက်နေမှု၊ ဆမ်ဆိုင်-နားကောင်း-နောင်ပွဲ-ကွန်ပိန်း-ဟိုလိုင်း-ဆိုင်လဲလမ်း ကတ္တရာလမ်း ဆောင်ရွက်နေမှု၊ ဘန်းယဉ်-နောင်ခွန်-နားယိန်း လမ်းပေါ်ရှိ ပေ ၄၀ သံကူကွန်ကရစ်တံတား (ပထမပိုင်း) တည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ဖလမ်းမြို့ နေရပ်ပြန်ပြည်သူများအတွက် ကြိုဆိုဂုဏ်ပြုဖျော်ဖြေပွဲ ကျင်းပ

ဖလမ်း စက်တင်ဘာ ၂၀

ချင်းပြည်နယ် ဖလမ်းမြို့ရှိ နေရပ်ပြန်ပြည်သူများ အတွက် ကြိုဆိုဂုဏ်ပြုဖျော်ဖြေပွဲကို ယမန်နေ့ မွန်းလွဲပိုင်းတွင် ဖလမ်းမြို့ ကျင်မွာလ်ရပ်ကွက်ရှိ မိုးလုံလေလုံအားကစားရုံ၌ ကျင်းပသည်။



ဖျော်ဖြေပွဲတွင် နိုင်ငံကျော်တေးသံရှင် ထူးအယ်လင်းနှင့် ဒေသခံ အဆိုရှင်များက တေးသီချင်းများဖြင့် လည်းကောင်း၊ ဇာဟောင်ယဉ်ကျေးမှု လူငယ်များက ဝါးညှပ်အက၊ ဇာန်ညက်ယဉ်ကျေးမှု အဖွဲ့က ဇာန်ညက်ရိုးရာ ကောက်သစ်စားဒေါင်းပွဲအက၊ လိုင်လွန်ဆွန်ထလာရွာသားများက အမဲလိုက်အောင်ပွဲခံ အကများဖြင့်လည်းကောင်း၊ ကျောင်းသူများက ခေတ်ပေါ်အကများဖြင့် လည်းကောင်း သီဆိုကပြဖျော်ဖြေကြရာ ဖျော်ဖြေပွဲသို့ ဖလမ်းမြို့ပေါ်နှင့် အနီးအနားကျေးရွာများမှ ဒေသခံပြည်သူအများအပြား ပျော်ရွှင်စွာ လာရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

အဆိုပါဖျော်ဖြေပွဲတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန့်ဇော်လွင်က ဖလမ်းတစ်မြို့နယ်လုံး လူဦးရေ၏ ၇၉ ဒသမ ၇၁ ရာခိုင်နှုန်း နေရပ်ပြန်လာကြပြီဖြစ်ကြောင်း၊ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး ကော်မတီဝင်များသည် ဖလမ်းမြို့တွင် အခြေချကာ တီးတိန်မြို့၊ တွန်းဇံမြို့နှင့် ဖလမ်းမြို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်နေကြသည်ကို အားလုံးအသိဖြစ်ပါကြောင်း၊ "တိုင်းပြည်တည်ငြိမ်အေးချမ်းမှု ရရှိရေးနှင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှုရရှိရေး" ဆိုသည့် ခေါင်းစဉ်ဖြင့် နိုင်ငံတော်သမ္မတကြီး ကိုယ်တိုင်မူဝါဒချမှတ်၍ တိုင်းပြည်အေးချမ်းသာယာအောင် ဆောင်ရွက်နေကြောင်း ပြောကြားသည်။

အဆိုပါ ဖျော်ဖြေပွဲကို ဒုတိယဝန်ကြီးဦးဆောင်သည့် ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးကော်မတီဝင်များ၊ ချင်းပြည်နယ်အစိုးရအဖွဲ့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဖလမ်းမြို့ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းကော်မတီဝင်များ၊ ရပ်မိရပ်ဖများနှင့် ဖလမ်းမြို့ ဒေသခံလူငယ်များ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပြီး နေရပ်ပြန်ကာလ လေးလအတွင်း ယခုကဲ့သို့ ဖျော်ဖြေရေးအစီအစဉ်အား အောင်မြင်စွာ ကျင်းပနိုင်ခြင်းသည် နယ်မြေလုံခြုံမှုရှိခြင်းကို ပြသနေကာ နေရပ်ပြန်ပြည်သူများ၏ စိတ်လုံခြုံမှုလည်း များစွာရရှိစေကြောင်း သိရသည်။

နံနက်ပိုင်းကလည်း ဒုတိယဝန်ကြီးသည် ဖလမ်းမြို့ မြို့အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာလှပရေးဌာနဆိုင်ရာများ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးပြီး မုန့်များပေးဝေခဲ့ကြောင်း သိရသည်။

သတင်းစဉ်



## လူသုံးကုန်ထုတ်လုပ်မှု သင်တန်းဆင်းပွဲ ကျင်းပ

ကျောက်ဆည် စက်တင်ဘာ ၂၀

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနကဖွင့်လှစ်သော လူသုံးကုန်ထုတ်လုပ်မှု သင်တန်းဆင်းပွဲကို ယနေ့နံနက်ပိုင်းတွင် ကျောက်ဆည်မြို့ အောင်မင်္ဂလာဘုရားဓမ္မာရုံ၌ ပြုလုပ်သည်။

ဦးစွာ ကျောက်ဆည်ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက အမှာစကားပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များနှင့် ထုတ်ကုန်ပစ္စည်းများ ပေးအပ်သည်။

အဆိုပါသင်တန်းတွင် ဘက်စုံသုံးဆပ်ပြာဆီ၊ ပန်းကန်ဆေးဆပ်ပြာဆီ၊ အဝတ်လျှော်ဆပ်ပြာဆီ၊ ရေချိုးဆပ်ပြာ၊ ခေါင်းလျှော်ရည်၊ ဆပ်ပြာခရင်မ်၊ မျက်နှာသစ်ဆပ်ပြာ ပြုလုပ်နည်းများကို စာတွေ့လက်တွေ့ သင်ကြားပေးခဲ့ကြောင်း သိရသည်။ သက်မောင်(ကျောက်ဆည်)

## တွံတေးမြို့နယ် အိုင်ကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ လွှဲပြောင်းပေးအပ်




တွံတေး စက်တင်ဘာ ၂၀

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွင်း မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မည့် အိုင်ကြီးကျေးရွာသို့ စီမံကိန်းရန်ပုံငွေကျပ် သိန်း ၃၀၀ လွှဲပြောင်းပေးအပ်ပွဲကို ယမန်နေ့နံနက်ပိုင်းတွင် အဆိုပါကျေးရွာ၌ ကျင်းပသည်။

ဦးစွာ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးခန့်ဇော်က အမှာစကားပြောကြားပြီး တွံတေးခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူးက အိုင်ကြီးကျေးရွာ၌ ကျေးလက်ဦးစီးဌာနက ဆောင်ရွက်သည့် ဖွံ့ဖြိုးရေးဆိုင်ရာ အချက်အလက်များနှင့် မြစိမ်းရောင်စီမံကိန်းရန်ပုံငွေ လွှဲပြောင်းပေးအပ်ပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အမြဲတမ်းအတွင်းဝန်က မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မည့် အိုင်ကြီးကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံသို့ စီမံကိန်းရန်ပုံငွေကျပ် သိန်း ၃၀၀ လွှဲပြောင်းပေးအပ်ရာ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက လက်ခံရယူခဲ့ကြောင်း သိရသည်။

မျိုးလှိုင် (တွံတေး)

# ညောင်တုန်းကျွန်းတာ ရေတိုက်စားမှုကာကွယ်ရေးလုပ်ငန်းများ အချိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိ



နေပြည်တော် စက်တင်ဘာ ၂၀

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ညောင်တုန်းမြို့နယ်၌ ဩဂုတ်လကုန်မှ စက်တင်ဘာလ တတိယပတ်အတွင်း ဖြစ်ပေါ်ခဲ့သော တိုးမြစ်မြစ်ကမ်းပြိုခြင်း၊ ရေတိုက်စားမှုများဖြစ်ပေါ်ခဲ့သော ညောင်တုန်းကျွန်းတာတာမိုင် (၁၁/၅) မှ (၁၁/၇) အတွင်းနှင့် တာမိုင် (၁၂/၂) မှ (၁၂/၃)အတွင်း နေရာများတွင် တုတ်တန်းရိုက်သဲအိတ်ဖြည့်ခြင်း၊ သဲအိတ်ဖြည့် တာခြေထောက်ခြင်းနှင့် ယာယီပန်းတာတည်ဆောက်ခြင်းလုပ်ငန်းများကို ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက လူအင်အား၊စက်ယန္တရားများဖြင့် ဆောင်ရွက်လျက်ရှိသည်။

အဆိုပါလုပ်ငန်းများ ဆောင်ရွက်နေမှုကို ယမန်နေ့ မွန်းလွဲပိုင်းတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်သည် တာဝန်ရှိသူများနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးပြီး နည်းပညာရပ်ပိုင်းဆိုင်ရာ လိုအပ်ချက်များကိုဆွေးနွေးမှာကြားသည်။

ထို့အတူ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် သံမဏိကြိုးဆိုင်း ရေကာဆောင်ရွက်မှု၊ Floating Unit ပြုလုပ်ခြင်းလုပ်ငန်း၊ Geotextile အစများဖြင့် ကမ်းပြိုကာကွယ်ထားရှိမှု၊ ရေနက်ပိုင်း ရေစီးနှုန်းနှင့် ရေဦးထိုးမှုလျော့ကျစေရန် ဝါးသုံးချောင်းထောက် သဲအိတ်ဆွဲခြင်းနှင့် သောင်းတူးခြင်းလုပ်ငန်းဆောင်ရွက်နေမှု၊ အရေးပေါ်ကာကွယ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ဆက်လက်၍ တိုးမြစ်တစ်လျှောက်ကမ်းပြိုကမ်းစားဖြစ်ပေါ်နေမှု၊ သဲသောင်များဖြစ်ပေါ်နေမှုနှင့် သောင်တူးခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစဉ် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တာဝန်ရှိသူက ချောင်းကြီးဘက် ကမ်းရင်းကပ်၍ ရေစီးဆင်းနေမှုကို ရေလမ်းကြောင်းလွှဲစေရန်နှင့် လတ်တလော ရေထုထည်စီးဆင်းစေရန် ကျွန်းဖြတ်သောင်တူးလိုင်း တူးဖော်ခြင်းကို ၂၀၂၆ ခုနှစ် စက်တင်ဘာ ၆ ရက်မှစတင်ကာ Backhoe Dredger ဖြင့် တူးလိုင်းအောက်ဘက်တွင် အလျား မီတာ ၁၀၀ နှင့် အလယ်တွင် အလျား မီတာ ၃၃၀၊ အကျယ် ၁၅ မီတာနှင့် ရေအနက် ၄ မီတာ တူးခြင်းလုပ်ငန်းဆောင်ရွက်ခဲ့မှု၊ ၂၀၂၆ ခုနှစ် စက်တင်ဘာ ၁၈ ရက်တွင် အထက်ဘက်၌ စတင်တူးဖော်ခဲ့ရာ အလျား မီတာ ၆၀ ပြီးစီးခဲ့မှု၊ ၂၀၂၆ ခုနှစ် စက်တင်ဘာ ၂၀ ရက်တွင် Backhoe နှစ်စီးဖြင့် သောင်တူးလိုင်းတစ်လျှောက် လုပ်ငန်းများဆောင်ရွက်လျက်ရှိပြီး ထပ်မံ၍ Backhoe သုံးစီး အားဖြည့်ကာ ရေစီးလမ်းကြောင်း အမြန်ပြောင်းရန် သောင်တူးလုပ်ငန်း စီမံဆောင်ရွက်လျက်ရှိသည့် အခြေအနေနှင့် ရေရှည်သောင်တူးခြင်းလုပ်ငန်း ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြကြသည်။

တင်ပြမှုများအပေါ် ဒုတိယဝန်ကြီးက တိုးမြစ်ကမ်းပြိုမှုများ ဆက်လက်မဖြစ်ပေါ်စေရေးနှင့်ပတ်သက်၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးသည်။

လက်ရှိ တိုးမြစ်မြစ်ကမ်းပြိုခြင်းနှင့် ရေတိုက်စားမှုများပေါ် အရေးပေါ်ကာကွယ်ရေးလုပ်ငန်းများကို ဌာနဆိုင်ရာတာဝန်ရှိ နည်းပညာကျွမ်းကျင်သူများ၊ ကျွမ်းကျင်လုပ်သားများ၊ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၊ နယ်မြေခံတပ်မတော်သားများ၊ မီးသတ်အဖွဲ့ဝင်များ၊ ရပ်ရွာပြည်သူများ ပေါင်းစပ်ညှိနှိုင်း၍ အချိန်အဟုန်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ရေဘေးအန္တရာယ်အတွက် စိုးရိမ်ဖွယ်ရာ အခြေအနေမရှိကြောင်း သိရသည်။ **သတင်းစဉ်**

# ညောင်တုန်းကျွန်းတာ (ရောဝတီမြစ်ခွဲ) တာကိုယ်ထည်တိုက်စားခံရမှုနေရာများနှင့် ငဝန်မြစ်ရေကာတာ၏ အောက်ခံမြစ်ကျိုးအင်း သဲကြောမှ ထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုကြောင့် ဧရာဝတီတိုင်းဒေသကြီးရှိ မြို့နယ် ခြောက်မြို့နယ်တို့တွင် ရေဝင်ရောက်ခဲ့ခြင်းများအား တားဆီးကာကွယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၂၀

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ(ရောဝတီမြစ်ခွဲ) တာမိုင် (၁၁/၆)နှင့် (၁၁/၇) ကြားနေရာ၌ မြစ်ကမ်းရေတိုက်စားမှုကြောင့် ညောင်တုန်းကျွန်းတာ (ရောဝတီမြစ်ခွဲ) တွင် ဩဂုတ် ၂၅ ရက် နံနက်ပိုင်းမှစ၍ အလျားပေ ၃၀၀၊ အနံ ၄၅ ပေခန့် တာကိုယ်ထည်တိုက်စားကာ ဆည်မြောင်းတာ အိပ့်ကျမှုဖြစ်ပွားသည်။ အလားတူ အဆိုပါ ညောင်တုန်းကျွန်းတာ (ရောဝတီမြစ်ခွဲ)၌ ရေတိုက်စားမှုကြောင့် တာမိုင် (၁၂/၂) နှင့် (၁၂/၃) ကြားရှိ စွန့်ပစ်တာ၌ စက်တင်ဘာ ၁၇ ရက် နံနက်ပိုင်းတွင် အလျားပေ ၁၆၀ နှင့် အနံ ၁၅ ပေခန့် ထပ်မံ၍ တာပြိုကျမှုဖြစ်ပွားခဲ့သည်။

အဆိုပါ တာကိုယ်ထည်တိုက်စား၍ အိပ့်ပြိုကျမှုဖြစ်ပေါ်လျက်ရှိသည့် နေရာများ၌ ရေတိုက်စားမှု ကာကွယ်နိုင်ရန်အတွက် ရေလမ်းသောင်တူးလုပ်ငန်း ဆောင်ရွက်ခြင်း၊ တုတ်တန်းရိုက်၊ သဲအိတ်ဖြည့်ခြင်း၊ သဲအိတ်ဖြည့်တာခြေထောက်ခြင်းနှင့် ယာယီပန်းတာတည်ဆောက်ခြင်း၊ သံမဏိကြိုးဆိုင်း ရေကာဆောင်ရွက်ခြင်း၊ Floating Unit ပြုလုပ်ခြင်းလုပ်ငန်း၊ Geotextile အစများဖြင့် ကမ်းပြိုကာကွယ်ခြင်း၊ ရေနက်ပိုင်း ရေစီးနှုန်းနှင့် ရေဦးထိုးမှုလျော့ကျစေရန် ဝါးသုံးချောင်းထောက် သဲအိတ်ဆွဲခြင်း စသည့် လုပ်ငန်းများကို နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ လူအင်အား၊ စက်ယန္တရားများဖြင့် အင်တိုက်အားတိုက် အချိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

အလားတူ ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်အတွင်း ဇူလိုင် ၃၀ ရက် ညပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုများကြောင့် ငဝန်မြစ်ရေကာတာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရပ်ကွက်/ကျေးရွာများအတွင်း ရေဖြတ်သန်းစီးဆင်းဝင်ရောက်မှုဖြစ်ပွားခဲ့သည်။ အဆိုပါ ရေဝင်ရောက်မှုကြောင့် လေးမျက်နှာမြို့ပေါ် ရပ်ကွက်ငါးခုနှင့် ကျေးရွာအချို့အပြင် ဟင်္သာတ၊ ရေကြည်၊ ငသိုင်းချောင်း၊ ကျုံပျော်နှင့် ကျောင်းကုန်းမြို့နယ်တို့ရှိ ရပ်ကွက် ၁၅ ခုနှင့် ကျေးရွာအချို့တို့တွင် ယနေ့အထိရေဝင်ရောက်မှုများ ဖြစ်ပွားလျက်ရှိသည်။

အဆိုပါ ငဝန်ပန်းတာရေဝင်ရောက်မှုကို ထိန်းချုပ်ကာကွယ်နိုင်ရန်အတွက် နည်းပညာများအသုံးပြု၍ Geobags သဲအိတ်ကြီးများချခြင်း၊ မျောတုတ်တန်းများအတွင်း သဲအိတ်များဖြည့်၍ ကာကွယ်ခြင်းနှင့် Steel Sheet Pile ရိုက်သွင်းခြင်းစသည့် ငဝန်ပန်းတာတမံ နိမ့်ကျနေရာများ ပြန်လည်ခိုင်မာရေးလုပ်ငန်းများကို လူအင်အား၊ စက်ယန္တရားများအသုံးပြု၍ အင်တိုက်အားတိုက် အချိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ရေပြန်လည်ကျဆင်းသွားခဲ့သည့် မြို့၊ ရွာ၊ ရပ်ကွက်များရှိ ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊ လမ်းတံတားများတွင် တင်ကျန်ခဲ့သည့် နုန်းများ၊အမှိုက်များအား နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများ ပူးပေါင်း၍ ဖယ်ရှားရှင်းလင်းခြင်း၊ ရေဘေးကယ်ဆယ်ရေးစခန်းများရှိရေဘေးသင့်ပြည်သူများအား ထမင်းဘူးများ၊ စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်း၊ အရေးပေါ်ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးခြင်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်





(၆၂ )နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၂၀ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရဲမှူးကြီးကျော်ထွန်း ဦးစီးသော ရဲတပ်ဖွဲ့ဝင်များက ပုသိမ်မြို့ တဂေါင်းမင်္ဂလာစေတီတော် ပရိဝုဏ်အတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။ ပုသိမ်လှကြည်



(၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အမှတ်(၃) မူးယစ်တပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီး ဦးဆောင်၍ အမှတ်(၄၀၊ ၄၁၊ ၄၂၊ ၄၃၊ ၄၄၊ ၄၅) မူးယစ်တပ်ဖွဲ့စုများမှ တပ်ဖွဲ့ဝင်များက စက်တင်ဘာ ၂၀ ရက်တွင် မရမ်းကုန်းမြို့နယ် စွယ်တော်မြတ်စေတီရင်ပြင်တော်ပေါ်၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။ ကိုဌေး



(၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မန္တလေးတိုင်းဒေသကြီး မိုးကုတ်မြို့၌ မြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူး တင့်လွင်ဌေး ဦးဆောင်သောရဲတပ်ဖွဲ့ဝင်များက စက်တင်ဘာ ၁၉ ရက် နံနက်ပိုင်းတွင် ရှေးဟောင်းသမိုင်းဝင် ချမ်းသာကြီးဘုရား ပရိဝုဏ်အတွင်း၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။ မြို့နယ်(ပြန်/ဆက်)



(၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏမြို့ဦးဆုတောင်းပြည့်စေတီတော်ဝင်း၌ စက်တင်ဘာ ၁၉ ရက်တွင် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဦးဆောင်၍ ခရိုင်/မြို့နယ် ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များက စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။ ခရိုင်(ပြန်/ဆက်)



(၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင် ဒုတိယရဲမှူးကြီး မင်းသိန်းနှင့် မြို့မစခန်းမှူး ဒုတိယရဲမှူး ကျော်စန်းဝင်း ဦးဆောင်၍ ရဲတပ်ဖွဲ့ဝင်များက စက်တင်ဘာ ၁၉ ရက်တွင် ရွာငံမြို့ ပြည်သူ့ဆေးရုံဝင်း အတွင်း၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။ မြို့နယ်(ပြန်/ဆက်)

# တစ်ပတ်အတွင်း သတင်းအနှစ်ချုပ်

**စာတည်းအဖွဲ့**

စက်တင်ဘာ ၁၄ ရက်မှ ၂၀ ရက်အတွင်း ကြေးမုံသတင်းစာတွင်ဖော်ပြခဲ့သည့် သတင်းများအနက် အုပ်ချုပ်ရေး၊ ငြိမ်းချမ်းရေး၊ ကာကွယ်ရေး၊ ကျန်းမာရေး၊ ဆက်သွယ်ရေး၊ ပညာရေး၊ ခရီးသွားလုပ်ငန်းမြှင့်တင်ရေး၊ မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေး၊ အွန်လိုင်းလိမ်လည်မှု တိုက်ဖျက်ရေး၊ ပြန်လည်ထူထောင်ရေး၊ အားကစားနှင့် မှုခင်း စသည့် သတင်းများကိုစုစည်း၍ တစ်ပတ်အတွင်း သတင်းအနှစ်ချုပ်အဖြစ် ဖော်ပြလိုက်ပါသည်။

## အုပ်ချုပ်ရေး

ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးကို စက်တင်ဘာ ၁၅ ရက်တွင် နေပြည်တော်၌ကျင်းပခဲ့ရာ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားခဲ့ပြီး ပြည်တွင်းငြိမ်းချမ်းရေး၊ စီးပွားရေး၊ လျှပ်စစ်ဓာတ်အား လုံလောက်စွာရရှိရေးနှင့် အားကစားကဏ္ဍ မြှင့်တင်ရေးတို့အပါအဝင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

## ငြိမ်းချမ်းရေး

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီနှင့် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) တို့သည် စက်တင်ဘာ ၁၅ ရက်တွင် နေပြည်တော်၌တွေ့ဆုံကာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ၊ ပဋိပက္ခကြောင့် ရွှေ့ပြောင်းနေထိုင်ခဲ့ရသည့် ပြည်သူများ နေရပ်ပြန်နိုင်ရေးနှင့် ဒေသဖွံ့ဖြိုးရေးကိစ္စရပ်များကို အပြန်အလှန် ဆွေးနွေးခဲ့ကြသည်။

ထို့ပြင်PDF အပါအဝင် လက်နက်ကိုင် အဖွဲ့ဝင် အမျိုးသား ၅၀၃၆ ဦး၊ အမျိုးသမီး ၆၃၆ ဦး (စုစုပေါင်း ၅၆၇၂ ဦး)သည် လက်နက်မျိုးစုံ ၆၉၂ လက်နှင့်အတူ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာခဲ့သဖြင့် တာဝန်ရှိသူများက စနစ်တကျ ကြိုဆိုလက်ခံခဲ့ကြောင်း စက်တင်ဘာ ၁၅ ရက်တွင် သတင်းဖော်ပြခဲ့သည်။

## ကာကွယ်ရေး

ပြည်သူ့စစ်မှုထမ်းဥပဒေအရ တာဝန်ထမ်းဆောင်ခဲ့ပြီး စစ်မှုထမ်းကာလ ပြည့်မြောက်ခဲ့သည့် အမှတ်စဉ်(၅)မှ ပြည်သူ့စစ်မှုထမ်းများနှင့် ကာလလျှော့ပေါ့ခွင့်ရရှိသည့် အမှတ်စဉ်(၁၃)မှ စစ်မှုထမ်းများအား တိုင်းစစ်ဌာနချုပ်အသီးသီး၌ စစ်မှုထမ်းဆောင်ပြီးကြောင်း လက်မှတ်၊ စစ်မှုထမ်းတံဆိပ်နှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ပွဲများကို စက်တင်ဘာ ၁၈ ရက်တွင် ကျင်းပခဲ့သည်။

ထို့ပြင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များ ထမ်းဆောင်ကြမည့် ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၆) သင်တန်းဆင်းပွဲများကို စက်တင်ဘာ ၁၉ ရက်တွင် တိုင်းစစ်ဌာနချုပ်များ အလိုက် နယ်မြေခံသင်တန်းကျောင်းများ၌ ကျင်းပခဲ့ပြီး သင်တန်းတွင် ကြံ့ခိုင်ရေး၊ စစ်ရေးပြနှင့် စစ်နည်းဗျူဟာဘာသာရပ်များကို လေ့ကျင့်သင်ယူခဲ့ကြသည့် သင်တန်းဆင်းစစ်သည်များသည် တာဝန်ကျရာ တပ်ရင်း/တပ်ဖွဲ့အသီးသီးသို့သွားရောက်၍ တာဝန်ထမ်းဆောင်ကြမည်ဖြစ်ပါသည်။

## ကျန်းမာရေး

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ်ရှိ အလုပ်သမားဆေးရုံတွင် အာမခံအလုပ်သမား နာတာရှည်ကျောက်ကပ်ရောဂါလူနာများအတွက် ကျောက်ကပ်သွေးသန့်စင်စက်နှင့် ရေသန့်စက်များ တပ်ဆင်လှူဒါန်းပွဲကို စက်တင်ဘာ ၁၃ ရက်တွင် ကျင်းပခဲ့ပြီး လှိုင်သာယာ၊ ရွှေပြည်သာနှင့် အင်းစိန်မြို့နယ်ရှိ စက်မှုဇုန်များမှ အာမခံအလုပ်သမားများ ဝန်ဆောင်မှု ပိုမိုရရှိနိုင်မည်ဖြစ်သည်။

## ဆက်သွယ်ရေး

ဖလမ်းမြို့တွင် VSAT မှတစ်ဆင့် MPT ဆက်သွယ်ရေးကွန်ရက်လိုင်းများ ပြန်လည်ရရှိခဲ့ပြီး ဖလမ်းနှင့် တွန်းဇံမြို့တို့တွင် မိုဘိုင်းစခန်းများ ဆက်သွယ်မှုရရှိစေရန် လိုအပ်သော ဆက်သွယ်ရေးစက်ပစ္စည်းများကို ရန်ကုန်မှ လေယာဉ်၊ မော်တော်ယာဉ်များဖြင့် စက်တင်ဘာ ၁၂ ရက်တွင် သယ်ယူပို့ဆောင်ပေးခဲ့သည်။

## ပညာရေး

၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများအနေဖြင့် တက္ကသိုလ်ဝင်ခွင့် လျှောက်လွှာအိတ်များကို စက်တင်ဘာ ၂၈ ရက်မှ အောက်တိုဘာ ၁၆ ရက်အထိ စနေ၊ တနင်္ဂနွေနှင့် ရုံးပိတ်ရက်များအပါအဝင် ထုတ်ယူလျှောက်ထားနိုင်ကြောင်း စက်တင်ဘာ ၁၉ ရက်တွင် အသိပေးထားသည်။

## ခရီးသွားလုပ်ငန်းမြှင့်တင်ရေး

ဗီယက်နမ် ခရီးသွားဧည့်သည်များ ပိုမိုလာရောက်နိုင်ရေးအတွက် ခရီးသွားကုမ္ပဏီများနှင့် သတင်းမီဒီယာများပါဝင်သော FAM Trip များ စီစဉ်ဖိတ်ခေါ်ရေး မြန်မာ-ဗီယက်နမ် ခရီးသွားလုပ်ငန်း မြှင့်တင်ရေး ညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၁၄ ရက်တွင် ကျင်းပခဲ့သည်။

## မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေး

မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အစည်းအဝေးကို စက်တင်ဘာ ၁၆ ရက် မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၌ ကျင်းပခဲ့သည်။ အစည်းအဝေးတွင် မူးယစ်တားဆီးရေး အထူးစစ်ဆင်ရေး Operation 42 ကို ဆက်လက်ဆောင်ရွက်ရန်၊ KTV၊ Bar၊ Club၊ ဟိုတယ်များ၌ စစ်ဆေးကြပ်မတ်ရန်နှင့် ၂၀၂၅ ခုနှစ်မှ ၂၀၂၆ ခုနှစ် ဩဂုတ်လအထိ မူးယစ်တရားခံပြေး ၅၈ ဦး ဖမ်းဆီးလွှဲပြောင်းနိုင်ခဲ့ကြောင်း ဆွေးနွေးခဲ့ကြသည်။

## အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေး

ဒဂုံမြို့သစ်(မြောက်ပိုင်း) အပါအဝင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့၌ Agent Account များ ဖွင့်လှစ်၍ အွန်လိုင်းဂိမ်းနှင့် 1D/2D/3D လောင်းကစားပြုလုပ်သူတရားခံ အမျိုးသား ၁၃ ဦး၊ အမျိုးသမီး ၂၃ ဦး (စုစုပေါင်း ၃၆ ဦး)အား ကွန်ပျူတာနှင့် ဖုန်းများအပါအဝင် သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း စက်တင်ဘာ ၁၆ ရက်တွင် သတင်းဖော်ပြခဲ့သည်။

မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်အတွင်း အွန်လိုင်းအသုံးပြု၍ ကျောက်မျက်ရတနာအတုများနှင့် အရည်အသွေးမကောင်းသော အချောထည်များကို လိမ်လည်ရောင်းချနေသည့် တရုတ်နိုင်ငံသား ခြောက်ဦး၊ မလေးရှားနိုင်ငံသား တစ်ဦး၊ အင်ဒိုနီးရှားနိုင်ငံသား လေးဦးနှင့် မြန်မာနိုင်ငံသား ၁၇ ဦး (စုစုပေါင်း ၂၈ ဦး)တို့အား Desktop ကွန်ပျူတာ ၂၈ လုံး၊ ဖုန်း အလုံး ၅၀၀ ခန့် စသည့် သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း စက်တင်ဘာ ၁၇ ရက်တွင်သတင်းဖော်ပြခဲ့သည်။

## ပြန်လည်ထူထောင်ရေး

ချင်းပြည်နယ် ဖလမ်းမြို့သို့ မေ ၆ ရက်မှစတင်၍ ဒေသခံပြည်သူများ ပြန်လည်ဝင်ရောက်နေထိုင်လျက်ရှိရာ မြို့ပေါ်လူဦးရေ၏ ၂၀ ဒသမ ၆၄ ရာခိုင်နှုန်း ပြန်လည်နေထိုင်နေပြီဖြစ်ပြီး ဌာနဆိုင်ရာရုံးများလည်း ပုံမှန်ပြန်လည်လည်ပတ်နေပြီဖြစ်သည်။ ဒုတိယဝန်ကြီး ဒေါက်တာ သန့်ဇော်လွင်နှင့်အဖွဲ့က သွားရောက်ကြည့်ရှုအားပေးခဲ့ပြီး ထောက်ပံ့ပစ္စည်းများပေးအပ်ခြင်း၊ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ပြိုင်ပွဲများ ကျင်းပပေးခြင်းနှင့် မြို့ပြပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း စက်တင်ဘာ ၁၈ ရက်တွင် ဖော်ပြခဲ့သည်။

## အားကစား

ဂျပန်နိုင်ငံ၌ စက်တင်ဘာ ၁၉ ရက်တွင် ကျင်းပသည့် နိဂါတာ အပြည်ပြည်ဆိုင်ရာ လူငယ်ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲတွင် မြန်မာ ယူ-၁၇ လူငယ်လက်ရွေးစင်အသင်းသည် နယူးဇီလန် ယူ-၁၇ အသင်းကို သူရမင်းသန့်၏ သွင်းဂိုး နှစ်ဂိုးဖြင့် နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ ထို့ပြင် အကြိမ်(၂၀)မြောက် အာရှအားကစားပြိုင်ပွဲ တက်ဂ်ဘော(Teqball) ပြိုင်ပွဲတွင် မြန်မာအသင်းမှ ခင်နှင်းဝေသည် အမျိုးသမီး တစ်ဦးချင်း ပြိုင်ပွဲ၌လည်းကောင်း၊ ဆုမွန်အောင်နှင့် ဖြူဖြူသန်းတို့အဖွဲ့သည် အမျိုးသမီး နှစ်ယောက်တွဲပြိုင်ပွဲ၌လည်းကောင်း ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့သည်။

## မှုခင်း

ရန်ကုန်တိုင်းဒေသကြီးအတွင်း YBS ယာဉ်လိုင်းများ၊ ကားမှတ်တိုင်များနှင့် လူစုံရာနေရာများတွင် ဖြစ်ပွားသည့် ခါးပိုက်နှိုက်မှုများကို ခြောက်လတာကာလအတွင်း စုံစမ်းဖော်ထုတ်ခဲ့ရာ ခါးပိုက်နှိုက်မှု ၂၀၆ မှုမှ ကျူးလွန်သူ ၁၈၆ ဦး (အမျိုးသား ၁၆၅ ဦး၊ အမျိုးသမီး ၂၁ ဦး)ကို ဖမ်းဆီးအရေးယူနိုင်ခဲ့ကြောင်း စက်တင်ဘာ ၁၈ ရက်တွင် ဖော်ပြခဲ့သည်။

# ဝါးခယ်မမြို့နယ်သမဝါယမအသင်းစုလီမိတက် နှစ်ပတ်လည်စည်းဝေး

**ဝါးခယ်မ စက်တင်ဘာ ၂၀**

ဧရာဝတီ တိုင်းဒေသကြီး ဝါးခယ်မမြို့နယ် သမဝါယမ အသင်းစုလီမိတက်၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ယနေ့နံနက်ပိုင်းက ဝါးခယ်မ မြို့နယ် သမဝါယမဦးစီးဌာနရုံး၌ ကျင်းပသည်။



ဦးစွာ သဘာပတိ ဦးတင်ဝင်းက အဖွင့်အမှာစကားပြောကြားခြင်း၊ တိုင်းဒေသကြီး သမဝါယမ ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းထိုက်အောင်က ထပ်ဆင့်အမှာစကား ပြောကြားပြီး မြို့နယ်သမဝါယမဦးစီးအရာရှိ ဒေါ်တူးတူးလွင်က ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ် သမဝါယမအသင်းစုလီမိတက်၏ ဒါရိုက်တာအဖွဲ့ အစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်းတို့ကို ဖတ်ကြားတင်ပြခြင်း၊ အသင်းစာရင်းစစ် အစီရင်ခံစာ ဖတ်ကြားတင်ပြခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။ အသင်းစု၏ ဒါရိုက်တာအဖွဲ့ဝင် အရေအတွက် သတ်မှတ်ခြင်း၊ ဒါရိုက်တာအဖွဲ့ဝင်များနှင့် အသင်းစာရင်းစစ်အဖွဲ့ ရွေးချယ်ခြင်း၊ အတည်ပြုချက်ရယူခြင်း၊ ရွေးချယ်ခံရသည့် ဒါရိုက်တာအဖွဲ့ဝင်များနှင့် အသင်းစာရင်းစစ်များ တာဝန်ခွဲဝေ သတ်မှတ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

**တူးတူးလွင်(သမ)**

# မတ္တရာမြို့၌ ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး အသိပညာပေးဆောင်ရွက်

**မတ္တရာ စက်တင်ဘာ ၂၀**

မန္တလေး တိုင်းဒေသကြီး မတ္တရာမြို့၌ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဆောင်၍ ဌာနဆိုင်ရာ တာဝန်ရှိသူများ ပူးပေါင်းအဖွဲ့သည် ပလတ်စတစ်သုံးစွဲမှု လျှော့ချရေး အသိပညာပေးခြင်းကို ယနေ့နံနက် ၈ နာရီက မြို့မစည်ပင်သာယာဈေး၌ ဆောင်ရွက်ခဲ့သည်။



ပလတ်စတစ်သုံးစွဲမှု လျှော့ချရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးမြတ်သူနှင့် တာဝန်ရှိသူများက ပလတ်စတစ်ပစ္စည်းများ သုံးစွဲခြင်းမပြုရန်နှင့် ပလတ်စတစ် အစားထိုးပစ္စည်းများဖြစ်သည့် ငှက်ပျောဖက်၊ အင်ဖက်၊ စက္ကူတို့ဖြင့်သာ ထုပ်ပိုးရောင်းချသွားကြရန်၊ အသားနှင့် ငါးများကို ကျန်းမာရေးနှင့်ညီညွတ်စွာ ရောင်းချရန်၊ အလေးချိန်မှန်ကန်စွာ ရောင်းချရန်တို့ကို အသိပညာပေးခြင်း၊ သက်တမ်းလွန် စားသောက်ကုန်များနှင့် စားသုံးရန်မသင့်သည့် စားသောက်ကုန်များ ရောင်းချမှုရှိ၊ မရှိ စစ်ဆေးခြင်းများကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ရွှေရာသား**

# လုပ်ငန်းခွင်အရည်အသွေးမြင့်ဖို့ ဝန်ထမ်းအရင်းအမြစ်များအား ကောင်းမွန်စွာ စီမံခန့်ခွဲတတ်ဖို့လို

**မောင်စိမ်းလန်း (မြန်မာ့အသံ)**

ယနေ့ခေတ်တွင် မည်သည့်အဖွဲ့အစည်း၊ ဌာန၊ လုပ်ငန်း သို့မဟုတ် အင်စတီကျူးရှင်းမဆို အောင်မြင်စွာ ရပ်တည်နိုင်ရေးအတွက် စီမံခန့်ခွဲမှု ကောင်းမွန်ခြင်းသည် အခြေခံအကျဆုံး လိုအပ်ချက်တစ်ရပ်ဖြစ်လာသည်။ အဖွဲ့အစည်းတစ်ခုတွင် ခေတ်မီနည်းပညာများ၊ လုံလောက်သော ဘဏ္ဍာငွေများနှင့်ကောင်းမွန်သော အဆောက်အအုံများရှိနေသော်လည်း ထိုအရင်းအမြစ်များကို အသုံးချဆောင်ရွက်မည့် ဝန်ထမ်းများ၏စွမ်းရည်နှင့် လုပ်ငန်းခွင်သဘောထားများ မကောင်းမွန်ပါက ရည်မှန်းချက်များကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်မည်မဟုတ်ပေ။ ထို့ကြောင့် လူ့စွမ်းအားအရင်းအမြစ်သည် အဖွဲ့အစည်းတိုင်းအတွက် အရေးပါဆုံးသော အရင်းအမြစ်တစ်ခုဖြစ်သည်ဟု ဆိုနိုင်သည်။ ဝန်ထမ်းများကို စနစ်တကျစီမံခန့်ခွဲခြင်းသည် လုပ်ငန်းတာဝန်များ ပြီးမြောက်စေရန်အတွက်သာမက ဝန်ထမ်းများ၏ အရည်အချင်းများ တိုးတက်လာစေရန်၊ လုပ်ငန်းခွင်စိတ်ဓာတ်ကောင်းမွန်လာစေရန်နှင့် အဖွဲ့အစည်း၏ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုရန်အတွက်လည်း အရေးကြီးသည်။

ဝန်ထမ်းစီမံခန့်ခွဲမှုဆိုသည်မှာ ဝန်ထမ်းများအား အမိန့်ပေးခြင်း၊ ထိန်းချုပ်ခြင်းတို့ကိုသာ ဆိုလိုခြင်းမဟုတ်ဘဲ သင့်တော်သော ဝန်ထမ်းများကို ရွေးချယ်ခန့်အပ်ခြင်း၊ သင့်တော်သော တာဝန်များ ခွဲဝေပေးခြင်း၊ လိုအပ်သော လေ့ကျင့်သင်ကြားမှုများ ပေးခြင်း၊ စွမ်းဆောင်ရည်ကို အကဲဖြတ်ခြင်း၊ ဆုချီးမြှင့်ခြင်းနှင့် လုပ်ငန်းခွင်အတွင်း ကောင်းမွန်သော ဆက်ဆံရေးများ တည်ဆောက်ပေးခြင်းတို့ ပါဝင်သည့် ကျယ်ပြန့်သော စီမံခန့်ခွဲမှုလုပ်ငန်းစဉ်တစ်ရပ်ဖြစ်သည်။ အဖွဲ့အစည်းတစ်ခု၏ အောင်မြင်မှုသည် ထိုအဖွဲ့အစည်းတွင် တာဝန်ထမ်းဆောင်နေကြသောဝန်ထမ်းများ၏ စွမ်းဆောင်ရည်နှင့် တိုက်ရိုက်ဆက်စပ်လျက်ရှိသည်။ ဝန်ထမ်းများ၏ အရည်အချင်းကို မှန်ကန်စွာအသုံးချနိုင်ခြင်း၊ မိမိတာဝန်ကို မိမိသိရှိနားလည်ခြင်းနှင့် အဖွဲ့အစည်း၏ ရည်မှန်းချက်နှင့်အညီ ပူးပေါင်းဆောင်ရွက်ခြင်းတို့သည် အဖွဲ့အစည်း၏ အောင်မြင်မှုအတွက် အရေးကြီးသော အချက်များဖြစ်သည်။

ထိရောက်သော ဝန်ထမ်းစီမံခန့်ခွဲမှုရှိပါက အလုပ်တာဝန်များထပ်နေခြင်း၊ တာဝန်မရှင်းလင်းခြင်း၊ လုပ်ငန်းများ နှောင့်နှေးခြင်းနှင့် အချင်းချင်း အပြစ်တင်ခြင်းတို့ကို လျှော့ချနိုင်သည်။ ထို့အပြင် ဝန်ထမ်းတစ်ဦးချင်းစီ၏ အားသာချက်၊ အားနည်းချက်များကို သိရှိနိုင်ပြီး သင့်တော်သည့် လုပ်ငန်းတာဝန်များကို ခွဲဝေပေးနိုင်သောကြောင့် လုပ်ငန်းစွမ်းဆောင်ရည်လည်း မြင့်တက်လာနိုင်သည်။ အခြားတစ်ဖက်တွင် ဝန်ထမ်းများကို မျှတစွာ ဆက်ဆံခြင်းနှင့် မိမိတို့၏အမြင်များကို လွတ်လပ်စွာတင်ပြခွင့်ပေးခြင်းတို့သည် လုပ်ငန်းခွင်တွင် ယုံကြည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုကို တိုးတက်စေသည်။ ထိုသို့သော လုပ်ငန်းခွင်သည် ဝန်ထမ်းများအနေဖြင့် မိမိတို့၏လုပ်ငန်းအပေါ် ပိုမိုတာဝန်ယူလိုစိတ်ရှိလာစေပြီး အဖွဲ့အစည်း၏ ရည်မှန်းချက်များကို အကောင်အထည်ဖော်ရာတွင် အထောက်အကူပြုနိုင်သည်။

ဝန်ထမ်းစီမံခန့်ခွဲမှု၏ ပထမဆုံးအဆင့်မှာ ရာထူးနှင့် လုပ်ငန်းတာဝန် ကိုက်ညီသည့်ဝန်ထမ်းများကို ရွေးချယ်ခန့်အပ်ခြင်းဖြစ်သည်။ လူတစ်ဦးသည် ပညာအရည်အချင်းကောင်းမွန်သော်လည်း သက်ဆိုင်ရာတာဝန်နှင့် မကိုက်ညီပါက မျှော်မှန်းထားသည့် ရလဒ်ကို ရရှိနိုင်မည်မဟုတ်ပေ။ ထို့ကြောင့် ရာထူးတစ်ခုချင်းစီအတွက် လိုအပ်သည့် ပညာအရည်အချင်း၊ ကျွမ်းကျင်မှု၊ အတွေ့အကြုံ၊ တာဝန်ယူမှုနှင့် ပူးပေါင်းဆောင်ရွက်နိုင်မှုတို့ကို ကြိုတင်သတ်မှတ်ထားသင့်သည်။ ဝန်ထမ်းရွေးချယ်ရာတွင်လည်း ကိုယ်ရေးကိုယ်တာ ဆက်နွှယ်မှုများ သို့မဟုတ် မျက်နှာသာပေးမှုများထက် သတ်မှတ်ထားသော စံနှုန်းများနှင့်အညီမျှတစွာ ရွေးချယ်သင့်သည်။ ထိုသို့ဆောင်ရွက်ခြင်းသည် ဝန်ထမ်းများအကြား ယုံကြည်မှုကို တည်ဆောက်ပေးနိုင်သကဲ့သို့ အဖွဲ့အစည်း၏စီမံခန့်ခွဲမှုအပေါ် ယုံကြည်မှုကိုလည်း မြှင့်တင်ပေးနိုင်သည်။

ဝန်ထမ်းတစ်ဦးချင်းစီသည် မိမိ၏လုပ်ငန်းတာဝန်၊ လုပ်ပိုင်ခွင့်နှင့် တာဝန်ခံရမည့်အဆင့်တို့ကို ရှင်းလင်းစွာသိရှိထားရန် လိုအပ်သည်။ တာဝန်နှင့် လုပ်ပိုင်ခွင့်များ မရှင်းလင်းပါက လုပ်ငန်းတာဝန်များ ထပ်နေခြင်း သို့မဟုတ် မည်သူက တာဝန်ယူရမည်ကို မသိရှိခြင်းများ ဖြစ်ပေါ်နိုင်သည်။ ထို့ကြောင့် အဖွဲ့အစည်းအတွင်း ရာထူးအဆင့်အလိုက် တာဝန်နှင့် လုပ်ပိုင်ခွင့်များကို သတ်မှတ်ပေးသင့်သည်။ တာဝန်ပေးအပ်ရာတွင်လည်း ဝန်ထမ်း၏ အရည်အချင်း၊ အတွေ့အကြုံနှင့် လုပ်ငန်းတာဝန် ထမ်းဆောင်နိုင်စွမ်းတို့ကို ထည့်သွင်းစဉ်းစားရမည်။

တာဝန်ပေးပြီးနောက် လိုအပ်သည့် လုပ်ပိုင်ခွင့်ကိုလည်း သင့်လျော်စွာ ပေးအပ်ရန် လိုအပ်သည်။ တာဝန်သာပေးပြီး ဆုံးဖြတ်ခွင့် သို့မဟုတ် လိုအပ်သော အရင်းအမြစ်များ မပေးပါက ဝန်ထမ်းများအနေဖြင့် တာဝန်ကို ထိရောက်စွာ ဆောင်ရွက်နိုင်မည်မဟုတ်ပေ။ ဝန်ထမ်းတစ်ဦးသည် တစ်ကြိမ်တည်း သင်ယူထားသော အသိပညာနှင့် ကျွမ်းကျင်မှုများဖြင့် ရေရှည်လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရန် မလုံလောက်နိုင်ပေ။ နည်းပညာနှင့် လုပ်ငန်းနည်းလမ်းများသည် အမြဲတမ်း ပြောင်းလဲတိုးတက်နေသဖြင့် ဝန်ထမ်းများ၏ အသိပညာနှင့် ကျွမ်းကျင်မှုများကိုလည်း အဆက်မပြတ် မြှင့်တင်ပေးရန် လိုအပ်သည်။

ထို့ကြောင့် သက်ဆိုင်ရာ ဘာသာရပ်အလိုက် သင်တန်းများ၊ လုပ်ငန်းခွင်လေ့ကျင့်မှုများ၊ အတွေ့အကြုံမျှဝေခြင်းများနှင့် အလုပ်တာဝန်အတွင်း လက်တွေ့သင်ယူနိုင်သည့် အခွင့်အလမ်းများ ဖန်တီးပေးသင့်သည်။ ဝန်ထမ်းတစ်ဦး၏ စွမ်းရည်မြှင့်တင်ခြင်းသည် ထိုဝန်ထမ်းတစ်ဦးတည်းအတွက်သာ အကျိုးရှိခြင်းမဟုတ်ဘဲ အဖွဲ့အစည်းအတွက်လည်း အကျိုးရှိသည်။ ဝန်ထမ်းများ၏ စွမ်းရည်တိုးတက်လာသည်နှင့်အမျှ လုပ်ငန်းများကို ပိုမိုမြန်ဆန်၊ ထိရောက်စွာဆောင်ရွက်နိုင်လာမည်ဖြစ်ပြီး ပြဿနာများကိုလည်း မိမိတို့ ကိုယ်တိုင်စဉ်းစားဖြေရှင်းနိုင်စွမ်း တိုးတက်လာမည်ဖြစ်သည်။ ဝန်ထမ်းစီမံခန့်ခွဲမှုတွင် စွမ်းဆောင်ရည်အကဲဖြတ်ခြင်းသည် မဖြစ်မနေလိုအပ်သော လုပ်ငန်းစဉ်တစ်ရပ်ဖြစ်သည်။ အကဲဖြတ်ခြင်း၏ရည်ရွယ်ချက်မှာ ဝန်ထမ်းများ၏ အားနည်းချက်များကို ရှာဖွေ၍ အပြစ်ပေးရန်မဟုတ်ဘဲ လုပ်ငန်းစွမ်းဆောင်ရည် ပိုမိုကောင်းမွန်လာစေရန် အထောက်အကူပြုရန် ဖြစ်သင့်သည်။

စွမ်းဆောင်ရည်အကဲဖြတ်ရာတွင် တာဝန်များ ပြီးမြောက်မှု၊ အလုပ်အရည်အသွေး၊ အချိန်မီဆောင်ရွက်နိုင်မှု၊ ပူးပေါင်းဆောင်ရွက်နိုင်မှု၊ တာဝန်ယူမှုနှင့် ပြဿနာဖြေရှင်းနိုင်မှုတို့ကဲ့သို့သော အချက်များကို သင့်လျော်သော စံနှုန်းများဖြင့် အကဲဖြတ်သင့်သည်။ အကဲဖြတ်ပြီးနောက် ဝန်ထမ်းတစ်ဦးချင်းစီအား အားသာချက်များနှင့် တိုးတက်ရန်လိုအပ်သည့် အချက်များကို ရှင်းလင်းစွာ ပြန်လည်အသိပေးသင့်သည်။ ထိုသို့ ပြန်လည်သုံးသပ်ပေးခြင်းသည် ဝန်ထမ်းများအနေဖြင့် မိမိတို့၏ လုပ်ငန်းဆောင်ရွက်မှုကို ပြန်လည်သုံးသပ်နိုင်စေပြီး အနာဂတ်တွင် ပိုမိုကောင်းမွန်အောင် ဆောင်ရွက်နိုင်ရန် အထောက်အကူပြုသည်။

မိမိတို့၏ ကြိုးစားအားထုတ်မှုကို အဖွဲ့အစည်းက အသိအမှတ်ပြုသည်ဟု ခံစားရခြင်းသည် ဝန်ထမ်းများ၏ အလုပ်အပေါ် စိတ်အားထက်သန်မှုကို တိုးမြှင့်ပေးနိုင်သည်။ ထို့ကြောင့် ထူးချွန်စွာ ဆောင်ရွက်သော ဝန်ထမ်းများကို သင့်လျော်သော ဆုချီးမြှင့်မှုများ၊ ချီးကျူးဂုဏ်ပြုမှုများနှင့် တိုးတက်နိုင်သည့် အခွင့်အလမ်းများ ပေးသင့်သည်။ သို့သော် ဆုချီးမြှင့်ခြင်းနှင့် အသိအမှတ်ပြုခြင်းတို့တွင် မျှတမှုသည် အလွန်အရေးကြီးသည်။ သတ်မှတ်ထားသောစံနှုန်းများ မရှင်းလင်းဘဲ လူပုဂ္ဂိုလ်အပေါ်မူတည်၍ ဆုချီးမြှင့်ပါက ဝန်ထမ်းများအကြား မကျေနပ်မှုနှင့် ယုံကြည်မှုလျော့နည်းမှုများ ဖြစ်ပေါ်နိုင်သည်။ ထို့ကြောင့် စွမ်းဆောင်ရည်နှင့် ရလဒ်များအပေါ် အခြေခံ၍ ပွင့်လင်းမြင်သာစွာ အသိအမှတ်ပြုသင့်သည်။

> ❛ **အဖွဲ့အစည်းတစ်ခု၏လုပ်ငန်းခွင်တွင် ဝန်ထမ်းအချင်းချင်းနှင့် အထက်အရာရှိ၊ အောက်လက်ငယ်သားများအကြား ဆက်ဆံရေးကောင်းမွန်မှုသည် အလွန်အရေးကြီးသည်။ ဆက်ဆံရေးမကောင်းမွန်ပါက အလုပ်တာဝန်များအပေါ် ပူးပေါင်းဆောင်ရွက်မှု လျော့နည်းလာနိုင်ပြီး အဖွဲ့အစည်း၏စွမ်းဆောင်ရည်ကို ထိခိုက်စေနိုင်သည်။ ထို့ကြောင့် တစ်ဦးနှင့်တစ်ဦးလေးစားမှုရှိခြင်း၊ အမြင်မတူညီမှုများကို ငြိမ်းချမ်းစွာ ဆွေးနွေးဖြေရှင်းခြင်းနှင့် သတင်းအချက်အလက်များ အချိန်မီမျှဝေပေးခြင်းတို့ကို အားပေးသင့်သည်။ အထူးသဖြင့် အထက်အရာရှိများက ဝန်ထမ်းများ၏ အခက်အခဲများကို နားထောင်ပေးရန် လိုအပ်** ❜

အဖွဲ့အစည်းတစ်ခု၏လုပ်ငန်းခွင်တွင် ဝန်ထမ်းအချင်းချင်းနှင့် အထက်အရာရှိ၊ အောက်လက်ငယ်သားများအကြား ဆက်ဆံရေးကောင်းမွန်မှုသည် အလွန်အရေးကြီးသည်။ ဆက်ဆံရေးမကောင်းမွန်ပါက အလုပ်တာဝန်များအပေါ် ပူးပေါင်းဆောင်ရွက်မှု လျော့နည်းလာနိုင်ပြီး အဖွဲ့အစည်း၏ စွမ်းဆောင်ရည်ကို ထိခိုက်စေနိုင်သည်။ ထို့ကြောင့် တစ်ဦးနှင့် တစ်ဦးလေးစားမှုရှိခြင်း၊ အမြင်မတူညီမှုများကို ငြိမ်းချမ်းစွာ ဆွေးနွေးဖြေရှင်းခြင်းနှင့် သတင်းအချက်အလက်များ အချိန်မီ မျှဝေပေးခြင်းတို့ကို အားပေးသင့်သည်။ အထူးသဖြင့် အထက်အရာရှိများက ဝန်ထမ်းများ၏ အခက်အခဲများကို နားထောင်ပေးရန် လိုအပ်သည်။ ဝန်ထမ်းများ၏ အမြင်များကို နားထောင်ပေးခြင်းသည် အထက်အောက်ဆက်ဆံရေးကို ပိုမိုကောင်းမွန်စေပြီး လုပ်ငန်းဆိုင်ရာ ပြဿနာများကိုလည်း အချိန်မီ ဖော်ထုတ်ဖြေရှင်းနိုင်စေသည်။

ဝန်ထမ်းစီမံခန့်ခွဲမှုတွင် ခေါင်းဆောင်များ၏ အခန်းကဏ္ဍသည် အလွန်အရေးကြီးသည်။ ခေါင်းဆောင်ကောင်းတစ်ဦးသည် အမိန့်ပေးသူတစ်ဦးအဖြစ်သာ မရပ်တည်သင့်ဘဲ ဝန်ထမ်းများကို လမ်းညွှန်ပေးသူ၊ အားပေးကူညီပေးသူနှင့် စံနမူနာပြသူတစ်ဦးဖြစ်သင့်သည်။ ခေါင်းဆောင်တစ်ဦးအနေဖြင့် ဆုံးဖြတ်ချက်ချရာတွင် မျှတမှုရှိရန်၊ တာဝန်ယူမှုရှိရန်နှင့် အဖွဲ့အစည်း၏ ရည်မှန်းချက်ကို အခြေခံရန် လိုအပ်သည်။ ထို့အပြင် မိမိဝန်ထမ်းများထံမှ မျှော်မှန်းထားသည့် စည်းကမ်း၊ တာဝန်ယူမှုနှင့် အလုပ်ကျင့်ဝတ်များကို မိမိကိုယ်တိုင်လည်း လိုက်နာပြသသင့်သည်။

ခေါင်းဆောင်၏ အပြုအမူသည် ဝန်ထမ်းများအပေါ် တိုက်ရိုက်သက်ရောက်မှုရှိသည်။ ထို့ကြောင့် ခေါင်းဆောင်ကောင်းတစ်ဦးသည် အဖွဲ့အစည်း၏ စည်းမျဉ်းများကို လိုက်နာရုံသာမက ဝန်ထမ်းများအတွက် ယုံကြည်အားကိုးရသော ခေါင်းဆောင်တစ်ဦးဖြစ်အောင် ကြိုးပမ်းသင့်သည်။ စီမံခန့်ခွဲမှု ကောင်းမွန်ရန်အတွက် ဆက်သွယ်ပြောဆိုမှု ကောင်းမွန်ခြင်းသည် အခြေခံလိုအပ်ချက်တစ်ခုဖြစ်သည်။ လုပ်ငန်းတာဝန်များ၊ အမိန့်ညွှန်ကြားချက်များ၊ အစီအစဉ်များနှင့် မျှော်မှန်းချက်များကို ဝန်ထမ်းများထံသို့ ရှင်းလင်းတိကျစွာ ဆက်သွယ်ပေးရန် လိုအပ်သည်။ ညွှန်ကြားချက် မရှင်းလင်းပါက ဝန်ထမ်းများသည် မိမိတို့နားလည်သလို ဆောင်ရွက်နိုင်ပြီး လုပ်ငန်းရလဒ်များ မတူညီနိုင်ပါ။ ထို့ကြောင့် မည်သည့်တာဝန်ကို မည်သူက၊ မည်သည့်အချိန်တွင်၊ မည်သည့်နည်းလမ်းဖြင့် ဆောင်ရွက်ရမည်ကို ရှင်းလင်းစွာ သတ်မှတ်ပေးသင့်သည်။

ထို့အပြင် အထက်မှအောက်သို့သာ ဆက်သွယ်ခြင်းမဟုတ်ဘဲ အောက်မှအထက်သို့လည်း ပြန်လည်တင်ပြနိုင်သည့် ဆက်သွယ်ရေးစနစ်ရှိသင့်သည်။ ထိုသို့ရှိပါက လုပ်ငန်းခွင်အတွင်း ဖြစ်ပေါ်နေသော အခက်အခဲများနှင့် လိုအပ်ချက်များကို အထက်အရာရှိများက အချိန်မီ သိရှိနိုင်မည်ဖြစ်သည်။ အဖွဲ့အစည်းတစ်ခုအတွင်း စည်းကမ်းသည် မရှိမဖြစ်လိုအပ်သည်။ စည်းကမ်းမရှိပါက လုပ်ငန်းခွင်၏ အချိန်ဇယား၊ လုပ်ငန်းစဉ်နှင့် တာဝန်ယူမှုများ ထိခိုက်နိုင်သည်။ သို့သော် စည်းကမ်းထိန်းသိမ်းရာတွင် အပြစ်ပေးခြင်းကိုသာ အဓိကမထားဘဲ စည်းကမ်းလိုက်နာရန် လိုအပ်သည့် အကြောင်းရင်းများကို ဝန်ထမ်းများနားလည်အောင် ရှင်းလင်းပေးသင့်သည်။ ဝန်ထမ်းတစ်ဦးချင်းစီအနေဖြင့် မိမိတာဝန်ကို မိမိတာဝန်ယူခြင်း၊ သတ်မှတ်ထားသည့် အချိန်အတွင်း လုပ်ငန်းပြီးမြောက်အောင် ဆောင်ရွက်ခြင်းနှင့် အမှားအယွင်းဖြစ်ပေါ်ပါက ရိုးသားစွာ တင်ပြခြင်းတို့ကို လုပ်ငန်းခွင်ယဉ်ကျေးမှုတစ်ရပ်အဖြစ် တည်ဆောက်သင့်သည်။

ယနေ့ခေတ်တွင် နည်းပညာတိုးတက်လာမှုနှင့်အတူ ဝန်ထမ်းစီမံခန့်ခွဲမှု လုပ်ငန်းများတွင်လည်း ဒီဂျစ်တယ်နည်းပညာများကို အသုံးပြုလာကြသည်။ ဝန်ထမ်းအချက်အလက်များ စီမံသိမ်းဆည်းခြင်း၊ အလုပ်တာဝန်များ ခွဲဝေပေးခြင်း၊ အစီရင်ခံစာများ ပြုစုခြင်းနှင့် လုပ်ငန်းတိုးတက်မှုကို စောင့်ကြည့်ခြင်းတို့တွင် သင့်လျော်သော နည်းပညာများ အသုံးပြုနိုင်သည်။ သို့သော် နည်းပညာသည် လူ့စွမ်းအားကို အစားထိုးရန်အတွက်သာမဟုတ်ဘဲ ဝန်ထမ်းများ၏ လုပ်ငန်းကို ပိုမိုလွယ်ကူ၊ မြန်ဆန်ထိရောက်စေရန် အထောက်အကူပြုသည့် ကိရိယာတစ်ခုအဖြစ် အသုံးချသင့်သည်။ နည်းပညာအသုံးပြုရာတွင်လည်း ဝန်ထမ်းများ၏ ကိုယ်ရေးအချက်အလက်များနှင့် လုပ်ငန်းဆိုင်ရာ အရေးကြီးအချက်အလက်များ၏ လုံခြုံရေးကို အထူးဂရုပြုသင့်သည်။

အနှစ်ချုပ်အားဖြင့် ဝန်ထမ်းစီမံခန့်ခွဲမှုသည် အဖွဲ့အစည်းတစ်ခု၏ အောင်မြင်မှုအတွက် အလွန်အရေးကြီးသော စီမံခန့်ခွဲမှုလုပ်ငန်းစဉ်တစ်ရပ်ဖြစ်သည်။ အထူးသဖြင့် လူကိုအဓိကထားသည့် စီမံခန့်ခွဲမှုစနစ်သည် ဝန်ထမ်းများ၏ ယုံကြည်မှုနှင့် အလုပ်အပေါ် စိတ်အားထက်သန်မှုကို မြှင့်တင်ပေးနိုင်သည်။ ဝန်ထမ်းများနှင့် အဖွဲ့အစည်းအကြား ယုံကြည်မှု၊ လေးစားမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ ခိုင်မာလာသည်နှင့်အမျှ လုပ်ငန်းခွင်သည် ပိုမိုတည်ငြိမ်ပြီး ထိရောက်လာမည်ဖြစ်သည်။ ထို့ကြောင့် မည်သည့်အဖွဲ့အစည်းမဆို **"လူသည် အဖွဲ့အစည်း၏အဓိကအင်အား"**ဟူသော အယူအဆကိုအခြေခံ၍ ဝန်ထမ်းများ၏ အရည်အချင်းနှင့် အလားအလာများကို တန်ဖိုးထားမြှင့်တင်ပေးသင့်သည်။ ဝန်ထမ်းကောင်းများကို မွေးထုတ်ပေးနိုင်ပြီး ထိုဝန်ထမ်းများကို ထိရောက်စွာ စီမံခန့်ခွဲနိုင်သည့် အဖွဲ့အစည်းများသာ ရေရှည်တည်တံ့ခိုင်မြဲပြီး အောင်မြင်သောအဖွဲ့အစည်းများအဖြစ် ရပ်တည်နိုင်မည်ဖြစ်ပါကြောင်း။ ။

# System Breakdown ဖြစ်စဉ်များနှင့်စပ်လျဉ်း၍ မိဘပြည်သူများသို့ အသိပေးမေတ္တာရပ်ခံခြင်း

၂၀၂၆ ခုနှစ် စက်တင်ဘာလ ၂၀ ရက်

❖ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနသည် နိုင်ငံတော်၏လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးစနစ် ပိုမိုကြံ့ခိုင်လာစေရေး အားဖြည့်တည်ဆောက်နေစဉ်အတွင်းမှာပင် ပြည်သူများ လျှပ်စစ်ဓာတ်အား ပိုမိုအသုံးပြုနိုင်စေရန်အတွက် တိုးမြှင့်ဖြန့်ဖြူးပေးလျက်ရှိပါသည်။

❖ ယနေ့အချိန်တွင် အချို့သော မဟာဓာတ်အားလိုင်းကြီးများ ဖျက်ဆီးခံထားရချိန်ဖြစ်သဖြင့် ကျန်ရှိနေသောဓာတ်အားလိုင်းကြီးများသည် ဝန်ပိုများကို ဆတိုး၍သယ်ဆောင်ထားနေရသည့် အခြေအနေဖြစ်ပါသည်။

❖ ယင်းသို့ဝန်ပိုများကိုကြာရှည်စွာသယ်ဆောင်ထားရသည်နှင့်အမျှ ဝန်သယ်ကြိုးများတွင် ဒဏ်ဖြစ်ပေါ်လာပြီး ဝန်သယ်နိုင်အား လျော့ကျလာလျက်ရှိပါသည်။

❖ ပို၍ဆိုးသည်မှာ ဓာတ်အားလိုင်းကြီးများအပါအဝင် ဓာတ်အားစနစ်တစ်လျှောက် မိုးကြိုးလျှပ်စစ်အန္တရာယ်မှ အကာအကွယ်ရရှိနိုင်ရန်အတွက် တာဝါတိုင်များတွင် တပ်ဆင်ထားသည့် မြေစိုက်ကြိုး(Earth Wire)များကို ဖြုတ်၍ခိုးယူခြင်း၊ တာဝါတိုင်အခြေမှ သံပေါင်များ၊ ဘို့နပ်များကိုဖြုတ်၍ ခိုးယူခြင်းများကြောင့် ဓာတ်အားစနစ်သည် မိုးကြိုးလျှပ်စီးဒဏ်မှ အကာအကွယ်မဲ့သွားပြီး ဝန်သယ်ကြိုးများတွင် ဒဏ်များ ပိုမိုဖြစ်ပေါ်လာ၍ ပြတ်ကျခြင်း၊ တာဝါတိုင်များသည် ကြံ့ခိုင်မှုအားနည်းသွားပြီး အလိုအလျောက် (သို့မဟုတ်) သာမန်လေပြင်းတိုက်ရုံမျှဖြင့် ပြိုလဲခြင်းတို့ ဖြစ်ပေါ်လျက်ရှိပါသည်။

❖ ထို့အပြင် ဘို့နပ်များကို ဖြုတ်ယူနိုင်ခြင်းမရှိစေရန်အတွက် အချို့နေရာများတွင် လျှပ်စစ်ဂဟေဖြင့်ဆက်၍ ဆောင်ရွက်နေရခြင်းကြောင့် အချိန်ကြာလာသည်နှင့်အမျှ ယင်းနေရာတွင် သံချေးစား၍ တာဝါတိုင်ကျိုးပြတ်ခြင်းများ ဖြစ်ပေါ်လာမည်ဖြစ်ပါသည်။

❖ ယင်းဖြစ်စဉ်များသည် နိုင်ငံတော်ဓာတ်အားစနစ်၏ အနှောင့်အယှက်၊ အဖျက်အဆီးများဖြစ်ပြီး ဓာတ်အားစနစ်တစ်လျှောက် မကြာခဏအပြစ်ဖြစ်ပေါ်၍ နေရာဒေသအလျောက် ဓာတ်အားပြတ်တောက်ခြင်း၊ အချို့အချိန်များတွင် တစ်နိုင်ငံလုံး ဓာတ်အားပြတ်တောက်၍ System Breakdown ဖြစ်ခြင်းတို့၏ အဓိကအကြောင်းတရားများဖြစ်သည်ကို တွေ့ရှိရပါသည်။

❖ System Breakdown ဖြစ်ပေါ်သည်နှင့် ဝန်ထမ်းများသည် အချိန်ကာလ၊ နေရာဒေသမရွေး ချက်ချင်းအပြစ်ရှာဖွေ ပြင်ဆင်မှုများ ပြုလုပ်ခဲ့ကြသော်လည်း အမြန်ဆုံးလျှပ်စစ်ဓာတ်အား ပြန်လည်ရရှိသည့်နေရာမှာ မိနစ် ၃၀ ကြာမြင့်ပြီး အချို့နေရာဒေသများတွင် ၅ နာရီခန့် ကြာမြင့်သည်ဖြစ်ရာ နိုင်ငံတော်တွင် ကြီးမားသောနစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်စေလျက်ရှိပါသည်။

❖ သို့ဖြစ်ရာ မိဘပြည်သူများအနေဖြင့် နိုင်ငံတော်၏လျှပ်စစ်ဓာတ်အားစနစ်ကို ဝိုင်းဝန်းကာကွယ်စောင့်ရှောက်ကြပါရန်နှင့် နှောင့်ယှက်ဖျက်ဆီးသူများကို ဖော်ထုတ်သတင်းပေးကြပါရန် အသိပေးမေတ္တာရပ်ခံအပ်ပါသည်။

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**



ဓာတ်အားပို့လွှတ်သည့်တာဝါတိုင်များတွင် တပ်ဆင်ထားသည့် မြေစိုက်ကြိုး(Earth Wire) များဖြုတ်၍ ခိုးယူခံထားရမှုကို တွေ့ရစဉ်။




တာဝါတိုင်များအခြေတွင် သံပေါင်များ၊ ဘို့နပ်များဖြုတ်၍ ခိုးယူခံထားရမှုကို တွေ့ရစဉ်။




သံပေါင်များ၊ ဘို့နပ်များ ခိုးယူခြင်းမခံရစေရန်အတွက် ဂဟေဆော်၍ တွဲဆက်နေမှုကို တွေ့ရစဉ်။

## လျှပ်စစ်ဓာတ်အား ပျောက်ဆုံးမှုလျော့နည်းကျဆင်းရေး၊ AMI စနစ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၀

သာကေတမြို့နယ်ရှိ အများပြည်သူ ရပ်ကွက်များတွင် ဓာတ်အားပျောက်ဆုံးမှု ၂၀ ရာခိုင်နှုန်းခန့် ရှိနေသဖြင့် ဌာနမှ ၅ ယူနစ်ပေးတိုင်း ၁ ယူနစ် ပျောက်ဆုံးလျက် ရှိကြောင်း၊ ဓာတ်အားလေလွင့်ပျောက်ဆုံးမှု အနည်းဆုံးဖြစ်စေရန် ရည်မှန်းချက်ထား ဆောင်ရွက်ရန် လိုအပ်ကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း ဥက္ကဋ္ဌသည် ယမန်နေ့နံနက်ပိုင်းက သာကေတမြို့နယ် လျှပ်စစ်မန်နေဂျာရုံး၌ ခရိုင် လေးခရိုင်နှင့် သာကေတ၊ ဒဂုံ၊ အလုံ၊ အင်းစိန်၊



မရမ်းကုန်းမြို့နယ် လျှပ်စစ်မန်နေဂျာရုံးတို့မှ တာဝန်ရှိသူများနှင့်တွေ့ဆုံစဉ် တိုက်တွန်းမှာကြားသည်။

ထိုသို့တွေ့ဆုံစဉ် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၊ အရှေ့ပိုင်းခရိုင် လျှပ်စစ်မန်နေဂျာက ခရိုင်အတွင်း ဓာတ်အားပျောက်ဆုံးမှု လျော့နည်းကျဆင်းရေး၊ ဓာတ်အားခကြွေးကျန်ကျဆင်းရေး ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ သာကေတမြို့နယ်အတွင်း တိုင်ပေါ်မှ မီတာများအား တိုင်အောက်သို့ ပြောင်းရွှေ့တပ်ဆင်ခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများနှင့် Analog၊ OMR မီတာဟောင်းများအား AMI စနစ်သို့ ပြောင်းလဲရန်အတွက် Smart Digital မီတာအသစ်များဖြင့် အစားထိုး လဲလှယ်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ AMI စနစ် ပြောင်းလဲခြင်းနှင့်အတူ ဒီဂျစ်တယ်နည်းပညာ အသုံးပြု၍ လုပ်ငန်းစနစ်များ ပြောင်းလဲတိုးတက်အောင် တစ်ပါတည်း ဆောင်ရွက်ရေး၊ လုပ်ငန်းစီမံချက်ပါအတိုင်း သတ်မှတ်ကာလအတွင်း စနစ်တကျပြီးစီးအောင် ဆောင်ရွက်ရေးတို့ကို အသေးစိတ်မှာကြားပြီး ဆွေးနွေးတင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ကလောမြို့နယ် သမဝါယမအသင်းစု နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေးကျင်းပ

ကလော စက်တင်ဘာ ၂၀

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ် အောင်ပန်းမြို့၌ စက်တင်ဘာ ၁၉ ရက် နံနက် ၁၀ နာရီက မြို့နယ်သမဝါယမအသင်းစု လီမိတက်၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကျင်းပသည်။

ဦးစွာ ကလောမြို့နယ် သမဝါယမအသင်းစုလီမိတက်ဥက္ကဋ္ဌ သဘာပတိဦးခင်ထွန်းက အမှာစကားပြောကြားပြီး ရှမ်းပြည်နယ် (တောင်ပိုင်း) သမဝါယမအသင်းစုချုပ် ဒုတိယဥက္ကဋ္ဌ ဦးဖေသန်းနှင့် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိဦးညီညီအောင်တို့က (၁/၂၀၂၆) ပြင်ဆင်သည့် သမဝါယမဥပဒေနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် ကလောမြို့နယ် သမဝါယမအသင်းစုမှ တာဝန်ရှိသူများက အမှုဆောင်အဖွဲ့၏ အစီရင်ခံစာ၊ နှစ်ချုပ်ဘဏ္ဍာရေးရှင်းတမ်း၊ အမြတ်ခွဲဝေမှုနှင့်ရှေ့လုပ်ငန်းစဉ်များပြင်ဆင်သည့်အသင်းစည်းကမ်းကို ဖတ်ကြားတင်ပြခဲ့ရာ တင်ပြချက်များအပေါ် သဘာပတိက အသင်းဝင်ကိုယ်စားလှယ်များ၏ဆန္ဒသဘောထားရယူ၍ အတည်ပြုကြေညာခဲ့ကြောင်း သိရသည်။

**ကျော်ဝင်း(ကလော)**



## ရေကြီးနစ်မြုပ်လယ်မြေများ မိုးစပါးပြန်လည်စိုက်ပျိုးနိုင်ရေး ပြင်ဆင်ဆောင်ရွက်

ဟင်္သာတ စက်တင်ဘာ ၂၀

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စက်မှုလယ်ယာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်(စက်မှု) ဦးအောင်ကျော်ကျော်သည် ယနေ့နံနက်ပိုင်းက ဟင်္သာတမြို့ အမှတ်(၂)



အလတ်စားစက်ပြင်အလုပ်ရုံသို့ ရောက်ရှိပြီး တိုင်းဒေသကြီးဦးစီးမှူး၊ စက်ရုံမှူးနှင့် ဟင်္သာတခရိုင်အတွင်းရှိ ခရိုင်ဦးစီးမှူးနှင့် မြို့နယ်ဦးစီးမှူးများ၊ စက်မောင်းဝန်ထမ်းများ၊ စက်ပြင်ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

ယင်းသို့ တွေ့ဆုံရာတွင် ရေကြီးနစ်မြုပ်ခဲ့သော လယ်မြေများတွင် မိုးစပါး အချိန်မီပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် ထွန်ယက်ရေးလုပ်ငန်းများ ဆောင်ရွက်မည့်ဝန်ထမ်းများနှင့်တောင်သူများ၏ လယ်ယာသုံးစက်များအား ပြုပြင်ထိန်းသိမ်းပေးမည့် စက်ပြင်ဝန်ထမ်းများ ထွန်ယက်ရေးလုပ်ငန်းများ အချိန်မီပြီးစီးနိုင်ရေး၊ စက်ယန္တရားများ ကြံ့ခိုင်ကောင်းမွန်စွာအသုံးပြုနိုင်ရေး၊ စက်ချို့ယွင်းမှုများ ဖြစ်ပေါ်ပါက အချိန်မီပြုပြင်ဆောင်ရွက်ပေးနိုင်ရေးနှင့် တောင်သူများ၏ လယ်ယာလုပ်ငန်းများ အဆင်ပြေချောမွေ့စေရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ရန် လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

**နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

# ၂၀၂၆ ခုနှစ် စက်တင်ဘာလ တတိယ ၁၀ ရက်ပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

**နေပြည်တော် စက်တင်ဘာ ၂၀**

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

စက်တင်ဘာလ ဒုတိယ ၁၀ ရက်ပတ်အတွင်း ဖြစ်ပေါ်လျက်ရှိသော လေဖိအားနည်းရပ်ဝန်းသည် စက်တင်ဘာလ တတိယ ၁၀ ရက်ပတ်အတွင်း ဘင်္ဂလားပင်လယ်အော်တွင် မုန်တိုင်းငယ်အဖြစ်သို့ ပိုမိုအားကောင်းလာနိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်း ရပ်ဝန်း တစ်ကြိမ် ထပ်မံဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရသည်။ အနောက်တောင်မုတ်သုံလေသည် စက်တင်ဘာ ၂၁ ရက်မှ ၂၆ ရက်အတွင်း မြန်မာနိုင်ငံ အလယ်ပိုင်းဒေသများမှ လည်းကောင်း၊ စက်တင်ဘာ ၂၇ ရက်မှ အောက်တိုဘာ ၂ ရက်အတွင်း မြစ်ဝကျွန်းပေါ်ဒေသများမှ လည်းကောင်း အသီးသီးဆုတ်ခွာသွားဖွယ်ရာရှိသည်။ အနောက်တောင်မုတ်သုံလေသည် ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အားအနည်းငယ်မှ အားအသင့်အတင့်ရှိနိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

မိုးရွာသွန်းမှု အခြေအနေမှာ ရန်ကုန်တိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် ရွာသွန်းမြဲအောက် လျော့နည်းနိုင်ကာ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး (အရှေ့ပိုင်း)၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ခုနစ်ရက်မှ ကိုးရက်ခန့်နှင့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း)၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် လေးရက်မှ ခြောက်ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့နှင့် ကသာမြို့တို့တွင် ပေဝက်မှ နှစ်ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပြီး သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် နှစ်ပေမှ ငါးပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် ပေဝက်မှ နှစ်ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

မြစ်သာမြစ်ရေသည် ကလေးမြို့တွင် နှစ်ပေခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့နှင့် ပဲခူးမြို့တို့တွင် တစ်ပေမှ တစ်ပေခွဲခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် နှစ်ပေခန့်၊ ငဝန်မြစ်ရေသည် သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် ပေဝက်မှ တစ်ပေခန့်၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် တစ်ပေခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် နှစ်ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပြီး သံလွင်မြစ်ရေသည် ဘားအံမြို့တွင် တစ်ပေခွဲခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့၊ ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် ပေဝက်မှ တစ်ပေခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် ပေဝက်မှ တစ်ပေခန့်၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ပေဝက်ခန့်နှင့် ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် ပေဝက်ခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

မိုး/ဇလ

# နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များကို ထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆို

**နေပြည်တော် စက်တင်ဘာ ၂၀**



နိုင်ငံတော် တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် နယ်မြေလုံခြုံရေးတာဝန်များကို သက်စွန့်ကြိုးပမ်း ထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကယားပြည်နယ် လောပိတမြို့ရှိ နယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ အရှေ့ပိုင်း တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်နိုင်ဦးနှင့်တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအကအဖွဲ့များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင် စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ် စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နိုင်ငံတော် တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို နေ့မအား၊ ညမနား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့ကြသော ရှေ့တန်းပြန် တပ်မတော်သားများအား တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ဂုဏ်ပြုပန်းကုံးများ၊ အောင်သပြေခက်များကမ်း၍ လည်းကောင်း၊ အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့် လည်းကောင်း သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြသည်။ ယင်းနောက် တိုင်းမှူးက အောင်ပွဲရ ရှေ့တန်းပြန် တပ်မတော်သားများအား ဂုဏ်ပြုအမှာစကား ပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်



(၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင်ရဲတပ်ဖွဲ့မှူး ယာယီ ဒုတိယရဲမှူးကြီး သန်းနု ဦးဆောင်၍ ရဲတပ်ဖွဲ့ဝင်များက စက်တင်ဘာ ၂၀ ရက်တွင် မြိတ်မြို့ ပြည်သူ့ဆေးရုံဝင်းအတွင်း၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။ ခိုင်ထူး(ပြန်/ဆက်)



(၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင်ရဲတပ်ဖွဲ့မှ ဒုတိယရဲမှူးကြီး သန်းဦး ဦးဆောင်သော တပ်ဖွဲ့ဝင်များက ဖျာပုံပြည်သူ့ဆေးရုံကြီး၌ စက်တင်ဘာ ၁၉ ရက်တွင် စုပေါင်းသွေးလှူဒါန်းစဉ်။ ခရိုင်(ပြန်/ဆက်)



(၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် အမှတ်(၂)လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့မှူးရုံးနှင့် ကွပ်ကဲမှုအောက်ရှိ ရှေ့တန်းအမှတ်(၁၅) လုံခြုံရေးရဲတပ်ဖွဲ့ခွဲတို့က စက်တင်ဘာ ၂၀ ရက်တွင် ဒဂုံမြို့နယ် ဆံတော်ကြိုအလံပြဘုရား၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။ အောင်မြင့်(ပြန်/ဆက်)



(၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကချင်ပြည်နယ်ရဲတပ်ဖွဲ့ဝင်များက စက်တင်ဘာ ၁၈ ရက်တွင် အမှတ်(၁) တပ်မတော်ဆေးရုံ၌ ဇီဝိတဒါနအဖြစ် စုပေါင်းသွေးလှူဒါန်းကြရာ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေးနှင့် ဇနီး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကြစဉ်။

ပြည်နယ်(ပြန်/ဆက်)



(၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် သတင်းရဲတပ်ဖွဲ့ အမှတ်(၁၁)တပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီး ထွန်းဝေ၏ ကြီးကြပ်မှုဖြင့် သတင်းရဲတပ်ဖွဲ့ဝင်များက စက်တင်ဘာ ၁၉ ရက်တွင် မော်လမြိုင်မြို့ ပြည်သူ့ဆေးရုံကြီး သွေးလှူဘဏ်၌ စုပေါင်း သွေးလှူဒါန်းစဉ်။ စည်သူ(ပြန်/ဆက်)



(၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ်၌ မြို့နယ်ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များက စက်တင်ဘာ ၁၉ ရက်တွင် ပြည်သူ့ဆေးရုံ၌ စုပေါင်းသွေးလှူဒါန်းနေမှုများကို မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးမိုးထွန်း၊ ပင်လောင်းမြို့မရဲစခန်းမှူး ဒုတိယရဲမှူးခိုင်လင်းတို့က သွားရောက်ကြည့်ရှုအားပေးပြီး အားဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။

မြို့နယ်(ပြန်/ဆက်)

# ၂၀၂၆ ခုနှစ် အာရှအားကစားပြိုင်ပွဲ (Asian Games) ဂျပန်နိုင်ငံ နာဂိုယာမြို့၌ စတင်ဖွင့်လှစ်

**တိုကျို စက်တင်ဘာ ၂၀**

ဂျပန်နိုင်ငံ နာဂိုယာမြို့တွင် ၂၀၂၆ ခုနှစ် အာရှအားကစားပြိုင်ပွဲ (Asian Games) ကို ယမန်နေ့က စတင်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

အဆိုပါ အားကစားပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို Mizuho Park အားကစားကွင်း၌ ကျင်းပပြုလုပ်ပြီး နိုင်ငံနှင့် ဒေသပေါင်း ၄၅ ခုမှ အားကစားသမားများ ပါဝင်ဆင်နွှဲလျက်ရှိသည်။



ဂျပန်အသင်းမှ အားကစားသမား ၂၈၀ ကျော်သည် အခမ်းအနားအတွက် ကွင်းအတွင်းသို့ နိုင်ငံကိုယ်စားပြု နောက်ဆုံးအဖွဲ့အဖြစ် ချီတက်ဝင်ရောက်လာခဲ့ကြသည်။ ၎င်းတို့ကို ပဲရစ်အိုလံပစ်ပြိုင်ပွဲတွင် အမျိုးသမီး နပန်းအားကစားနည်း၌ ရွှေတံဆိပ်ဆွတ်ခူးရရှိခဲ့သူ ဖူဂျီနာမိ အာကာရီနှင့် ဘီအမ်အိတ်စ်စက်ဘီးပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် နာကာမူရာရီမူတို့က ဦးဆောင်ခေါ်ဆောင်လာခဲ့သည်။ ဂျပန်နိုင်ငံသည် အဆိုပါပြိုင်ပွဲအတွက် အားကစားသမား ၉၀၀ ပါဝင်သည့် ၎င်းတို့၏သမိုင်းတစ်လျှောက် အကြီးမားဆုံး ကိုယ်စားလှယ်အဖွဲ့ကို စေလွှတ်ထားခြင်း ဖြစ်သည်။

ဂျပန်ဧကရာဇ် နာရူဟီတိုက အာရှအားကစားပြိုင်ပွဲ တရားဝင်ဖွင့်လှစ်ကြောင်း ကြေညာခဲ့သည်။

အမျိုးသား သံလုံးပစ် (hammer throw) အားကစားနည်းတွင် အိုလံပစ်ရွှေတံဆိပ်ဆွတ်ခူးခဲ့ဖူးသူ မူရိုဖူရှိကိုဂျီနှင့် ၎င်း၏ဖခင်တို့က ပြိုင်ပွဲမီးရှူးတိုင်ကို မီးထွန်းညှိပေးခဲ့သည်။ အားကစားသမား ၁၀၀၀ ခန့်က မီးရှူးတိုင်ကို သယ်ဆောင်လှည့်လည်ခဲ့သည်။

ပြိုင်ပွဲတွင် အားကစားနည်းပေါင်း ၄၃ မျိုး ပါဝင်ပြီး ၎င်းတို့အနက် ၂၀၂၈ ခုနှစ် လော့စ်အိန်ဂျလိစ် အိုလံပစ်ပြိုင်ပွဲအတွက် ခြေစစ်ပွဲအဆင့်များ ပါဝင်သည့် ရေလှိုင်းစီးခြင်းနှင့် ဟော်ကီကစားနည်းတို့လည်း ပါဝင်သည်။ ထို့ပြင် ပိုက်ကျော်ခြင်းနှင့် E-sports ကဲ့သို့သော အိုလံပစ်ပြိုင်ပွဲတွင် မပါဝင်သေးသည့် အားကစားနည်းများကိုလည်း ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

၁၆ ရက်ကြာမြင့်မည့် အဆိုပါပြိုင်ပွဲကို အောက်တိုဘာ ၄ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။ ဂျပန်နိုင်ငံသည် ၁၉၉၄ ခုနှစ်က ဟီရိုရှီးမားမြို့၌ ပြိုင်ပွဲကို နောက်ဆုံးအကြိမ် လက်ခံကျင်းပခဲ့ဖူးသည်။

**အင်န်အိတ်ချ်ကေ**

## အမေရိကန်နှင့် ဒေသတွင်းအပေါင်းပါနိုင်ငံများက အမှားတစ်စုံတစ်ရာ ကျူးလွန်ပါက ပြင်းထန်သည့်တိုက်ခိုက်မှုများနှင့်တုံ့ပြန်မည်ဟု အီရန်သတိပေးပြောကြား

**တီဟီရန် စက်တင်ဘာ ၂၀**

အမေရိကန်နှင့်အရှေ့အလယ်ပိုင်း ဒေသတွင်းအပေါင်းပါနိုင်ငံများက အမှားတစ်စုံတစ်ရာ ကျူးလွန်ခဲ့ပါက ၎င်းတို့အား ပြင်းထန်သည့် တိုက်ခိုက်မှုများနှင့် တုံ့ပြန်မည်ဟု အီရန် ကာတန်အယ်လ်အာရေဗျ စစ်ဌာနချုပ်က စက်တင်ဘာ ၂၀ ရက်တွင် သတိပေးပြောကြားသည်။ ဥရောပဒေသတွင် မကြာမီကပြုလုပ်ခဲ့သည့် အစည်းအဝေးတွင် အီရန်အပေါ် အရေးယူမှုများပြန်လည်ဆောင်ရွက်ရန် အမေရိကန်ကဆုံးဖြတ်ခဲ့ကာ ၎င်းဆုံးဖြတ်ချက်အတွက် ဒေသတွင်း နိုင်ငံများ၏ ထောက်ခံမှုရရှိခဲ့သည်ဟု အီရန်နိုင်ငံက သတင်းရရှိခဲ့ကြောင်း ၎င်းစစ်ဌာနချုပ်၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

အမေရိကန်အနေဖြင့် အီရန်အပေါ်တွင် အမှားတစ်စုံတစ်ရာ ကျူးလွန်ခဲ့ပါက ဒေသတွင်းရှိ အမေရိကန်စစ်အခြေစိုက်စခန်းများနှင့် အမေရိကန်၏ အကျိုးစီးပွားများကို အကန့်အသတ်မရှိသော ပြင်းထန်သည့် တိုက်ခိုက်မှုများကို ဆောင်ရွက်မည်ဟု ၎င်းစစ်ဌာနချုပ်က သတိပေးချက်ထုတ်ပြန်ခဲ့သည်။ ဒေသတွင်းနိုင်ငံများအနေဖြင့် အီရန်အပေါ် မမျှတသည့် မူဝါဒထားရှိပြီး အမေရိကန်၏ ကျူးကျော်တိုက်ခိုက်မှုများတွင် ပူးပေါင်းဆောင်ရွက်ပါက ၎င်းတို့အား အီရန်တပ်ဖွဲ့များက ငဲ့ညှာမည်မဟုတ်ကြောင်း ၎င်းစစ်ဌာနချုပ်က ပြောကြားသည်။

**ဆင်ဟွာ**

## နီပေါနိုင်ငံ၌ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ သံတမန်ဌာနဖွဲ့စည်း

**ခတ္တမန္ဒူ စက်တင်ဘာ ၂၀**

နီပေါနိုင်ငံအတွင်း ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အရေးများကို ဖြေရှင်းဆောင်ရွက်ရန်အတွက် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ သံတမန်ဌာနအား နိုင်ငံခြားရေးဝန်ကြီးဌာနလက်အောက်တွင် ဖွဲ့စည်းခဲ့ကြောင်း သိရသည်။

နိုင်ငံအတွင်း ဩဂုတ် ၂၆ ရက်တွင် ဖြစ်ပွားခဲ့သည့် ရွှံ့နွံပြိုမှုအတွင်း အနည်းဆုံးဒေသခံ ၁၄၁၁ ဦးသေဆုံးခဲ့ပြီး နီပေါနိုင်ငံသားများနှင့် ပြည်ပနိုင်ငံသားများ အပါအဝင် ၅၈၇၅ ဦးမှာ လက်ရှိအချိန်တွင် ပျောက်ဆုံးနေကြောင်း အမျိုးသားသဘာဝဘေးလျှော့ချရေးနှင့် စီမံခန့်ခွဲရေး အာဏာပိုင်အဖွဲ့က ပြောကြားသည်။ ကမ္ဘာကြီးပူနွေးလာခြင်းကြောင့် ရေခဲမြစ်များ အရည်ပျော်ကာ ကျိုးပေါက်ပြီး နီပေါနိုင်ငံတွင် ပြီးခဲ့သည့်လက သဘာဝဘေးများဖြစ်ခဲ့ရကြောင်း ကမ္ဘာ့မိုးလေဝသ အဖွဲ့အစည်း၏ ထုတ်ပြန်ချက်အရ သိရသည်။



ရာသီဥတုပြောင်းလဲမှုများကြောင့် ဖြစ်လာသည့် အကျိုးသက်ရောက်မှုများနှင့်စိန်ခေါ်မှုများကို ဖြေရှင်းဆောင်ရွက်ရန်အတွက် ယခုဌာနကို ဖွဲ့စည်းခြင်းဖြစ်ကာ သဘာဝဘေးများကို ကာကွယ်ရန်အတွက် အဆိုပါဌာနသစ်အနေဖြင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်သည့် အဖွဲ့အစည်းပုံစံဖြင့် လုပ်ငန်းများကို ဆောင်ရွက်မည်ဖြစ်ကာ ရာသီဥတုအရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အရေးများနှင့် ဆက်စပ်သည့် နိုင်ငံတကာသံတမန်ရေးရာကိစ္စရပ်များကို ဖြေရှင်းဆောင်ရွက်ရန်အတွက် နိုင်ငံအတွင်းရှိ သက်ဆိုင်ရာ လုပ်ငန်းအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

နီပေါနိုင်ငံအနေဖြင့် ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ရေးဆိုင်ရာ နိုင်ငံတကာညီလာခံများနှင့် ပွဲများ၌ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းဖြင့် အဆိုပါအရေးတွင် ရေရှည်ဆောင်ရွက်မည့် အဖွဲ့အစည်း ဦးစားပေးပုံစံဖြင့် ပုံသွင်းဆောင်ရွက်မည်ဖြစ်ကြောင်း နီပေါနိုင်ငံခြားရေးဝန်ကြီး ရှရီဆာကာနယ်က ပြောကြားသည်။ နီပေါနိုင်ငံအနေဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ သံတမန်မူဝါဒအား နိုင်ငံတကာ ထိပ်သီးဆွေးနွေးပွဲများမှတစ်ဆင့် အဆက်မပြတ် အကောင်အထည်ဖော်ဆောင်ရွက်နေပြီး လက်ရှိအချိန်တွင် ၎င်းကြိုးပမ်းဆောင်ရွက်မှုများကို အဖွဲ့အစည်းပုံစံဖြင့် ရှေ့ဆက်ဆောင်ရွက်ရန်လိုအပ်ကြောင်း ၎င်းက ပြောကြားသည်။

**ဆင်ဟွာ**

## ဟူသီအဖွဲ့က ဆော်ဒီအာရေဗျနိုင်ငံအပေါ် တိုက်ခိုက်ပြီးနောက် တူကီယဲနိုင်ငံက နည်းပညာကူညီပေးမည်



တူကီယဲ နိုင်ငံခြားရေးဝန်ကြီး ဟာကန်ဖီဒန်

**အန်ကာရာ စက်တင်ဘာ ၂၀**

ဆော်ဒီအာရေဗျနိုင်ငံအပေါ် ဟူသီအဖွဲ့က ပြုလုပ်ခဲ့သော စစ်ရေးအရ တိုက်ခိုက်မှုများအပေါ် တုံ့ပြန်သည့်အနေဖြင့် တူကီယဲနိုင်ငံက မက္ကာ ပူးတွဲကာကွယ်ရေး သဘောတူညီချက်အရ မိမိတို့၏ ကတိကဝတ်ကို လိုက်နာဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် နည်းပညာအကူအညီများလည်းပေးမည်ဖြစ်ကြောင်း တူကီယဲနိုင်ငံခြားရေးဝန်ကြီး ဟာကန်ဖီဒန်က ယမန်နေ့က ပြောကြားခဲ့သည်။

မက္ကာသဘောတူညီချက်တွင် ပါဝင်လက်မှတ်ရေးထိုးထားသော နိုင်ငံများက ဆော်ဒီအာရေဗျနိုင်ငံအပေါ် ဟူသီအဖွဲ့၏ တိုက်ခိုက်မှုများကို အနီးကပ် စောင့်ကြည့်လျက်ရှိကြောင်း ဝန်ကြီး ဟာကန်ဖီဒန်က ရုပ်သံလိုင်းမှတစ်ဆင့် ပြောကြားခဲ့သည်။

ဟူသီတို့၏ တိုက်ခိုက်မှုနှင့်ပတ်သက်ပြီး မက္ကာသဘောတူညီချက်တွင် ပါဝင်လက်မှတ်ရေးထိုးထားသော နိုင်ငံများအနေဖြင့် စည်းလုံးညီညွတ်စွာ ရပ်တည်လျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ဆော်ဒီအာရေဗျနိုင်ငံ၏ စစ်ရေးအကူအညီ လိုအပ်ချက်များသည် အချို့သော နည်းပညာပိုင်းဆိုင်ရာ ကိစ္စရပ်များအပေါ် အခြေခံထားဖွယ်ရှိပြီး တူကီယဲနိုင်ငံအနေဖြင့် အဆိုပါလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း ဝန်ကြီး ဟာကန်ဖီဒန်က ပြောကြားခဲ့သည်။

မက္ကာသဘောတူညီချက် အကောင်အထည်ဖော်မှု နှေးကွေးနေသည်ဟူသော ပြောဆိုချက်များကို တူကီယဲနိုင်ငံခြားရေးဝန်ကြီး ဟာကန်ဖီဒန်က ပယ်ချခဲ့ပြီး အဆိုပါ မဟာမိတ်အဖွဲ့သည် ဒေသတွင်းရှိ နိုင်ငံများအတွက် ပွင့်လင်းမြင်သာမှုရှိကာ "အသွင်ကူးပြောင်းရေးဆိုင်ရာ ပလက်ဖောင်းတစ်ခု" ဖြစ်ကြောင်းလည်း ထောက်ပြပြောဆိုခဲ့သည်။

မက္ကာပူးတွဲကာကွယ်ရေး သဘောတူညီချက်ကို ဩဂုတ် ၇ ရက်က ဆော်ဒီအာရေဗျနိုင်ငံ မက္ကာမြို့၌ ဆော်ဒီအိမ်ရှေ့မင်းသားနှင့် ဝန်ကြီးချုပ် မိုဟာမက်ဘင်ဆာလမန်၊ တူကီယဲသမ္မတ အာဒိုဂန်နှင့် ပါကစ္စတန်ဝန်ကြီးချုပ် ရှာဗတ် ရှရစ်ဖ်တို့က လက်မှတ်ရေးထိုးခဲ့ကြသည်။

သဘောတူညီချက်အရ လက်မှတ်ရေးထိုးထားသည့် နိုင်ငံတစ်နိုင်ငံကို တိုက်ခိုက်ခြင်းသည် နိုင်ငံအားလုံးကို တိုက်ခိုက်ခြင်းအဖြစ် သတ်မှတ်မည်ဖြစ်သည်။

မကြာသေးမီလများအတွင်း ဆော်ဒီအာရေဗျနိုင်ငံနှင့် ယီမင်နိုင်ငံရှိ ဟူသီအဖွဲ့တို့အကြား အပြန်အလှန်တိုက်ခိုက်မှုများ ထပ်လဲလဲပြုလုပ်ခဲ့ကြသဖြင့် တင်းမာမှုများ မြင့်တက်လာခဲ့သည်။

**ဆင်ဟွာ**




## နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် စက်တင်ဘာ ၂၀**

ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ **မိုး/ဇလ**

## ရန်ကုန်မြို့အမျိုးသားပြတိုက်သို့ ရန်ကင်းမြို့နယ်မှ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများ သွားရောက်လေ့လာ

**ရန်ကင်း စက်တင်ဘာ ၂၀**

ကျောင်းသား ကျောင်းသူ၊ လူငယ်လူရွယ်များ နိုင်ငံ၏ ခိုင်မာသည့်သမိုင်းကြောင်း အစဉ်အလာနှင့် ယဉ်ကျေးမှုတန်ဖိုးများ သိရှိနားလည်လာစေရန်၊ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားလာစေရန်နှင့် ဘိုးဘွားများ၏ ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းမြှင့်တင်လိုစိတ်ရှိစေရန် ရည်ရွယ်၍ ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းခရိုင် ရန်ကင်းမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူ ၁၀၀ နှင့် ဆရာ ဆရာမများသည် ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ အမျိုးသားပြတိုက်သို့ သွားရောက်လေ့လာကြသည်။



ဦးစွာ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် ရန်ကုန်မြို့ ပြည်လမ်းရှိ အမျိုးသားပြတိုက်သို့ ရောက်ရှိကြပြီး ခေတ်အဆက်ဆက် သမိုင်းမှတ်တမ်းများ၊ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များကို စိတ်ဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ရာ အမျိုးသားပြတိုက်မှ တာဝန်ရှိသူများက အမျိုးသားပြတိုက်၏ သက်တမ်း၊ မြန်မာ့သမိုင်းနှင့် ယဉ်ကျေးမှုဆိုင်ရာ ပြခန်းများအကြောင်းကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**လှလှထွေး(ပြန်/ဆက်)**



## ဟင်္သာတမြို့နယ်၌ သမဝါယမအသင်း အမှုဆောင်သစ်ရွေးချယ်ပွဲ ကျင်းပ

**ဟင်္သာတ စက်တင်ဘာ ၂၀**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ် သမဝါယမအသင်းစု ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် အမှုဆောင်သစ် ရွေးချယ်တင်မြှောက်ခြင်းကို ယနေ့မွန်းလွဲပိုင်းက မြို့နယ်သမဝါယမအသင်းစုရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီး သမဝါယမဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးနှင့် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိတို့က အမှာစကားပြောကြားသည်။ ထို့နောက် အသင်းအမှုဆောင်များက အစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်းများကို ဖတ်ကြားရှင်းလင်း၍ အသင်းဝင်ကိုယ်စားလှယ်များ၏ အတည်ပြုချက်ကို ရယူခဲ့ပြီး အမှုဆောင်သစ်များ ပြန်လည်ရွေးချယ်ခြင်း၊ တာဝန်ခွဲဝေသတ်မှတ်ခြင်း၊ ကတိသစ္စာခံယူခြင်းတို့ ဆောင်ရွက်ခဲ့ကြသည်။

**ခရိုင်(ပြန်/ဆက်)**

## ရန်ကုန်မြို့ အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်သို့ မြောက်ဥက္ကလာပမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများ သွားရောက်လေ့လာ



**ရန်ကုန် စက်တင်ဘာ ၂၀**

ရန်ကုန် တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူ ၁၀၀ နှင့် ဆရာ ဆရာမများသည် ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ရှိ အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်သို့ သွားရောက်လေ့လာကြသည်။

**ရှင်းလင်းပြောကြား**

ထိုသို့ သွားရောက်လေ့လာစဉ် အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်စောနန်းနွယ်က အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက် သမိုင်းအကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်မှ တာဝန်ရှိသူများက မြောက်ဥက္ကလာပမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ဆရာမကြီး ဦးဆောင်သော ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအား မော်ကွန်းတိုက်၏ စာရွက်စာတမ်းများ ထိန်းသိမ်းခြင်း၊ လုပ်ငန်းများ လေ့လာခြင်း၊ စာရွက်စာတမ်းများ၊ သတင်းစာများ သို့မဟုတ် စာအုပ်များကို အရွယ်အစား အလွန်သေးငယ်အောင် (Micro film ဖလင်ပေါ်သို့) ဓာတ်ပုံရိုက်ကူး သိမ်းဆည်းခြင်း၊ မိုက်ခရိုဖလင် ရိုက်ကူးခြင်းလုပ်ငန်းများနှင့် ပြခန်းများအကြောင်းကို ရှင်းလင်းပြောကြားပြီး ကျောင်းသား ကျောင်းသူများအား ပျော်ရွှင်ဖွယ် ဉာဏ်စမ်းပြိုင်ပွဲများ ကျင်းပဆောင်ရွက်ခဲ့ရာ အမှတ်တရ လက်ဆောင်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သက်လွင်စိုး(ပြန်/ဆက်)**

## ပြင်ဦးလွင်မြို့နယ်၌ အသိပညာပေး ဟောပြောပွဲကျင်းပ

**ပြင်ဦးလွင် စက်တင်ဘာ ၂၀**

ပြင်ဦးလွင်မြို့တွင် ခရိုင်/မြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့တို့ ပူးပေါင်း၍ အသိပညာပေးဟောပြောခြင်းကို ယမန်နေ့မွန်းလွဲပိုင်းက အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းရှိ ကမ္ဘောဇဆောင်ခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြင်ဦးလွင်ခရိုင်အမျိုးသမီးရေးရာအဖွဲ့ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ရွှေမိုးသူဇာက အမှာစကားပြောကြားသည်။

ဆက်လက်၍ စာရေးဆရာ ကိုရွှေအောင်သင်းက ကျောင်းသား ကျောင်းသူများအား လူငယ်ရေးရာ အသိပညာပေးဟောပြောပြီး တက်ရောက်လာသူများအား အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**





ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် မြို့မဈေး၌ မြို့နယ်မီးသတ်ဦးစီးမှူး ဦးကောင်းထက်နိုင် ဦးဆောင်မှုဖြင့် သန္နေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များက စက်တင်ဘာ ၂၀ ရက်တွင် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး လက်တွေ့သရုပ်ပြ ဇာတ်တိုက်လေ့ကျင့်ခြင်းများ ဆောင်ရွက်စဉ်။

မြို့နယ်(ပြန်/ဆက်)

## ဖူးဘုရားစေတီတော် ဗုဒ္ဓပူဇနိယပွဲတော်၌ ဆွမ်းသပိတ်လုံးလောင်းလှူပူဇော်ခြင်းများ ကျင်းပ



ညောင်ဦး စက်တင်ဘာ ၂၀

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံမြို့ဟောင်းရှိ ဖူးဘုရားစေတီ ဗုဒ္ဓပူဇနိယပွဲတော်၌ ပင့်သံဃာတော်အရှင်သူမြတ်များအား ဆွမ်းသပိတ်လုံးလောင်းလှူပူဇော်ခြင်းကို စက်တင်ဘာ ၁၉ ရက် က ကျင်းပသည်။

အဆိုပါ ပွဲတော်တွင် ညောင်ဦးမြို့နယ် နတ်ထောင့်ကျောင်းဆရာတော် ဘဒ္ဒန္တသုန္ဒရထံမှ ကိုးပါးသီလခံယူဆောက်တည်ကြပြီး ကြွရောက်လာသည့် ဆရာတော်များထံမှ မေတ္တသုတ်ပရိတ်တရားတော်များ နာယူကြည်ညို ကြကာ ဖူးဘုရားစေတီတော် ဂေါပကအဖွဲ့နှင့် ဗုဒ္ဓပူဇနိယပွဲတော်လာ ဧည့်ပရိသတ်များက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နတ်ထောင့်ကျောင်း ဆရာတော်ထံမှ အနုမောဒနာတရား နာယူ၍ ရေစက်သွန်းချအမျှပေးဝေကြသည်။ ဆက်လက်၍ ပင့်သံဃာ ၄၅ ပါးတို့အား ဖူးဘုရားစေတီရင်ပြင်တော်ပေါ်၌ ဆွမ်းသပိတ်လုံးများ လောင်းလှူခဲ့ကြကြောင်း သိရသည်။

ဒီပါလင်း

## ထားဝယ်မြို့၌ ၂၀၂၆ ခုနှစ် ပါဠိပထမပြန်စာမေးပွဲ ဖြေဆိုအောင်မြင်ကြသော သံဃာတော်များ၊ သီလရှင်များနှင့် လူပုဂ္ဂိုလ်တို့အား ဆုချီးမြှင့်သည့် ဆုနှင်းသဘင်ကျင်းပ

ထားဝယ် စက်တင်ဘာ ၂၀

၂၀၂၆ ခုနှစ် ပါဠိပထမပြန်စာမေးပွဲတွင် ဖြေဆိုအောင်မြင်ကြသော သံဃာတော်များ၊ သီလရှင်များနှင့် လူပုဂ္ဂိုလ်တို့အား ဆုချီးမြှင့်သည့် ဆုနှင်းသဘင်အခမ်းအနားကို ယနေ့နံနက်ပိုင်းက ထားဝယ်မြို့ မဟာသိဒ္ဓိမာရ်အောင် ထန်းတောအရှေ့ပရိယတ္တိစာသင်တိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးလူမှုရေးရာဝန်ကြီး အမှူးပြုသော ဖိတ်ကြားထားသည့်ဧည့်သည်တော်များက ထားဝယ်မြို့ မဟာသိဒ္ဓိမာရ်အောင် ထန်းတောအရှေ့ပရိယတ္တိစာသင်တိုက် ပဓာနနာယက မြို့နယ်သံဃနာယကအဖွဲ့ (သုဓမ္မာဂိုဏ်း) ဥက္ကဋ္ဌ အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တဝိဇ္ဇောဒယထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးလူမှုရေးရာဝန်ကြီး၊ တိုင်းဒေသကြီး အစိုးရအဖွဲ့အတွင်းရေးမှူးနှင့် တာဝန်ရှိသူများက ထားဝယ်စာဖြေဌာနမှ အောင်မြင်တော်မူသည့် ပထမကြီးတန်း လေးပါး၊ ပထမလတ်တန်း ငါးပါး၊ ပထမငယ်တန်း ၂၄ ပါး၊ အခြေပြုမူလတန်း ၃၃ ပါးတို့အား အောင်



လက်မှတ်၊ စာအောင်ဆုနှင့် လှူဖွယ်ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

## ဗုဒ္ဓါဘိသေကအနေကဇာတင်နှင့် ပရိတ်ရွတ်ဖတ်ခြင်းအခမ်းအနား ကျင်းပ

ချောင်းသာ စက်တင်ဘာ ၂၀

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် မြန်မာနိုင်ငံ လူမှုကယ်ဆယ်ရေးအဖွဲ့၊ ချောင်းသာမြို့အခြေစိုက် ဓမ္မပါလ သဘာဝဘေးအန္တရာယ်နှင့် လူမှုကူညီရေးအသင်းရုံး၌ ဗုဒ္ဓါဘိသေက အနေကဇာတင်ခြင်းနှင့် မြို့တွင်းသို့ လှည့်လည်ပရိတ်ရွတ်ဖတ်ခြင်း အခမ်းအနားကို ယနေ့ နံနက်ပိုင်းက ပြုလုပ်သည်။

အခမ်းအနားတွင် ဖိတ်ကြားထားသော သံဃာတော်အရှင်



သူမြတ်များထံမှ ပရိတ်တရားတော်များနာယူခြင်း၊ ဗုဒ္ဓါဘိသေက အနေကဇာတင်ခြင်းနှင့် ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းခြင်းတို့ကို ပြုလုပ်ခဲ့ကြသည်။

ထို့နောက် ဓမ္မပါလသဘာဝဘေးအန္တရာယ်နှင့် လူမှုကူညီရေးအသင်းမှ အသင်းသား အသင်းသူများနှင့် အလှူရှင်များက မြို့သူမြို့သားများ ဘေးအန္တရာယ်ကင်းရှင်းပြီး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြစေရန် ရည်ရွယ်၍ မြို့တွင်းလမ်းများအတိုင်း လှည့်လည်၍ ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ခဲ့ကြကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

## ညောင်ရွှေမြို့ သီတင်းကျွတ်ဖောင်တော်ဦးဘုရားပွဲတော်ကျင်းပရေး အစည်းအဝေးပြုလုပ်

ညောင်ရွှေ စက်တင်ဘာ ၂၀

ရှမ်းပြည်နယ် ညောင်ရွှေမြို့ သီတင်းကျွတ် ဖောင်တော်ဦး ဘုရားပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၂၀ ရက်က ရွှေတောင်ဦးစုမ့်မိန်းစေတီတော် ဓမ္မာရုံ၌ ကျင်းပသည်။

ဦးစွာ အင်းသားတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်နှင့်



ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များက အမှာစကား ပြောကြားသည်။ ဆက်လက်၍ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှမင်းနှင့် ပွဲတော်ကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌတို့က ပွဲတော်ကျင်းပရေး လုပ်ငန်းများ ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

ဖောင်တော်ဦး ဘုရားပွဲတော်ကြီးကို အောက်တိုဘာ ၁၈ ရက်မှ ၂၀ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

စိုင်းအယ်ဘဲ

❖ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာ ယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာ မှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။
❖ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။



(၆၂)နှစ်မြောက်မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကြံခင်းမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်ကျော်စိုး၊ ဒုမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူး နော်လင်းအောင်၊ စခန်းမှူး ဒုရဲမှူးလှခိုင်နှင့် တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများပူးပေါင်း၍ ကြံခင်းမြို့ ရွာသစ်ရပ်ကွက်တွင် စက်တင်ဘာ ၁၉ ရက်က စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။

ဖြိုးဝေလင်း(ပြန်/ဆက်)



ရန်ကုန်တိုင်းဒေသကြီး ပန်းဘဲတန်းမြို့နယ်၌ (၆၂) နှစ်မြောက်မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၉ ရက်တွင် ပန်းဘဲတန်းမြို့နယ် ရွှေတိဂုံဘုရားလမ်း အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း၌ ခေတ္တမြို့နယ် အုပ်ချုပ်ရေးမှူး ဦးဘုန်းမြင့် ဦးဆောင်ပြီး ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး မျိုးမြင့်ကြီးမှူး၍ ရဲတပ်ဖွဲ့ဝင်များ၊ လမ်းတံတား၊ ပန်းဥယျာဉ် ဝန်ထမ်းများ၊ ပြည်သူ့ကျန်းမာရေးဌာနမှ ဆရာ ဆရာမများက စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။ မြို့နယ်(ပြန်/ဆက်)



(၆၂) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၉ ရက် နံနက်ပိုင်းတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဇော်မျိုးဝင်း၊ မြို့မရဲစခန်းမှူး ဒုတိယရဲမှူး ဟန်ဝင်းအောင်နှင့် တပ်ဖွဲ့ဝင်များက ပြည်မြို့ရှိ ဇေယျမေဒနီဘုန်းတော်ကြီးကျောင်းဝင်း အတွင်း/အပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ခြင်းနှင့် အမှိုက်သရိုက်များ သိမ်းဆည်းခြင်းတို့ ဆောင်ရွက်စဉ်။ ခရိုင်(ပြန်/ဆက်)



(၆၂) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၉ ရက်တွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ် တပင်ရွှေထီးရပ်ကွက်ရှိ ခုတင် (၃၀၀) ပြည်သူ့ဆေးရုံ၌ ဇေယျာသီရိခရိုင်ရဲတပ်ဖွဲ့မှ ခရိုင်ရဲတပ်ဖွဲ့မှူး ယာယီဒုတိယရဲမှူးကြီး ကျော်လင်းထွန်း ဦးစီး၍ ဒုတိယခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူး ဇော်မင်းနိုင်၊ ပုဗ္ဗသီရိမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးရန်နိုင်၊ ဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး အေးစိုး၊ ထုံးဘိုမြို့မရဲစခန်းမှူး ဒုရဲမှူး မောင်မောင်သိန်းနှင့်တပ်ဖွဲ့ဝင်များက စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။

အောင်ကို (ပုဗ္ဗသီရိ)




# ကြေးမုံစာအုပ်စင် စာအုပ်အမြင်

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ ထုတ်ဝေသောစာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့် သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)

## မူလတန်း/မူလွန်အဆင့် အောင်သပြေ စံပြစာစီစာကုံးများ



အမျိုးသားစာပေဆုရ ရွှေဒါးမောင်မြင့်ထွန်းရေးသားသည့် မူလတန်း/မူလွန်အဆင့်အောင်သပြေ စံပြစာစီစာကုံးများစာအုပ် ထွက်ရှိလာသည်။

စာအုပ်တွင် ကျောင်းသားဝတ္တရား၊ ကျွန်ုပ်၏မွေးနေ့အလှူ၊ သစ်ပင်စိုက်ပါ တို့မြန်မာ၊ အပျော်ရွှင်ဆုံးနေ့၊ မိဘကျေးဇူး၊ သားကောင်းရတနာ၊ သင်ယူလေ့လာ သိပ္ပံပညာ၊ ကျွန်တော်ချစ်သော ခွေးကလေး၊ ကျောင်းမှန်မှန်တက် စာမခက်၊ ကျောင်းဥယျာဉ်၊ ကျွန်တော့်ဖေဖေ၊ ကျွန်တော့်မေမေ၊ ကျွန်တော်၏ အခင်ဆုံးသူငယ်ချင်း၊ ကျွန်တော့်ဝါသနာ၊ ရွှေလသာသောည၊ တစ်ကိုယ်ရေ သန့်ရှင်းကျန်းမာခြင်း၊ ကျန်းမာစေရာ နို့သောက်ပါ၊ ကျောင်းဖွင့်ချိန်၊ ကျောင်းပိတ်ချိန်၊ ကျောင်းသားနှင့်အားကစား၊ ကျောင်းကျန်းမာရေး ပါဝင်ပေး၊ ကျောင်းဆုပေးပွဲ၊ မြတ်ဆရာကန်တော့ပွဲ၊ မူးယစ်ဆေးဝါးဘေးရန်များ၊ အာဇာနည်နေ့ တို့မမေ့၊ အမျိုးသားနေ့၊ လွတ်လပ်ရေးနေ့၊ ပြည်ထောင်စုနေ့ တို့မမေ့ စသည့် စာစီစာကုံး (၂၈)ပုဒ်နှင့် မူလတန်း/ မူလွန် စာစီစာကုံးလေ့ကျင့်ရေးသားနည်းတို့ ပါရှိသည်။

စာအုပ်ကို ရွှေဒါးအောင်သပြေစာပေ၊ ဝ၉၇၉၅၃၉၉၈၈၆၊ ဝ၉၇၈၅၁၇၅၃၉ဝ၊ အမှတ် (၅ဝ၃/၁)၊ စုမြတ်သရဖီလမ်း၊ မအူစုရပ်ကွက်၊ ဒါးပိန်မြို့၊ လှည်းကူးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးမှ တန်ဖိုးငွေကျပ် ၃၅ဝဝ ဖြင့် ဖြန့်ချိသည်။

## ပန်းချီအဆင့်ဆင့်ရေးဆွဲနည်းစာအုပ်နှင့် ပန်းချီပုံလေးတွေရယ် ဆေးရောင်ခြယ်စာအုပ်



ပန်းချီ ကာတွန်းစိုးစံရေးဆွဲသည့် ပန်းချီအဆင့်ဆင့် ရေးဆွဲနည်းစာအုပ်နှင့် ပန်းချီလမင်း (လေးထောင့်ကန်) ရေးဆွဲသည့် ပန်းချီပုံလေးတွေရယ် ဆေးရောင်ခြယ်စာအုပ်တို့ကို (အမျိုးသားစာပေဆုရ) ရွှေဒါးမောင်မြင့်ထွန်း စီစဉ်တည်းဖြတ်ထုတ်ဝေလိုက်သည်။

ပန်းချီအဆင့်ဆင့်ရေးဆွဲနည်းစာအုပ်တွင် အိမ်သုံးပစ္စည်းများ ရေးဆွဲနည်း၊ သယ်ယူပို့ဆောင်ရေးယာဉ်များ ရေးဆွဲနည်း၊ အရုပ်နှင့်အနုပညာပစ္စည်းများ ရေးဆွဲနည်း၊ တိရစ္ဆာန်ပုံများ ရေးဆွဲနည်း၊ သစ်သီးဝလံများ ရေးဆွဲနည်းနှင့် ကနုတ်ပန်းနှင့် ရှုမျှော်ခင်းပုံများ ရေးဆွဲနည်းတို့ ပါဝင်သည်။

ပန်းချီပုံလေးတွေရယ် ဆေးရောင်ခြယ်စာအုပ်တွင် ဝက်ဝံ၊ ကြောင်၊ ဆင်ကလေး၊ ယုန်၊ သူငယ်ချင်း၊ တိုက်အိမ်၊ ဘမ်တမ်း၊ ဆင်ပျံ၊ ကစ်ဂိုကူ၊ ပိုကီမွန်၊ မီနီယမ်၊ ဂြိုဟ်သား၊ ပိုးတုံးလုံး၊ စာပေဝါသနာရှင်၊ ချစ်စရာလေး၊ ငှက်ကလေး၊ ငှက်လိပ်ပြာပန်း၊ သီချင်းဆိုငှက်နှင့် ငှက်မောင်နှံပုံတို့ ပါဝင်သည်။

အဆိုပါ စာအုပ်နှစ်အုပ်ကို ရွှေဒါးအောင်သပြေစာပေ၊ ဝ၉၇၉၅၃၉၉၈၈၆၊ ဝ၉၇၈၅၁၇၅၃၉ဝ၊ အမှတ် (၅ဝ၃/၁)၊ စုမြတ်သရဖီလမ်း၊ မအူစုရပ်ကွက်၊ ဒါးပိန်မြို့၊ လှည်းကူးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးမှ တစ်အုပ်လျှင် တန်ဖိုးငွေကျပ် ၃၅ဝဝ ဖြင့် ဖြန့်ချိသည်။

## ပန်းတစ်ပွင့်ရဲ့ ဒိုင်ယာရီ ဝတ္ထုတိုနှင့် ရသစာစုများ



မောင်ပြုံးရေးသားသည့် ပန်းတစ်ပွင့်ရဲ့ ဒိုင်ယာရီဝတ္ထုတိုနှင့် ရသစာစုများစာအုပ် ထွက်ရှိလာသည်။

ပန်းတစ်ပွင့်ရဲ့ ဒိုင်ယာရီဝတ္ထုတိုနှင့် ရသစာစုများစာအုပ်တွင် အပိုင်းသုံးပိုင်းပါရှိသည်။ အပိုင်း(၁) အချစ်မှာ အချစ်ပဲလိုတယ်တွင် (၂၃)ပုဒ်၊ အပိုင်း(၂) ဘဝကိုပြုံးရင်း တွေးမိသောစာစုများတွင်(၁၆)ပုဒ်၊ အပိုင်း(၃) ဘဝအတွေ့အကြုံနှင့် နှလုံးသားရသများတွင် (၂၃)ပုဒ်ပါရှိသည်။

စာအုပ်၏ ပထမပိုင်းတွင် ဝတ္ထုများမှတစ်ဆင့် ဘဝ၏လူမှုဆက်ဆံရေး၊ ချစ်ခြင်း၊ နာကျင်ခြင်းနှင့် လူ့သဘာဝအကြောင်းများကို ပုံဖော်ထားသည်။ ဒုတိယပိုင်းတွင် ဘဝ၏အလေးအနက်များကို ခဏချထားပြီး သူငယ်ချင်းများနှင့်အတူ ရယ်မောပျော်ရွှင်ခဲ့ရသည့် နေ့ရက်အချိန်များ၊ အမှတ်တရများကို တင်ပြထားသည်။ တတိယပိုင်းတွင် ဘဝကို နောက်တစ်မျိုးဖြင့် ပြန်ကြည့်ဖြစ်လာသည်။ တရားစခန်းဝင်ခဲ့သည့် အတွေ့အကြုံများ၊ ဂါယာခရီးစဉ်မှ ရရှိခဲ့သည့် ဓမ္မအတွေးအမြင်၊ ကိုယ့်စိတ်ကို ကိုယ်ပြန်ကြည့်မိခဲ့သည့်အချိန်များ ပါဝင်သလို ဘဝမှာ မမျှော်လင့်ဘဲ ကြုံတွေ့ခဲ့ရသည့် ဒဏ်ရာများနှင့် စမ်းသပ်မှုများကိုလည်း မှတ်တမ်းတင် ရေးသားထားသည်။

စာအုပ်ကို အော်ကျူးမီဒီယာစာပေ၊ ဝ၉၅၁၇၆၉၃၆၊ အမှတ် (၁၂၉)၊ သခင်စံရွှေလမ်း၊ (၁၁) ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့မှ တန်ဖိုးငွေကျပ် ၁၂ဝဝဝ ဖြင့် ဖြန့်ချိသည်။

## ချောင်းဆုံမြို့နယ်၌ ကရင်ရိုးရာ ချည်ဖြူဖွဲ့မင်္ဂလာပွဲတော် ကျင်းပ

**ချောင်းဆုံ စက်တင်ဘာ ၂၀**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်တွင် မြို့နယ်အဆင့် ကရင်ရိုးရာ စုပေါင်း ချည်ဖြူဖွဲ့မင်္ဂလာပွဲတော် အခမ်းအနားကို စက်တင်ဘာ ၂၀ ရက်က ဖဖကျေးရွာတိုက်ကျောင်း ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ ကျင်းပသည်။



ဦးစွာ မြို့နယ်ကရင်စာပေနှင့် ယဉ်ကျေးမှုအသင်းနာယက ဆရာတော်က ဩဝါဒစကား မြွက်ကြားသည်။ ထို့နောက် ချည်ဖြူဖွဲ့မင်္ဂလာ ပွဲတော်အခမ်းအနား ကျင်းပနိုင်ရေးအတွက် မွန်ပြည်နယ် အစိုးရအဖွဲ့မှ ပေးအပ်သော ရန်ပုံငွေကျပ်သိန်း ၂၀ အား မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ အဖွဲ့ဝင်တစ်ဦးက တာဝန်ရှိသူများထံ လွှဲပြောင်းပေးအပ်သည်။

အဆိုပါ ချည်ဖြူဖွဲ့မင်္ဂလာပွဲတော်တွင်လူကြီးမိဘများ၊ကလေးလူငယ်များ၊ တက်ရောက်လာကြသော ဧည့်သည်တော်များအား ချည်ဖြူဖွဲ့ ပေးခဲ့ကြကြောင်းနှင့် တက်ရောက်လာကြသည့် ဧည့်သည်များကိုလည်း ထမင်း၊ ဟင်းဖြင့် ဧည့်ခံကျွေးမွေးကာ ဖျော်ဖြေရေး အစီအစဉ်များဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

**ကိုကျော်(ချောင်းဆုံ)**

## ၂၀၂၆ ခုနှစ် ကမ္ဘာ့နှလုံးကျန်းမာရေးနေ့အထိမ်းအမှတ် နှလုံးကျန်းမာရေး အသိပညာပေးဟောပြော

**နေပြည်တော် စက်တင်ဘာ ၂၀**




ကမ္ဘာ့နှလုံး ကျန်းမာရေးနေ့ အထိမ်းအမှတ်အဖြစ် နှလုံးကျန်းမာရေး ပညာပေးဟောပြောပွဲကို စက်တင်ဘာ ၁၉ ရက် မွန်းလွဲ ၁ နာရီတွင် မဟာအောင်မြေမြို့နယ် ၅၈ လမ်းရှိ မင်္ဂလာဆေးရုံ၊ ၉ ထပ်ရှိ Comference Hall ၌ ကျင်းပသည်။

ဟောပြောပွဲတွင် မန္တလေး အထွေထွေရောဂါကုဆေးရုံကြီး နှလုံးရောဂါ ဆေးပညာဌာန ပါမောက္ခ/ဌာနမှူး ဒေါက်တာကျော်စိုးဝင်းက နှလုံးရောဂါဖြစ်ပွားစေသည့်အဓိက အကြောင်းရင်းများနှင့် အန္တရာယ်များ၊ မကျန်းမာသော စားသောက်မှုပုံစံ၊ ကိုယ်လက်လှုပ်ရှားမှုနည်းပါးခြင်း၊ နှလုံးရောဂါနှင့်ပတ်သက်၍ မြန်မာ့လူနေမှုပုံစံအမှားများ၊ နှလုံးကို ကာကွယ်ရန် လက်တွေ့လုပ်ဆောင်ရမည့်အချက်များ၊ နှလုံးသွေးကြောပိတ်ခြင်း၏ အရေးပေါ်လက္ခဏာများကို ရှင်းလင်းဟောပြောပြီး တက်ရောက်လာသူများ၏ မေးမြန်းဆွေးနွေးမှုများကို ပြန်လည်ဖြေကြားသည်။

၂၀၂၆ ခုနှစ် ကမ္ဘာ့နှလုံးကျန်းမာရေးနေ့ဆောင်ပုဒ်မှာ “Don't Miss Abeat”နှလုံးခုန်မရပ်ဖို့ ဂရုစိုက်စို့ဖြစ်ပြီး နှလုံးသွေးကြောပိတ်ခြင်း အရေးပေါ်ကာကွယ်ကုသမှုများ အကြောင်းကိုလည်း စက်တင်ဘာ ၂၆ ရက်တွင် မန္တလေးမြို့တော်ခန်းမတွင် ကျန်းမာရေးပညာပေး ဟောပြောသွားမည် ဖြစ်ကြောင်း သိရသည်။

**မောင်ပြည်သူ(မန္တလေး)**

## မုံရွာဓာတ်ပုံအသင်းအပျော်တမ်း Model Outdoor ရိုက်ကူးယှဉ်ပြိုင်

**နေပြည်တော် စက်တင်ဘာ ၂၀**

မုံရွာဓာတ်ပုံအသင်း ပြန်လည်ဖွဲ့စည်းခြင်း အထိမ်းအမှတ်အဖြစ် မုံရွာဓာတ်ပုံအသင်းဝင်များ သီးသန့်အဖြစ် အပျော်တမ်း Model Outdoor ရိုက်ကူး ပြိုင်ပွဲကို စက်တင်ဘာ ၂၀ ရက် နံနက် ၈ နာရီက မုံရွာမြို့ ပြည်သူ့ဥယျာဉ်၌ ကျင်းပသည်။

ပြိုင်ပွဲတွင် မော်ဒယ်လ် မသဲနဒီမင်းဇော်က သရုပ်ဆောင်အလှပြခဲ့ရာ မုံရွာဓာတ်ပုံအသင်းဝင် ၂၀ ကျော်က ပြိုင်ပွဲဝင်ဓာတ်ပုံများ ရိုက်ကူးကြသည်။ ပြန်လည်ဖွဲ့စည်းထားသော မုံရွာဓာတ်ပုံအသင်း၏ ပထမဆုံး ဓာတ်ပုံပြိုင်ပွဲအဖြစ်ကျင်းပခြင်းဖြစ်ပြီး ပြိုင်ပွဲဝင်ဓာတ်ပုံများထဲမှ ဆုရပုံကို ပြိုင်ပွဲဝင်စစ်ဆေးရေးကော်မတီမှ စစ်ဆေးအတည်ပြုထုတ်ပြန်ပေးသွားမည်ဖြစ်သည်။

ပြိုင်ပွဲဝင်ကြသည့် မုံရွာဓာတ်ပုံအသင်းသားများ အနေဖြင့် ပျော်ရွှင်စွာပါဝင်ယှဉ်ပြိုင်ကြသည်ကို တွေ့ရပြီး ဆုရဓာတ်ပုံဆရာများကို ဆုလက်ဆောင်များ ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**



# နိုင်ငံသားတိုင်း သန့်ရှင်းလတ်ဆတ်သောအသားစားသုံးနိုင်ရေး ကွင်းဆက်များ

"ပြည်သူတစ်ဦး၏ မနက်စာစားပွဲပေါ်သို့ ရောက်ရှိလာသော အသားဟင်းတစ်ခွက်၏နောက်ကွယ်တွင် မိုးမလင်းမီကတည်းက စတင်လှုပ်ရှားနေကြသည့် လူများစွာ၏ တာဝန်ယူမှု၊ နည်းပညာနှင့် ယုံကြည်မှုတို့ ပါဝင်လျက်ရှိသည်။"

ဒေါက်တာခင်စန္ဒာလွင်(မွေး-ကု)



ကျောက်တန်းမြို့နယ် ကုလားတန်းကျေးရွာတွင် နွားမေထုန်မဲ့သားစပ်ပေးနေစဉ်။



အင်းစိန်မြို့နယ် ပိန္နဲကုန်းရပ်ကွက်တွင် နွားလည်ချောင်းကွဲကာကွယ်ဆေးထိုးနှံပေးမှုကို တွေ့ရစဉ်။

### နံနက်ခင်းမှစတင်သော ယုံကြည်မှု

ရန်ကုန်မြို့၏ နံနက်လေးနာရီခန့်အချိန်ဖြစ်သည်။ မြို့တော်၏လမ်းမများပေါ်တွင် မီးရောင်ဖျော့ဖျော့များသာ လင်းလက်နေသေးသော်လည်း စားရေရိက္ခာခရီးစဉ်ကတော့ စတင်လှုပ်ရှားနေပြီဖြစ်သည်။ လက်ကားဈေးများသို့ ဦးတည်မောင်းနှင်နေသော အအေးခန်းယာဉ်များ၊ နို့နှင့် ဥများကို သယ်ဆောင်လာသောယာဉ်ငယ်များ၊ မွေးမြူရေးခြံများမှ ထွက်ခွာလာသော ထုတ်ကုန်များသည် ရန်ကုန်မြို့၏ နေ့သစ်ကိုကြိုဆိုရန် အသင့်ဖြစ်နေကြသည်။

သို့သော် ထိုအစားအစာခရီးစဉ်၏ အစမှာ မြို့စွန်ရှိ မွေးမြူရေးခြံတစ်ခြံမှ မွေးမြူသူတစ်ဦး၏ လက်ထဲမှ စတင်သည်။ သူသည် နေ့စဉ် မနက်စောစောထ၍ တိရစ္ဆာန်များကို အစာကျွေးသည်။ ရေသန့်ဖြည့်ပေးသည်။ ခြံကို သန့်ရှင်းရေးလုပ်သည်။ တိရစ္ဆာန်တစ်ကောင်ချင်းစီ၏ ကျန်းမာရေးကိုလည်း ဂရုတစိုက်စောင့်ကြည့်သည်။ ထိုအချိန်မှာပင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ နည်းပညာရှင်များသည် အခြားမွေးမြူရေးခြံတစ်ခြံသို့ ကွင်းဆင်းရန် ပြင်ဆင်နေကြသည်။ ကာကွယ်ဆေးများ၊ ကျန်းမာရေးမှတ်တမ်းစာအုပ်များနှင့် စစ်ဆေးရေးကိရိယာများကို ယူဆောင်ကာ "ဒီနေ့ ဘယ်ခြံမှာ ဘာတွေလိုအပ်နေသလဲ" ဆိုသည့် အစီအစဉ်ဖြင့် ခရီးထွက်ကြသည်။ မြို့တော်၏ မနက်စာ စားပွဲပေါ်သို့ရောက်ရှိလာမည့် အသား၊ နို့နှင့် ဥတို့၏ အရည်အသွေးသည် ထိုကဲ့သို့သော နေ့စဉ်လှုပ်ရှားမှုများပေါ်တွင် အခြေခံထားသည်။

### ရန်ကုန်တိုင်းဒေသကြီး၏တာဝန် – လူသန်းပေါင်းများစွာ၏စားပွဲကို ဖြည့်ဆည်းပေးခြင်း

ရန်ကုန်တိုင်းဒေသကြီးသည် မြန်မာနိုင်ငံ၏ စီးပွားရေးမြို့တော်ဖြစ်သကဲ့သို့ လူဦးရေအများဆုံးနေထိုင်သည့် ဒေသလည်းဖြစ်သည်။ နေ့စဉ် မိသားစုသန်းပေါင်းများစွာ၏ စားပွဲပေါ်သို့ အသား၊ နို့နှင့် ဥများ မပြတ်မလပ်ရောက်ရှိစေရန် စားရေရိက္ခာထုတ်လုပ်မှုနှင့် ဖြန့်ဖြူးမှုကို အရည်အသွေးပြည့်မီစွာ စီမံခန့်ခွဲရန် လိုအပ်သည်။ ရန်ကုန်တိုင်းဒေသကြီး၏ စားရေရိက္ခာဖူလုံရေးမဟာဗျူဟာတွင်မွေးမြူရေးကဏ္ဍသည်ထုတ်လုပ်မှုတိုးတက်ရေးအတွက် ကဏ္ဍတစ်ခုသာမက ပြည်သူ့ကျန်းမာရေးကို အထောက်အပံ့ပေးသည့် အခြေခံကဏ္ဍတစ်ရပ်အဖြစ် သတ်မှတ်ထားသည်။ ထို့ကြောင့် ရန်ကုန်တိုင်းဒေသကြီးအတွက် စားရေရိက္ခာဖူလုံရေးဆိုသည်မှာ အစားအစာများ လုံလောက်စွာရှိနေခြင်းတစ်ခုတည်းမဟုတ်ပါ။ ပြည်သူများ စိတ်ချယုံကြည်စွာ စားသုံးနိုင်သောအစားအစာများကို အရည်အသွေးပြည့်မီစွာထုတ်လုပ်ပြီး အချိန်မီဖြန့်ဖြူးပေးနိုင်သည့်စနစ်ကို တည်ဆောက်ထားနိုင်ခြင်းဖြစ်သည်။

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသည်ထိုစနစ်၏ အရေးပါသောအစိတ်အပိုင်းတစ်ရပ်အဖြစ် ရပ်တည်နေသည်။ မွေးမြူရေးခြံများမှ ထွက်ရှိလာသော အသား၊ နို့နှင့် ဥတို့ အာဟာရပြည့်ဝပြီး ဘေးကင်းလုံခြုံစေရန် နည်းပညာ၊ ကျန်းမာရေးနှင့် အရည်အသွေးစံချိန်စံညွှန်းများကို ပေါင်းစပ်၍ ဆောင်ရွက်လျက်ရှိသည်။

ယခင်က မွေးမြူရေးဖွံ့ဖြိုးတိုးတက်မှုကို တိရစ္ဆာန်အရေအတွက် မည်မျှတိုးလာသည်၊ အသားထုတ်လုပ်မှု မည်မျှများပြားလာသည်ဆိုသည့် ကိန်းဂဏန်းများဖြင့် အဓိကတိုင်းတာလေ့ရှိသည်။ သို့သော် ယနေ့ခေတ်တွင် ထုတ်လုပ်မှုပမာဏတိုးလာခြင်းသည် အောင်မြင်မှု၏ အစိတ်အပိုင်းတစ်ခုသာဖြစ်သည်။ ရန်ကုန်တိုင်းဒေသကြီး၏ မွေးမြူရေးဖွံ့ဖြိုးတိုးတက်မှုမူဝါဒတွင် "အရေအတွက်ထက် အရည်အသွေး"ကို ဦးစားပေးထားသည်။ အရည်အသွေးမြင့် မွေးမြူရေးဆိုသည်မှာ ကျန်းမာသန်စွမ်းသော တိရစ္ဆာန်များကို မွေးမြူနိုင်ခြင်း၊ စံချိန်စံညွှန်းများနှင့်အညီ စနစ်တကျ စီမံခန့်ခွဲနိုင်ခြင်း၊ စားသုံးသူများ ယုံကြည်စိတ်ချစွာ စားသုံးနိုင်သောထုတ်ကုန်များ ထုတ်လုပ်နိုင်ခြင်းတို့ကို ဆိုလိုသည်။ အသားတစ်စ အရည်အသွေးကောင်းမွန်ရန် တိရစ္ဆာန်၏ ကြီးထွားနှုန်းကောင်းမွန်ရုံဖြင့် မလုံလောက်ပါ။ ၎င်းသည် ခြံသန့်ရှင်းရေး၊ အစာအာဟာရ၊ ကျန်းမာရေးစောင့်ရှောက်မှု၊ ဇီဝလုံခြုံရေးနှင့် စနစ်တကျ စီမံခန့်ခွဲမှုတို့ ပေါင်းစပ်ဖန်တီးပေးသည့် ရလဒ်ဖြစ်သည်။ ထို့ကြောင့် ရန်ကုန်တိုင်းဒေသကြီးတွင် မွေးမြူရေးလုပ်ငန်းများကို ထုတ်လုပ်မှုနှင့် အရည်အသွေး နှစ်ရပ်စလုံးကို တစ်ပြိုင်နက်တည်း မြှင့်တင်နိုင်သည့် စနစ်တစ်ရပ်ဖြင့် ဆောင်ရွက်လျက်ရှိသည်။

### GAHP – အရည်အသွေးမြင့် မွေးမြူရေးခြံတစ်ခြံ၏ ပုံရိပ်

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စံပြမွေးမြူရေးခြံတစ်ခြံသို့ ဝင်ရောက်ကြည့်လိုက်လျှင် ပထမဆုံး တွေ့မြင်ရသည်မှာ သန့်ရှင်းသပ်ရပ်သော ခြံဝင်းနှင့် စနစ်တကျစီမံထားသော ပတ်ဝန်းကျင်ဖြစ်သည်။ ခြံဝင်ပေါက်တွင် ပိုးသတ်ဆေးကန်ထားရှိပြီး ခြံဝင်သူတိုင်း သန့်ရှင်းရေးလုပ်ထုံးလုပ်နည်းများကို လိုက်နာရသည်။ အစာသိုလှောင်သည့် နေရာ၊ သောက်ရေပေးသည့်စနစ်နှင့် အညစ်အကြေး စီမံခန့်ခွဲမှုတို့ကိုလည်း စနစ်တကျ ပြုလုပ်ထားသည်။

ဤအရာများသည် ကောင်းမွန်သောမွေးမြူရေးကျင့်စဉ် (Good Animal Husbandry Practices – GAHP) ၏ လက်တွေ့ပုံရိပ်များဖြစ်သည်။ GAHP သည် စာရွက်ပေါ်တွင်ရေးထားသော စည်းမျဉ်းတစ်ခုမဟုတ်ဘဲ မွေးမြူရေးခြံတစ်ခြံ၏ နေ့စဉ်လည်ပတ်မှုကို စံချိန်စံညွှန်းနှင့်အညီ စီမံခန့်ခွဲပေးသော လက်တွေ့လုပ်ငန်းစဉ်များဖြစ်သည်။ ခြံသန့်ရှင်းရေးမှစတင်၍ တိရစ္ဆာန်ကျန်းမာရေး၊ အစာနှင့်ရေဘေးကင်းရေး၊ ဆေးဝါးအသုံးပြုမှုနှင့် မှတ်တမ်းထိန်းသိမ်းမှုအထိ အဆင့်တိုင်းကို အရည်အသွေးအခြေပြု စီမံခန့်ခွဲစေသည်။ ရန်ကုန်တိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသည် မွေးမြူသူများ GAHP စံချိန်စံညွှန်းများကို လက်တွေ့ကျင့်သုံးနိုင်ရန် အသိပညာပေးသင်တန်းများ၊ နည်းပညာလမ်းညွှန်မှုများနှင့် ကွင်းဆင်းဝန်ဆောင်မှုများကို ဆောင်ရွက်လျက်ရှိသည်။ ယင်းကြောင့် မွေးမြူရေးခြံများ၏ စီမံခန့်ခွဲမှုစနစ်တိုးတက်လာပြီး ထုတ်လုပ်မှုအရည်အသွေးလည်း မြင့်မားလာသည်။

### မျိုးကောင်းမျိုးသန့်မှစတင်သော အနာဂတ်

ယနေ့ခေတ် မွေးမြူရေးလုပ်ငန်းတွင် "မျိုးကောင်းမျိုးသန့်" ဆိုသည်မှာ တိရစ္ဆာန်အမျိုးအစား ကောင်းမွန်ရုံကိုသာဆိုလိုခြင်း မဟုတ်တော့ပါ။ ထုတ်လုပ်မှုစွမ်းရည်၊ ရောဂါခံနိုင်ရည်၊ ဒေသရာသီဥတုနှင့် လိုက်လျောညီထွေမှု၊ အစာအသုံးချနိုင်စွမ်းနှင့် မျိုးဆက်သစ်များ၏ အရည်အသွေးတို့ကို တစုတစည်းတည်း ထည့်သွင်းစဉ်းစားရသည့် သိပ္ပံနည်းကျ မျိုးမြှင့်တင်ရေးလုပ်ငန်းစဉ်တစ်ရပ်ဖြစ်လာသည်။

ရန်ကုန်တိုင်းဒေသကြီးတွင် ထိုလုပ်ငန်းစဉ်ကို စနစ်တကျအကောင်အထည်ဖော်နိုင်ရန် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့်အသုံးပြုရေးနှင့် မေထုန်မဲ့သားစပ်နည်း (Artificial Insemination – AI) ကို ကျယ်ပြန့်စွာမြှင့်တင်ဆောင်ရွက်လျက်ရှိသည်။ မျိုးရိုးဗီဇသည် မွေးမြူရေးလုပ်ငန်း၏ အနာဂတ်ကို ပုံဖော်ဆုံးဖြတ်ပေးနိုင်သည့် အခြေခံအင်အားတစ်ရပ်ဖြစ်သည်။ မျိုးကောင်းမျိုးသန့်များကို စနစ်တကျ အသုံးပြုလာသည်နှင့်အမျှ—

- အသားထုတ်လုပ်မှု ပိုမိုကောင်းမွန်လာသည်။
- နို့ထွက်နှုန်း မြင့်တက်လာသည်။
- ကြီးထွားနှုန်း ပိုမိုမြန်ဆန်လာသည်။
- ရောဂါခံနိုင်ရည် ပိုမိုကောင်းမွန်လာသည်။
- မွေးမြူသူများ၏ ထုတ်လုပ်မှုကုန်ကျစရိတ်ကို ရေရှည်တွင် လျှော့ချနိုင်သည်။

အရေးကြီးသည်မှာ ဒေသရာသီဥတုနှင့် ကိုက်ညီသည့်မျိုးများကို ရွေးချယ်အသုံးပြုခြင်းဖြစ်သည်။ ရန်ကုန်တိုင်းဒေသကြီး၏ ရာသီဥတုနှင့် ကိုက်ညီသည့် မျိုးရိုးဗီဇများကို စနစ်တကျရွေးချယ်အသုံးပြုလာခြင်းသည် မွေးမြူရေးလုပ်ငန်း၏ ရေရှည်တည်တံ့ခိုင်မြဲမှုကို အထောက်အကူပြုစေသည်။

### ရောဂါမဖြစ်မီ စတင်သော ကာကွယ်ရေး

ရောဂါဖြစ်ပွားပြီးမှ ကုသခြင်းထက် ရောဂါမဖြစ်မီ ကြိုတင်ကာကွယ်ခြင်းသည် ပိုမိုထိရောက်ပြီး စားရေရိက္ခာဖူလုံရေးကို အကာအကွယ်ပေးနိုင်သည့် အရေးပါသောနည်းလမ်းတစ်ရပ်ဖြစ် ကြောင်း ဌာနက အစဉ်တစိုက် အလေးထားဆောင်ရွက်လျက်ရှိသည်။ ကူးစက်ရောဂါတစ်ခု ဖြစ်ပွားပါက တိရစ္ဆာန်များ သေဆုံးနိုင်သကဲ့သို့ အသား၊ နို့နှင့် ဥထုတ်လုပ်မှုလည်း လျော့နည်းသွားနိုင်သည်။ ထိုအကျိုးဆက်သည် မွေးမြူသူတစ်ဦး၏ဝင်ငွေကိုသာ ထိခိုက်စေခြင်းမဟုတ်ဘဲ ဈေးကွက်အတွင်း အစားအစာ ရရှိနိုင်မှုကိုပါ သက်ရောက်စေနိုင်သည်။

ထို့ကြောင့် ရန်ကုန်တိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသည် ဒေသအလိုက် ဖြစ်ပွားနိုင်သည့် ကူးစက်ရောဂါများကိုအခြေခံ၍ ကာကွယ်ဆေးထိုးအစီအစဉ်များကို စနစ်တကျရေးဆွဲ အကောင်အထည်ဖော်လျက်ရှိသည်။ မြို့နယ်အလိုက် ကွင်းဆင်းဆောင်ရွက်မှုများ၊ သတ်မှတ်အချိန်ဇယားများနှင့် မွေးမြူသူများ၏ ပူးပေါင်းပါဝင်မှုတို့ကြောင့် ရောဂါကာကွယ်ရေးလုပ်ငန်းများ ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်လာသည်။

### ဇီဝလုံခြုံရေး – မမြင်ရသော ကာကွယ်တံတိုင်း

ရောဂါပိုးများသည် မမြင်ရသော်လည်း မွေးမြူရေးလုပ်ငန်းအတွက် အကြီးမားဆုံးခြိမ်းခြောက်မှုများထဲမှ တစ်ခုဖြစ်သည်။ ထို့ကြောင့် ရောဂါပိုးများ ခြံအတွင်း မဝင်ရောက်မီ ကာကွယ်နိုင်ရန် ဇီဝလုံခြုံရေး (Biosecurity) ကို မွေးမြူရေးခြံတိုင်း၏ အခြေခံစနစ်အဖြစ် ရန်ကုန်တိုင်းဒေသကြီးတွင် အားကောင်းစွာ အကောင်အထည်ဖော်လျက်ရှိသည်။

> ❝ကျေးလက်ဒေသရှိ မိသားစုတစ်စုအတွက် မွေးမြူရေးလုပ်ငန်းသည် ဝင်ငွေတိုးမြှင့်ပေးသော အရေးပါသည့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းတစ်ခုဖြစ်သကဲ့သို့ မြို့ပြဒေသရှိ စားသုံးသူများအတွက်လည်း အရည်အသွေးမြင့်ပြီး ဘေးကင်းလုံခြုံသောအစားအစာများကို စဉ်ဆက်မပြတ်ပံ့ပိုးပေးနိုင်သည့် အခြေခံကဏ္ဍတစ်ခုဖြစ်သည်။ ထို့ကြောင့် မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာခြင်းသည် ကျေးလက်နှင့် မြို့ပြဒေသတို့အကြား ထုတ်လုပ်မှု၊ ဈေးကွက်နှင့် စားသုံးမှုကို ချိတ်ဆက်ပေးသော ဖွံ့ဖြိုးရေးတံတားတစ်စင်းအဖြစ် ရပ်တည်လျက်ရှိ❞

စာမျက်နှာ ၁၉ သို့ ❂

❂ စာမျက်နှာ ၁၈ မှ

ခြံဝင်ပေါက်ရှိ ပိုးသတ်ဆေးကန်ကို ဖြတ်သန်းပြီးမှသာ ယာဉ်နှင့်လူများ ဝင်ရောက်ရသည်။ ခြံအတွင်းအသုံးပြုသော ဖိနပ်၊ အဝတ်အစားနှင့် ကိရိယာများကို သီးခြားထားရှိပြီး ပုံမှန်ပိုးသတ်သန့်ရှင်းရေး ပြုလုပ်ရသည်။ အညစ်အကြေးများကိုလည်း သဘာဝပတ်ဝန်းကျင် မထိခိုက်စေဘဲ စနစ်တကျ စွန့်ပစ်ရသည်။

ဤလုပ်ငန်းစဉ်များသည် ရှုပ်ထွေးသော နည်းပညာမဟုတ်ဘဲ နေ့စဉ်လိုက်နာနိုင်သော အလေ့အကျင့်များဖြစ်သည်။ သို့သော် ထိုအလေ့အကျင့်များကပင် မွေးမြူရေးခြံ၏ ကျန်းမာရေးကို ကာကွယ်ပေးသော မမြင်ရသည့်တံတိုင်းတစ်ခု ဖြစ်လာသည်။

ဇီဝလုံခြုံရေးကို လိုက်နာခြင်းသည် တိရစ္ဆာန်များ ရောဂါမဖြစ်စေရေးသာမဟုတ်ဘဲ စားသုံးသူထံ ရောက်ရှိမည့် အစားအစာ၏ ဘေးကင်းလုံခြုံမှုကိုပါ အထောက်အကူပြုသည်။

ခြံတစ်ခြံသန့်ရှင်းလျှင် ရောဂါပိုးဝင်ရောက်နိုင်ခြေ လျော့နည်းလာသည်။ တိရစ္ဆာန်များ ကျန်းမာလာသည်။ ဆေးဝါးအသုံးပြုမှုကို လိုအပ်သလောက်သာ စနစ်တကျအသုံးပြုနိုင်လာသည်။ ထုတ်လုပ်မှု အရည်အသွေးလည်း တည်ငြိမ်လာသည်။ ထို့ကြောင့် ရန်ကုန်တိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသည် ဇီဝလုံခြုံရေးကို မွေးမြူရေးခြံများ၏ နေ့စဉ်စီမံခန့်ခွဲမှုထဲတွင် ထည့်သွင်းကျင့်သုံးနိုင်ရေးအတွက် နည်းပညာလမ်းညွှန်မှုများနှင့် အသိပညာပေးလုပ်ငန်းများကို အစဉ်တစိုက် ဆောင်ရွက်လျက်ရှိသည်။

### ဒေသတွင်းကုန်ကြမ်းမှ တန်ဖိုးမြင့် ထုတ်လုပ်မှု

ရန်ကုန်တိုင်းဒေသကြီးသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အပြန်အလှန်အားဖြည့်နိုင်သော ဒေသတစ်ခုဖြစ်သည်။ စိုက်ပျိုးရေးဘေးထွက်ကုန်များဖြစ်သည့် ဖွဲနု၊ ပြောင်းဖူး၊ ပဲဖတ်နှင့် အခြားဒေသတွင်းကုန်ကြမ်းများကို ထိရောက်စွာ အသုံးချနိုင်ပါက အစာကုန်ကျစရိတ် လျော့နည်းလာပြီး ထုတ်လုပ်မှုလည်း တိုးတက်လာသည်။

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသည် ဒေသတွင်းကုန်ကြမ်းများကို အာဟာရမျှတစွာရောစပ်အသုံးပြုနိုင်ရေး၊ အစာထုတ်လုပ်မှု အရည်အသွေးမြှင့်တင်နိုင်ရေးနှင့် မွေးမြူသူများ၏ ကုန်ကျစရိတ်လျှော့ချနိုင်ရေးအတွက် လက်တွေ့နည်းပညာများကို မျှဝေပေးလျက်ရှိသည်။ ဤနည်းလမ်းသည် မွေးမြူသူ၏ အကျိုးအမြတ်ကို မြှင့်တင်ပေးသကဲ့သို့ ရန်ကုန်တိုင်းဒေသကြီး၏ စားရေရိက္ခာဖူလုံရေးကိုလည်း အားဖြည့်ပေးသည်။

### မွေးမြူရေးကဏ္ဍနှင့် ဒေသစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု

မွေးမြူရေးလုပ်ငန်းသည် အသား၊ နို့နှင့် ဥ ထုတ်လုပ်ရေးလုပ်ငန်းတစ်ခုတည်းသာ မဟုတ်ဘဲ ဒေသစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို မောင်းနှင်ပေးသည့် အရေးပါသောစီးပွားရေးကဏ္ဍတစ်ရပ်ဖြစ်သည်။ မွေးမြူရေးလုပ်ငန်း တိုးတက်လာသည်နှင့်အမျှ အစာထုတ်လုပ်ရေး၊ သယ်ယူပို့ဆောင်ရေး၊ အအေးခန်းသိုလှောင်ရေး၊ တိရစ္ဆာန်ဆေးဝါးနှင့် နည်းပညာ ဝန်ဆောင်မှုလုပ်ငန်းများသာမက အသားပြုပြင်ထုတ်လုပ်ရေး၊ ထုပ်ပိုးထုတ်လုပ်ရေးနှင့် ဖြန့်ဖြူးရောင်းချရေးလုပ်ငန်းများပါ အတူတကွ ဖွံ့ဖြိုးတိုးတက်လာသည်။

ယင်းတန်ဖိုးကွင်းဆက် (Value Chain) တစ်လျှောက် ဖွံ့ဖြိုးတိုးတက်လာခြင်းသည် မွေးမြူရေးကဏ္ဍ၏ စီးပွားရေးတန်ဖိုးကို မြှင့်တင်ပေးသည့်အပြင် ဒေသတွင်းအလုပ်အကိုင်အခွင့်အလမ်းများကိုလည်း ပိုမိုဖန်တီးပေးနိုင်သည်။ ကျေးလက်ဒေသရှိ မိသားစုတစ်စုအတွက် မွေးမြူရေးလုပ်ငန်းသည် ဝင်ငွေတိုးမြှင့်ပေးသော အရေးပါသည့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းတစ်ခုဖြစ်သကဲ့သို့ မြို့ပြဒေသရှိ စားသုံးသူများအတွက်လည်း အရည်အသွေးမြင့်ပြီး ဘေးကင်းလုံခြုံသော အစားအစာများကို စဉ်ဆက်မပြတ်ပံ့ပိုးပေးနိုင်သည့် အခြေခံကဏ္ဍတစ်ခုဖြစ်သည်။ ထို့ကြောင့် မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာခြင်းသည် ကျေးလက်နှင့် မြို့ပြဒေသတို့အကြား ထုတ်လုပ်မှု၊ ဈေးကွက်နှင့် စားသုံးမှုကို ချိတ်ဆက်ပေးသော ဖွံ့ဖြိုးရေးတံတားတစ်စင်းအဖြစ် ရပ်တည်လျက်ရှိသည်။

### နိုင်ငံသားတိုင်းအတွက် ယုံကြည်စိတ်ချရသော အစားအစာ

မွေးမြူရေးခြံများ၏ တာဝန်ယူမှုမှာ နေ့တစ်နေ့တွင် မရပ်တန့်ပါ။ ညအချိန်တွင်ပါ တာဝန်ထမ်းဆောင်ကြရသည်။ အစာပြင်ဆင်ခြင်း၊ ကျန်းမာရေးစောင့်ကြည့်ခြင်း၊ ခြံသန့်ရှင်းရေးပြုလုပ်ခြင်းနှင့် နောက်တစ်နေ့အတွက် ပြင်ဆင်ခြင်းတို့သည် နေ့စဉ်ဆက်လက်လည်ပတ်နေသည်။ ထိုကြိုးပမ်းအားထုတ်မှုများသည် အသားထုတ်လုပ်ရေးလုပ်ငန်းတစ်ခုကိုသာမဟုတ်ဘဲ ပြည်သူ့ကျန်းမာရေးကို ကာကွယ်ပေးသော စားရေရိက္ခာ ဘေးကင်းလုံခြုံရေးစနစ်တစ်ရပ်ကို တည်ဆောက်နေခြင်းဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသည် "အရေအတွက်ထက် အရည်အသွေး"ကို ဖွံ့ဖြိုးတိုးတက်ရေးဦးတည်ချက်အဖြစ် ခိုင်မာစွာချမှတ်ကာ GAHP၊ မျိုးကောင်းမျိုးသန့်မွေးမြူရေး၊ AI နည်းပညာဖြင့် မျိုးမြှင့်တင်ရေး၊ တိရစ္ဆာန်ရောဂါ ကာကွယ်ထိန်းချုပ်ရေး၊ ဇီဝလုံခြုံရေးနှင့် ကွင်းဆင်းနည်းပညာဝန်ဆောင်မှုများကို ပေါင်းစပ်အကောင်အထည်ဖော်လျက်ရှိသည်။ ယင်းဆောင်ရွက်ချက်များသည် မွေးမြူရေးခြံမှ စားသုံးသူ၏ စားပွဲအထိ အရည်အသွေး၊ သန့်ရှင်းမှုနှင့် ယုံကြည်စိတ်ချရမှုတို့ကို ဆက်စပ်ပေးသော အစားအစာ ဘေးကင်းလုံခြုံရေးကွင်းဆက်ကို ပိုမိုခိုင်မာအားကောင်းစေလျက်ရှိသည်။

သန့်ရှင်းလတ်ဆတ်သော အသားတစ်စသည် မွေးမြူရေးခြံတစ်ခြံ၏ အောင်မြင်မှုကိုသာ ကိုယ်စားပြုသည် မဟုတ်ပါ။ ယင်းသည် ရန်ကုန်တိုင်းဒေသကြီး၏ စားရေရိက္ခာလုံခြုံရေးကို အာမခံပေးသော ယုံကြည်မှု၊ ပြည်သူ့ကျန်းမာရေးကို ကာကွယ်စောင့်ရှောက်သော တာဝန်ယူမှုနှင့် ရေရှည်တည်တံ့သော အနာဂတ်ဖွံ့ဖြိုးတိုးတက်မှုကို တည်ဆောက်ပေးသော အရည်အသွေး၏ အမှတ်အသားတစ်ရပ် ဖြစ်သည်။ ။

■

## အမရပူရမြို့နယ် တမုတ်ဆိုး-ကန်ရိုး-ရေဘုတ်-မုံတောလမ်း ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်

**အမရပူရ စက်တင်ဘာ ၂၀**

မန္တလေး တိုင်းဒေသကြီး အမရပူရမြို့နယ် ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ လူမှုစီးပွားပိုမို အဆင်ပြေစေရန်အတွက် ၂၀၂၆-၂၀၂၇ဘဏ္ဍာနှစ် တိုင်းဒေသကြီး ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် တမုတ်ဆိုး-ကန်ရိုး-ရေဘုတ်-မုံတော လမ်း ကတ္တရာလမ်းခင်းခြင်း လုပ်ငန်း ဆောင်ရွက်နေမှုများကို ယမန်နေ့ နံနက်ပိုင်းက ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်) ဒုတိယညွှန်ကြားရေးမှူးချုပ်(စီမံကိန်း) က ကွင်းဆင်းစစ်ဆေးရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြပြီး ဒုတိယညွှန်ကြားရေးမှူးချုပ် (စီမံရေး)က အရည်အသွေးပြည့်မီစေရန်နှင့် သတ်မှတ်ကာလအတွင်း ပြီးစီးဆောင် ဆောင်ရွက်နိုင်ရန် လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**လွှဲလွှဲခိုင်(အမရပူရ)**



## ရွှေဘိုမြို့၌ သွင်းအားစုဓာတ်မြေဩဇာများ ထောက်ပံ့ပေးအပ်

**ရွှေဘို စက်တင်ဘာ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးရုံး၌ တောင်သူများအား သွင်းအားစုဓာတ်မြေဩဇာများ ထောက်ပံ့ပေးအပ်ခြင်းကို စက်တင်ဘာ ၁၈ ရက်က ရှင်ယွန်းစံခန်းမ၌ ကျင်းပသည်။

### ဆွေးနွေးပြောကြား

ဦးစွာ ရွှေဘိုခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက အမှာစကားပြောကြားသည်။ ထို့နောက် တာဝန်ရှိသူများက တောင်သူ ၅၈ ဦးအား ယူရီးယားဓာတ်မြေဩဇာ၊ ကွန်ပေါင်းဓာတ်မြေဩဇာများကို ထောက်ပံ့ပေးအပ်သည်။ ထို့နောက် ရွှေဘိုခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူးက ဓာတ်မြေဩဇာ စနစ်တကျ သုံးစွဲနည်းပညာအကြောင်း ဆွေးနွေးပြောကြားပြီး ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးက အဓိကသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိအောင် ဆောင်ရွက်ရမည့်နည်းလမ်းများကို အသိပညာပေး ဆွေးနွေး ပြောကြားခဲ့ကြောင်း သိရသည်။

**အောင်ထွန်းခိုင်(ပြန်/ဆက်)**








(၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကျုံပျော်ခရိုင် ရေကြည်မြို့နယ်ရဲတပ်ဖွဲ့ ကုန်းပြင်နယ်မြေရဲစခန်းမှ စခန်းမှူး ရဲအုပ် မျိုးမင်းဆွေ ဦးဆောင်သည့် တပ်ဖွဲ့ဝင် ၁၅ ဦးက စက်တင်ဘာ ၂၀ ရက်တွင် ကုန်းပြင်ကျေးရွာ တိုက်နယ်ဆေးရုံတွင် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။

မြို့နယ်(ပြန်/ဆက်)

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

ပြန်လည်ထူထောင်ရေးဦးစီးဌာန

လူကုန်ကူးခံရသူများအတွက် ညွှန်းပို့ချိတ်ဆက်ရေးစင်တာ (ရန်ကုန်၊ မန္တလေး)

ရန်ကုန် ☎ ၀၁-၈၆၆၆၆၁၉

မန္တလေး ☎ ၀၂-၂၈၃၀၄၂၃

| ရန်ကုန်လိပ်စာ | | မန္တလေးလိပ်စာ |
|---|---|---|
| အမှတ်(၆၄)၊ ကမ္ဘာအေးဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်။ | လူကုန်ကူးခံရသူများအနေဖြင့် အကူအညီလိုအပ်ပါက ဆက်သွယ်အကူအညီ တောင်းခံနိုင်ပါသည်။ | ရွှေကျင်သံလမ်းအနီး၊ ဘုန်းတော်တိုးရပ်၊ အောင်မြေသာစံမြို့နယ်။ |





## အခြေခံပညာကျောင်းပေါင်းစုံ ခရိုင်အဆင့်ဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲ ကျင်းပ

**နတ်တလင်း စက်တင်ဘာ ၂၀**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင်အဆင့် အခြေခံပညာကျောင်းပေါင်းစုံ (U-14) ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲကို ယနေ့နံနက်ပိုင်းက မြို့နယ်ပြည်သူ့အားကစားကွင်း၌ ကျင်းပသည်။



ဗိုလ်လုပွဲတွင် နတ်တလင်းမြို့နယ်အသင်းနှင့် ဇီးကုန်းမြို့နယ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ပင်နယ်တီ အဆုံးအဖြတ်ဖြင့် နတ်တလင်းမြို့နယ် အသင်းက အနိုင်ရရှိပြီး နတ်တလင်းခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးတင်ရွှေက ပထမဆုရရှိသည့် အသင်းအား ဂုဏ်ပြုဆုငွေနှင့် ဆုဖလားအား လည်းကောင်း၊ ခရိုင်ပညာရေးမှူးက ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဆုလည်ဆွဲတို့ကို လည်းကောင်း ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ဝေယံဖြိုး(ပြန်/ဆက်)**

## ကိုယ်ဝန်ဆောင်မိခင်များအား အသိပညာပေး

**သာပေါင်း စက်တင်ဘာ ၂၀**

ဧရာဝတီ တိုင်းဒေသကြီး သာပေါင်းမြို့နယ် လူမှုဝန်ထမ်းဦးစီးဌာနက ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှမွေးဖွားလာသော အသက်(၂)နှစ်အောက် ကလေးများအား အာဟာရကျွေး အသိပညာပေးဟောပြောကို စက်တင်ဘာ ၁၈ ရက်က နံ့နံ့ပင်ကုန်းကျေးရွာ မဟာစည်သာသနာ့ရိပ်သာ နန္ဒဝန်ကျောင်းတိုက် သာသနာ့ဗိမာန်ဓမ္မာရုံတော်ကြီး၌ ကျင်းပသည်။

မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာန ဦးစီးအရာရှိက ကလေးငယ်များ ဘက်စုံဖွံ့ဖြိုးမှုအတွက် အာဟာရအုပ်စုသုံးမျိုး မျှတပါဝင်စွာကျွေးမွေးရန်၊ ဒုတိယဦးစီးမှူးက MCCT အစီအစဉ်တွင် အကျိုးခံစားခွင့် လျှောက်ထားလိုသည့် ကိုယ်ဝန်ဆောင် မိခင်များအနေဖြင့် သက်ဆိုင်ရာမြို့နယ်၊ ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူးနှင့် တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်/မြို့နယ်လူမှုဝန်ထမ်းရုံးများ၌ နိုင်ငံသားစိစစ်ရေးကတ်၊ မိခင်နှင့်ကလေးကျန်းမာရေး စောင့်ရှောက်မှု မှတ်တမ်းစာအုပ်နှင့် ကိုယ်ဝန်ဆောင်အဖြစ် သိသာထင်ရှားသည့် ကိုယ်တစ်ပိုင်းဓာတ်ပုံ ပူးတွဲဖော်ပြလျှောက်ထားရမည်ဖြစ်ကြောင်း အသိပညာပေး ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။



**သာပေါင်း (ပြန်/ဆက်)**





## မွေးမြူရေးတိရစ္ဆာန်များ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

မိုးရာသီသို့ ကူးပြောင်းရောက်ရှိလာပြီဖြစ်ရာ မိုးဦးကာလတွင် လေပြင်းတိုက်ခတ်ခြင်း၊ မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ မိုးကြိုးပစ်ခြင်းနှင့် ရေကြီးရေလျှံခြင်းများ ဖြစ်ပေါ်နိုင်သဖြင့် မွေးမြူထားသော တိရစ္ဆာန်များအပေါ် ကျရောက်နိုင်သည့် သဘာဝဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) ရေဒီယို၊ ရုပ်မြင်သံကြားများနှင့် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြသည့် မိုးလေဝသ သတိပေးချက်များကို ဂရုပြုနားထောင်၊ ဖတ်ရှု၊ စောင့်ကြည့်ရန်၊

(၂) တိရစ္ဆာန်များအတွက် ဒေသတွင်းရရှိနိုင်သည့် ကောက်ရိုး၊ ပြောင်းရိုး၊ ပဲရိုးနှင့် ပဲမှော် အစရှိသည့် တိရစ္ဆာန်အစာနှင့် သောက်သုံးရေများ လုံလောက်စွာရရှိရေး ကြိုတင်စုဆောင်းထားရန်၊

(၃) ရေကြီးရေလျှံဖြစ်ပေါ်လေ့ရှိသောဒေသများ၌ တိရစ္ဆာန်များကို ရေဘေးအန္တရာယ်မှ ကင်းလွတ်နိုင်ရေး ကြိုတင်စီမံထားရန်၊

(၄) ရေဘေးအန္တရာယ်ကျရောက်သည်မှလွဲ၍ အခြားသဘာဝဘေးအန္တရာယ်များမှ ကာကွယ်ရန် တိရစ္ဆာန်များကို အကာအကွယ်ရှိသော ခြံများအတွင်း စနစ်တကျ မွေးမြူထားရှိရန်၊

(၅) ရေဘေးအန္တရာယ်ကျရောက်လာပါက တိရစ္ဆာန်များကို ရေလွတ်သောနေရာများသို့ အလျင်အမြန်ပြောင်းရွှေ့နေရာချထားရန်အတွက် ကြိုတင်စီမံထားရန်၊

(၆) သိုလှောင်ထားသော တိရစ္ဆာန်အစာများကို ရေဘေးကင်းလွတ်ရာသို့ အချိန်မီ ပြောင်းရွှေ့နိုင်ရေး ကြိုတင်စီမံထားရန်၊

(၇) ရေဘေးအန္တရာယ်ကျရောက်ချိန်၌ ရေပြန်ကျချိန်တွင် ကူးစက်ရောဂါများ ဖြစ်ပွားတတ်သဖြင့် တိရစ္ဆာန်များကို ဦးစီးဌာနက သတ်မှတ်ထားသည့်အတိုင်း တိရစ္ဆာန်ရောဂါ ကာကွယ်ဆေးများ ကြိုတင်ထိုးနှံထားရန်၊

(၈) တိရစ္ဆာန်များ ကူးစက်ရောဂါ၊ သာမန်ရောဂါနှင့် ထိခိုက်ဒဏ်ရာများရရှိပါက ဆေးကုသမှု အမြန်ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနသို့ ဆက်သွယ်ရန်၊

(၉) တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ ထူးခြားဖြစ်စဉ်များရှိပါက သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ဆက်သွယ်အကြောင်းကြား ပူးပေါင်းဆောင်ရွက်ရန်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

မြန်မာနိုင်ငံတစ်ဝန်းရှိ ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာအရည်အသွေး တိုးတက်ကောင်းမွန်စေရန်ရည်ရွယ်ပြီး အင်္ဂလိပ်စကားပြောပုံစံများကို လေ့လာနိုင်ရန်အတွက် အပတ်စဉ် ဖော်ပြပေးလျက်ရှိပါသည်။

ကြေးမုံစာတည်းအဖွဲ့

# A Basic Spoken English Course

ယခင်တစ်ပတ်က **Lesson 8 Hobbies and Free Time** (အားလပ်ချိန်နှင့် ဝါသနာများ) အကြောင်းကို ဖော်ပြခဲ့ပါတယ်။ ဒီတစ်ပတ်မှာတော့ အားလပ်ချိန်နှင့် ဝါသနာများနဲ့သက်ဆိုင်တဲ့ လေ့ကျင့်ခန်းများကို ဖော်ပြသွားမှာဖြစ်ပါတယ်။

## Lesson 8 – Hobbies and Free Time
## (အားလပ်ချိန်နှင့် ဝါသနာများ)

**Exercises**

**Exercise 1. Match the Words with the Meanings.**

| A | B |
|---|---|
| 1. reading | a. ရေကူးခြင်း |
| 2. drawing | b. သီချင်းနားထောင်ခြင်း |
| 3. swimming | c. စာဖတ်ခြင်း |
| 4. singing | d. ပန်းချီဆွဲခြင်း |
| 5. cycling | e. စက်ဘီးစီးခြင်း |
| 6. cooking | f. ချက်ပြုတ်ခြင်း |
| 7. dancing | g. ကခြင်း |
| 8. listening to music | h. သီချင်းဆိုခြင်း |

**Exercise 2. Choose the Correct Answer**

1. I like ________.
   A. read B. reading C. reads
2. She likes ________.
   A. drawing B. draw C. draws
3. My hobby is ________.
   A. swim B. swimming C. swims
4. I play football ________ my free time.
   A. in B. on C. at
5. He likes ________ to music.
   A. listen B. listening C. listens
6. My favourite hobby is ________.
   A. cook B. cooking C. cooks
7. I like ________ photos.
   A. taking B. take C. takes
8. She likes ________ TV.
   A. watch B. watching C. watches

**Exercise 3. Fill in the Blanks.**

reading / drawing / swimming / singing / football / music / cooking / cycling

1. I like __________ books.
2. I like __________ pictures.
3. I like __________ in the pool.
4. I like __________ songs.
5. I play __________ in my free time.
6. I listen to __________ in my free time.
7. My mother likes __________.
8. I like __________ my bicycle.

**Exercise 4. Complete the Sentences.**

1. My hobby is __________.
2. I like __________.
3. My favourite hobby is __________.
4. I __________ in my free time.
5. I like __________ books.
6. I like __________ to music.
7. I like __________ football.
8. I like __________ photos.

**Exercise 5. Answer the Questions.**

1. What is your hobby?
   ______________________________
2. What are your hobbies?
   ______________________________
3. What do you do in your free time?
   ______________________________
4. Do you like reading?
   ______________________________
5. Do you like swimming?
   ______________________________
6. Do you like drawing?
   ______________________________
7. What is your favourite hobby?
   ______________________________

**Exercise 6. Yes or No**

Yes, I do. / No, I don't. ဖြင့် ဖြေပါ။

1. Do you like reading?
   ____________________
2. Do you like drawing?
   ____________________
3. Do you like swimming?
   ____________________
4. Do you like cooking?
   ____________________
5. Do you like dancing?
   ____________________
6. Do you like playing football?
   ____________________
7. Do you like listening to music?
   ____________________
8. Do you like watching TV?
   ____________________

**Exercise 7. Frequency Words**

always / usually / often / sometimes / never

သင့်တော်သော Frequency Word ဖြင့် ဖြည့်ပါ။

1. I __________ read books in my free time. (မကြာခဏ)
2. I __________ play football. (တစ်ခါတလေ)
3. She __________ listens to music. (ပုံမှန်အားဖြင့်)
4. I __________ play computer games. (အမြဲတမ်း)
5. He __________ goes swimming. (ဘယ်တော့မှ)

**မှတ်ရန်**

always = အမြဲတမ်း
usually = ပုံမှန်အားဖြင့်
often = မကြာခဏ
sometimes = တစ်ခါတလေ
never = ဘယ်တော့မှ

**Exercise 8. Put the Words in the Correct Order.**

1. like / I / reading
   ______________________________
2. hobby / My / swimming / is
   ______________________________
3. free / I / in / football / my / play / time
   ______________________________
4. likes / She / drawing
   ______________________________
5. music / to / I / listen
   ______________________________
6. favourite / My / is / hobby / cooking
   ______________________________
7. often / books / I / read
   ______________________________
8. like / Do / swimming / you?
   ______________________________

**Exercise 9. Make Questions.**

ပေးထားသောအဖြေများနှင့် ကိုက်ညီသော မေးခွန်းများ ပြုလုပ်ပါ။

**Example**

**Answer:** My hobby is reading.
**Question:** What is your hobby?

1. **Answer:** I play football in my free time.
   **Question:** ______________________________?
2. **Answer:** My favourite hobby is drawing.
   **Question:** ______________________________?
3. **Answer:** Yes, I do.
   **Question:** ______________________________?
4. **Answer:** No, I don't.
   **Question:** ______________________________?
5. **Answer:** I like reading and swimming.
   **Question:** ______________________________?

**Exercise 10. Complete the Dialogue.**

A: What is your hobby?
B: My hobby is __________.
A: What do you do in your free time?
B: I __________.
A: Do you like swimming?
B: Yes, __________.
A: Do you like cooking?
B: No, __________.
A: What is your favourite hobby?
B: My favourite hobby is __________.

**Exercise 11. Read and Answer**

**My Hobbies**

My name is Alice. I am eight years old. My hobbies are reading and drawing. I like reading books in my free time. I also like drawing pictures. I sometimes play badminton with my friends. My favourite hobby is drawing.

**Answer the Questions**

1. What is her name?
   ______________________________
2. How old is she?
   ______________________________
3. What are her hobbies?
   ______________________________
4. What does she do in her free time?
   ______________________________
5. Who does she play badminton with?
   ______________________________
6. What is her favourite hobby?
   ______________________________

**Exercise 12. Speaking Practice**

**Student A:** What is your hobby?
**Student B:** My hobby is __________.
**Student A:** What do you do in your free time?
**Student B:** I __________.
**Student A:** Do you like reading?
**Student B:** Yes, I do. / No, I don't.
**Student A:** What is your favourite hobby?
**Student B:** My favourite hobby is __________.
**Student A:** How often do you do it?
**Student B:** I __________ do it.

**Exercise 13. Write About Your Hobbies.**

1. My name is __________.
2. My hobby is __________.
3. I like __________.
4. I __________ in my free time.
5. My favourite hobby is __________.

**Example**

My name is Min Min.
My hobby is reading.
I like drawing, too.
I read books in my free time.
My favourite hobby is reading.

*********************

အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ ရှင်းလင်းချက်များနှင့် လေ့ကျင့်ခန်းများအပေါ် နားလည်မှုတစ်စုံတစ်ရာမရှိပါက သို့မဟုတ် ယခုထက်ပိုမိုကောင်းမွန်စေရန် အကြံပြုလိုပါက ဆရာဦးအောင်ကျော်ကျော် (The Perfect English Supplement Editorial Group) ၀၉-၄၃၁၅၇၀၇၁ ထံ ဆက်သွယ်မေးမြန်းအကြံပြုနိုင်ပါသည်။

# ရှိုင်ရယ်-ဒီ ရွှေခါးပတ်ချန်ပီယံ(၂၀၂၆) ဗိုလ်လုပွဲများ အလဲထိုးရလဒ်မပေါ်ထွက်ဘဲ အမှတ်ဖြင့်သာ ချန်ပီယံရွေးချယ်ခဲ့ရ



ကညောခွား(ဘိလပ်မြေစက်ရုံ)နှင့် အဖိုးသွေး(ခေးယုဝါး)တို့ ယှဉ်ပြိုင်စဉ်။

**ရန်ကုန် စက်တင်ဘာ ၂၀**

အားကစားရေးရာဝန်ကြီးဌာန မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူးပြီး SAI ZAWZAW Group မှကျင်းပသည့် ရှိုင်ရယ်-ဒီ ရွှေခါးပတ်ချန်ပီယံ ဗိုလ်လုပွဲ (၂၀၂၆) ဗိုလ်လုပွဲစဉ်များကို ယနေ့ မွန်းလွဲပိုင်းက မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ သိမ်ဖြူလက်ဝှေ့ရုံ၌ ပြုလုပ်ရာ ပြိုင်ပွဲအားလုံး အလဲထိုးနိုင်ခြင်းမရှိသည့်အတွက် အမှတ်ဖြင့် ဆုံးဖြတ်ကာ ချန်ပီယံခါးပတ်ချီးမြှင့်ခဲ့ရသည်။

ဗိုလ်လုပွဲမကျင်းပမီ အထူးလေးချီ စိန်ခေါ်ပွဲသုံးပွဲထည့်သွင်းခဲ့ပြီး လာကပေါ(ရိုးရာကျား)နှင့် ဇော်ဒူလ(Python တော်ဝင်ရော)၊ ရွှေထီး(YMA)နှင့် ဝူသောဒို (ရိုးရာကျား)၊ ချမ်းမြေ့အောင်(PTC)နှင့် ရဲမာန်သွေး(Ray)တို့ သူတစ်ပြန်ကိုယ်တစ်ပြန် လေးချီအပြည့် ယှဉ်ပြိုင် ထိုးသတ်ခဲ့ကြသော်လည်း အနိုင်အရှုံးမပေါ်သည့်အတွက် ပူးတွဲသရေပွဲများသာ ဖြစ်ခဲ့သည်။

ဗိုလ်လုပွဲစဉ်ဖြစ်သည့် ၅၁ ကီလိုတန်း ဆလိုင်းထန်ခ်ီးရှိန် (ကျားမနိုင်)နှင့် ဝေါဇက (ရိုးရာစွမ်းအား)တို့ပွဲတွင် ငါးချီပြည့်သည်အထိ ဆိုင်ထိုးပြိုင်ထိုးခဲ့ကြသော်လည်း အနိုင်အရှုံးမပေါ်သည့်အတွက် ဆလိုင်းထန်ခ်ီးရှိန် အမှတ်ဖြင့် အနိုင်ရရှိသည်။

၅၄ ကီလိုတန်း အောင်ထွန်းဘို (ဒို့ရိုးရာ)နှင့် မြလုံးချော (စိန်လက်သီး)တို့ပွဲတွင် လက်သီးတွဲလုံး၊ အမြင့်ခတ်ခြေ၊ နင်းခြေ၊ တံတောင်ရိုက်ချက် စသည်ဖြင့် သတ်လုံးသတ်ကွက် စုံစုံလင်လင်ဖြင့် သူတစ်ပြန်ကိုယ်တစ်ပြန် ယှဉ်ပြိုင်ခဲ့ကြသော်လည်း ငါးချီပြည့်သည်အထိ အလဲမထိုးနိုင်သည့်အတွက် အမှတ်ဖြင့်သာ မြလုံးချောက အနိုင်ရရှိခဲ့သည်။

၅၇ ကီလိုတန်း ကျော်ဝေယံထွန်း (Top One)နှင့် အာဖရိက (555 Sports)တို့ပွဲတွင် ကျော်ဝေယံထွန်းက ဘယ်ညာလက်သီးတွဲလုံးများကို အားပြုယှဉ်ပြိုင်သလို အာဖရိကကလည်း ဆိုင်ထိုး ပြိုင်ထိုး အပူးအသတ် ဒူးတိုက်ချက်များ၊ လက်သီးထိုးချက်များဖြင့် အချီပြည့်ရင်ဆိုင်ယှဉ်ပြိုင်ခဲ့သော်လည်း အလဲထိုးနိုင်ခြင်းမရှိဘဲ အမှတ်ဖြင့် အာဖရိကက အနိုင်ရရှိခဲ့သည်။

၆၀ ကီလိုတန်းစီတိုး(ခေးယုဝါး)နှင့် သန့်ဇင် (Python တော်ဝင်ရော)တို့ပွဲတွင် နှစ်ဦးလုံးဖွင့်ထိုးကြသဖြင့် အကွဲကွဲအပြဲပြဲဖြင့် ပရိသတ်အကြိုက် ပွဲကောင်းတစ်ပွဲဖြစ်ခဲ့သော်လည်း အလဲထိုးအဖြေမပေါ်သဖြင့် အမှတ်ဖြင့် သန့်ဇင်က အနိုင်ရရှိခဲ့သည်။

ထို့အတူ ၆၃ ဒသမ ၅ ကီလိုတန်း ထူးကညော(YKB)နှင့် ရဲလင်းဦး (Vanguard) တို့ပွဲတွင် ရဲလင်းဦးက အမှတ်ဖြင့်လည်းကောင်း၊ ၆၇ ကီလိုတန်း အဖိုးသွေး(ခေးယုဝါး)နှင့် ကညောခွား(ဘိလပ်မြေစက်ရုံ) တို့ပွဲတွင် ကညောခွားက အမှတ်ဖြင့်လည်းကောင်း အနိုင်ရရှိခဲ့သည်။

**ကိုထက်**

# ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား ရခိုင်ရိုးရာကျင်ကိုင်ပွဲ ဖွင့်ပွဲကျင်းပ



**ရန်ကုန် စက်တင်ဘာ ၂၀**

တောင်ဥက္ကလာပ မြို့နယ် အမှတ်(၁၀)ရပ်ကွက် သုမင်္ဂလာလမ်းရှိ ပဒေသာအားကစားရုံ၌ ၂၀၂၆ ခုနှစ် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား ရခိုင်ရိုးရာကျင်ကိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက ကျင်းပသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်မင်းသန်း၊ သဃ်န်းကျွန်း ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်မိုးထိုက်နှင့် မြန်မာနိုင်ငံကျင်နှင့် ရှီရွှန်အားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးတင်အောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် ဝါသုဒေဝ ရခိုင်စည်တော်အဖွဲ့၊ မင်းမော်မင်္ဂလာ ဆိုင်းတို့၏ တီးခတ်မှုနှင့်အတူ လေးဝတီ ရခိုင်စာပေနှင့်ယဉ်ကျေးမှုအဖွဲ့ အတွင်းရေးမှူး ဦးထွန်းခင်က ကျင်ခြင်းမင်္ဂလာရတု ရွတ်ဆိုခြင်း၊ လေးဝတီရခိုင်ယဉ်ကျေးမှုအဖွဲ့မှ ရခိုင်သမီးပျိုလေးများက မုနိမဟာဘဂဝါ ဆီမီးအက၊ ဗျာလအကတို့ဖြင့် ကပြဖျော်ဖြေခြင်းများ ပြုလုပ်ခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်မင်းသန်းက ဂုဏ်ပြုထောက်ပံ့ငွေများ ပေးအပ်ရာ မြန်မာနိုင်ငံ ကာဗာတီအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသန်းကိုဝင်းနှင့် မြန်မာနိုင်ငံကျင်နှင့် ရှီရွှန်အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးတင်အောင်တို့က လက်ခံရယူခဲ့သည်။

ဆက်လက်၍ မင်္ဂလာကျင်ပွဲ ဖွင့်ပွဲအဖြစ် ရမ်းဗြဲမြို့နယ် ကိုယ်စားပြု ဦးညီညီအောင်နှင့် မြေပုံမြို့နယ် ကိုယ်စားပြု ဦးထွန်းရွှေအောင်တို့ ယှဉ်ပြိုင်ကစားကြရာ ဦးညီညီအောင်က အနိုင်ရရှိခဲ့ပြီး ဒုတိယပွဲစဉ်အဖြစ် ကျောက်ဖြူမြို့နယ် ကိုယ်စားပြု မောင်ခေတ်သစ်နှင့် ကျောက်ဖြူမြို့နယ်ကိုယ်စားပြု မောင်ချမ်းမင်းသူတို့ ယှဉ်ပြိုင်ကစားကြရာ ပူးတွဲအနိုင်ရရှိခဲ့ကာ တတိယပွဲစဉ်အဖြစ် ကျောက်ဖြူမြို့နယ် ကိုယ်စားပြု မောင်ထွန်းမောင်နှင့် ကျောက်ဖြူမြို့နယ် ကိုယ်စားပြု မောင်အောင်ဝင်းထွန်းတို့ ယှဉ်ပြိုင်ကစားကြရာ ပူးတွဲအနိုင်ရရှိခဲ့ကြကြောင်း သိရသည်။

**ခင်ဆွေနှင်း(ပြန်/ဆက်)**

# လွိုင်လင်မြို့နယ် ပညာရေးမှူးဖလား ကျောင်းပေါင်းစုံ U -14 ဘောလုံးပြိုင်ပွဲဗိုလ်လုပွဲနှင့် ဆုပေးပွဲကျင်းပ



**လွိုင်လင် စက်တင်ဘာ ၂၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့နယ် ပညာရေးမှူးဖလား ကျောင်းပေါင်းစုံ U–14 ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲကို ယနေ့ မွန်းလွဲပိုင်းက ခရိုင်အားကစားကွင်း၌ ကျင်းပသည်။

ဦးစွာ အလက(၁)လွိုင်လင်နှင့် အထက(၁) လွိုင်လင်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အလက(၁) အသင်းက နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရ ဗိုလ်စွဲသွားသည်။ ထို့နောက် ပထမ၊ ဒုတိယ၊ တတိယနှင့် နေရာအလိုက် အကောင်းဆုံးဆုများကို ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်ပညာရေးမှူးနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ကြသည်။ ပြိုင်ပွဲတွင် လွိုင်လင်၊ ပင်လုံ၊ မိုင်းပွန်တို့မှ ကိုယ်ပိုင်ကျောင်း၊ ဘုန်းတော်ကြီးသင်ကျောင်းအပါအဝင် အသင်းပေါင်း ၁၅ သင်း ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။ **လွိုင်လင်မိုး**

○ အကြိမ်(၂၀)မြောက်မှ

အမျိုးသမီးနှစ်ယောက်တွဲ ပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး Women’s Singles အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲတွင် ခင်နှင်းဝေသည် ပြိုင်ပွဲတစ်လျှောက် ရှုံးပွဲမရှိ အကောင်းဆုံးစွမ်းဆောင်ရည်ဖြင့် မြန်မာနိုင်ငံအတွက် ပထမဦးဆုံး ရွှေတံဆိပ်ဆုကို ထိုက်ထိုက်တန်တန်ဆွတ်ခူးရယူပေးနိုင်ခဲ့သည်။

ခင်နှင်းဝေသည် အုပ်စုအဆင့်ပြိုင်ပွဲများ၌ ပွဲစဉ် သုံးပွဲ ယှဉ်ပြိုင်ကစားခဲ့ရာ ပြိုင်ဘက်အသင်းများကို တစ်ပွဲပြီးတစ်ပွဲ အပြတ်အသတ် ယှဉ်ပြိုင်အနိုင်ယူ၍ သုံးပွဲစလုံး အနိုင်ရရှိခဲ့ပြီး အုပ်စုပထမနေရာဖြင့် နောက်တစ်ဆင့်သို့ တက်ရောက်နိုင်ခဲ့၍ ဆီမီးဖိုင်နယ်ပွဲစဉ်တွင် လက်ဘနွန်အသင်းမှ အားကစားသမားနှင့် ယှဉ်ပြိုင်ကစားခဲ့ရာ နှစ်ပွဲပြတ်ဖြင့် အပြတ်အသတ်ထပ်မံအနိုင်ရရှိခဲ့သည်။ ဗိုလ်လုပွဲစဉ်တွင် အင်ဒိုနီးရှားအသင်းမှ အားကစားသမား Sumaya SUMAYA နှင့် အကြိတ်အနယ်ယှဉ်ပြိုင်ကစားခဲ့ရာ ပထမပွဲငယ်တွင် Sumaya SUMAYA က ရမှတ် ၁၂ မှတ်၊ ခင်နှင်းဝေက ရမှတ် ၁၀ မှတ်ဖြင့် အင်ဒိုနီးရှားအသင်းမှ အားကစားသမားက အနိုင်ရရှိခဲ့သော်လည်း ဒုတိယပွဲငယ်တွင် ခင်နှင်းဝေသည် အကောင်းဆုံး တန်ပြန်ကစားမှုများဖြင့် အင်ဒိုနီးရှားအသင်းမှ အားကစားသမားကို ရမှတ် ၁၂ မှတ် ၈ မှတ်ဖြင့် ဒုတိယပွဲငယ်တွင် ပြန်လည်အနိုင်ရရှိခဲ့ပြီး တတိယပွဲငယ်တွင် ခင်နှင်းဝေသည် အမှားနည်းစွာဖြင့် တည်ငြိမ်မှုရှိရှိ ထိချက်မှန်ကန်စွာ အကောင်းဆုံးယှဉ်ပြိုင်ကစားခဲ့ရာ ရမှတ် ၁၂ မှတ် ၉ မှတ်ဖြင့် Sumaya SUMAYA ကို ပွဲပြီးချိန်တွင် ရလဒ်(၂)ပွဲ (၁)ပွဲဖြင့် အကြိတ်အနယ် ယှဉ်ပြိုင်အနိုင်ရရှိခဲ့ကာ မြန်မာနိုင်ငံအတွက် ပထမဦးဆုံး ရွှေတံဆိပ်ဆုကို ထိုက်ထိုက်တန်တန်ဖြင့် ဆွတ်ခူးရယူပေးနိုင်ခဲ့သည်။

အလားတူ မြန်မာစံတော်ချိန် မွန်းလွဲ ၁၁ နာရီတွင် တက်ဂ်ဘော အမျိုးသားတစ်ဦးချင်းပြိုင်ပွဲ (Teqball Men’s Singles) တတိယလုပွဲပွဲစဉ်၌ မြန်မာအသင်းမှ စောဖရိုင်းဒေးသည် ဖိလစ်ပိုင်အသင်းမှ အားကစားသမား Prince AGUSTIN နှင့် ယှဉ်ပြိုင်ကစားခဲ့ရာ နှစ်ပွဲပြတ် အနိုင်ရရှိခဲ့ပြီး မြန်မာနိုင်ငံအတွက် ကြေးတံဆိပ်ဆုကို ဆွတ်ခူးရယူပေးနိုင်ခဲ့သည်။

ဆက်လက်ပြီး မွန်းလွဲ ၂ နာရီ မိနစ် ၄၀ တွင် တက်ဂ်ဘောအမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲ (Teqball Women’s Doubles Final)ပွဲစဉ်၌ မြန်မာအသင်းမှ ဆုမွန်အောင်နှင့် ဖြူဖြူသန်းတို့အတွဲသည် ထိုင်းအသင်းမှ အားကစားသမား Suphawadi WONGKHAMC, jutatip KUNTATONG တို့အတွဲနှင့် ယှဉ်ပြိုင်ကစားခဲ့ရာ ပထမပွဲငယ်တွင် ထိုင်းအသင်းမှ ရမှတ် ၁၂ မှတ် ၆ မှတ်ဖြင့် လည်းကောင်း၊ ဒုတိယပွဲငယ်တွင် ထိုင်းအသင်းက ရမှတ် ၁၂ မှတ် ၃ မှတ်ဖြင့် မြန်မာအသင်းကို အနိုင်ရရှိခဲ့သည့်အတွက် မြန်မာအသင်းအနေဖြင့် ဒုတိယနှင့်သာ ကျေနပ်နှစ်သိမ့်ခဲ့ရပြီး မြန်မာတက်ဂ်ဘောအသင်းအနေဖြင့် အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲတွင် မြန်မာနိုင်ငံအတွက် ဒုတိယငွေတံဆိပ်ဆုကိုသာ ဆွတ်ခူးရယူပေးနိုင်ခဲ့သည်။

အကြိမ်(၂၀) မြောက် အာရှအားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြုဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည့် မြန်မာတက်ဂ်ဘောအားကစားနည်းအနေဖြင့် ရွှေတံဆိပ် တစ်ခု၊ ငွေတံဆိပ် တစ်ခုနှင့် ကြေးတံဆိပ် တစ်ခုတို့ကို မြန်မာနိုင်ငံအတွက် ထိုက်ထိုက်တန်တန် ဆွတ်ခူးရယူပေးနိုင်ခဲ့ကြောင်းနှင့် စက်တင်ဘာ ၂၁ ရက် မွန်းလွဲ ၁ နာရီခွဲတွင် မြန်မာအမျိုးသမီးဘောလုံးအသင်းအနေဖြင့် တတိယမြောက် အုပ်စုပတ်လည်ပွဲစဉ်အဖြစ် စက်တင်ဘာ ၂၁ ရက် မွန်းလွဲ ၁ နာရီခွဲတွင် Yanmar Stadium Nagai ၌ ဘင်္ဂလားဒေ့ရှ် အမျိုးသမီးဘောလုံးအသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



(၆၂) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၂၀ ရက်တွင် ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် ရွှေဘုန်းပွင့်စေတီတော်မြတ်၌ မြို့နယ်မှူး ရဲမှူးကျော်စိုးခိုင် ဦးဆောင်ကြီးကြပ်မှုဖြင့် မြို့မရဲစခန်းမှူး ဒုတိယရဲမှူး သစ်လွင်နှင့် ရဲတပ်ဖွဲ့ဝင်များ၊ မိသားစုဝင်များက စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။

အာကာ(ပြန်/ဆက်)

# တစ်ကျော့ပြန် နျူကလီးယား နည်းပညာ (၆)

နီဇော်သစ်




တိုကာမက်နည်းပညာနှင့် လေဆာလောင်ကျွမ်းနည်းပညာတို့မှ ဖျူရှင်ဖြစ်အောင်လုပ်နိုင်ပြီဖြစ်သည့်အကြောင်းကို ရှေ့ကအပိုင်းများတွင် ဆွေးနွေးခဲ့ပါသည်။ ဖျူရှင်ဖြစ်အောင်လုပ်နိုင်သည့်အပြင် စွမ်းအင်ပိုထွက်လာအောင်လည်း လုပ်နိုင်ပြီ။ သို့ဆိုလျှင် ဖျူရှင်နည်းပညာဖြင့် လျှပ်စစ်ထုတ်နိုင်ပြီလားဟုမေးလျှင် ယခုအချိန်အထိ မထုတ်နိုင်သေးပါ။ ထုတ်နိုင်ဖို့လည်း တော်တော်လေးလိုပါဦးမည်။

ဘာတွေလိုနေသေးလဲဆိုလျှင် အရင်ဆုံး လေဆာနည်းကို ကြည့်ပါမည်။ ယခုရရှိထားသောအဆင့်က အရေးကြီးသော အဆင့်ဖြစ်သည့်တိုင် စမ်းသပ်မှုအဆင့်သာရှိသေးသည်။ တကယ့်စက်ရုံတွင် ယခုလို ပစ်ချက်မျှလောက်နှင့်မရ။ လောင်စာလုံးလေးများကို ခတ်ပြုခန်းထဲထည့်ပြီး လေဆာဖြင့် ဆက်တိုက်ပစ်နေဖို့လိုသည်။ စက်ရုံအဆင့်သဘောတရားအရ အနည်းဆုံးတစ်စက္ကန့်လျှင် ၁၀ ကြိမ် ပစ်နိုင်ရမည်။ ထို့ကြောင့် တစ်နေ့ကို အကြိမ် ၈၆၄၀၀၀ ပစ်ရမည်။ ထိုသို့ပစ်ရာတွင် လောင်စာလုံးများကို ခတ်ပြုခန်း အလယ်တည့်တည့်ရောက်အောင် ထည့်ဖို့တို့၊ ပစ်မှတ်ကို တိတိကျကျ ထိအောင်ပစ်ဖို့တို့ လိုသေးသည်။ ထို့ကြောင့် ယခုစမ်းသပ်ရရှိသော အဆင့်သည် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး စက်ရုံတစ်ခုနှင့် ယှဉ်လျှင် များစွာကွာခြားနေသေး၏။

ဆက်ပြီး တိုကာမက်နည်းကို ကြည့်ပါမည်။ ၂၀၂၅ ခုနှစ် ဇန်နဝါရီတွင် တရုတ်တိုကာမက်စက်ဖြစ်သည့် EAST က အပူချိန်မြင့်ပလာစမာကို ၁၀၆၆ စက္ကန့်ဆက်တိုက်ထိန်းထားနိုင်သည်။ သို့သော် လျှပ်စစ်ဓာတ်အားပေးစက်ရုံ ဖြစ်ဖို့ဆိုလျှင် အဆပေါင်းများစွာ ပိုထိန်းထားနိုင်ရမည်။ အထပ်ထပ်လုပ်နိုင်ဖို့လည်း လိုသည်။ အပူထုတ်ယူမှုနှင့် စက်ပစ္စည်းများ၏ သက်တမ်း၊ ပစ္စည်းလဲလှယ်တပ်ဆင်သည့် နည်းပညာ စသည်တို့ကိုလည်း သက်သေပြရဦးမည်။ ထို့ကြောင့် များစွာကွာခြားနေသေးသည်။

လျှပ်စစ်ထုတ်သည့်အပိုင်းကို ကြည့်ပါမည်။ တိုကာမက်နည်းတွင် ဖျူရှင်ဖြစ်ပြီး ထွက်လာသည့် နျူထရွန်ကို သံလိုက်အားက ထိန်းမထားနိုင်သောကြောင့် နံရံအပြင်ဘက်တွင် လစ်သီယံပါဝင်သည့် blanket တစ်ခုကာထားရသည်ဟု ရှေ့တွင်ပြောခဲ့သည်။ မတိကျသော်လည်း လစ်သီယံအလွှာကာထားသည်ဟုဆိုပါစို့။ အဆိုပါအလွှာက အလုပ်နှစ်မျိုးလုပ်သည်။ တစ်မျိုးက နျူထရွန်၏ အရွေ့စွမ်းအင်ကို အပူစွမ်းအင်အဖြစ်ပြောင်းပြီး အအေးခံစနစ်ထဲမှ ရေများကို ဆူပွက်စေကာ တာဘိုင်များကိုမောင်းနှင်၊ လျှပ်စစ်စွမ်းအင်ထုတ်ခြင်းဖြစ်သည်။ ထိုအဆင့်သို့ မရောက်သေးသော်လည်း ကြိုတင်မှန်းဆထားသည့် နည်းလမ်းဖြစ်သည်။

နောက်တစ်မျိုးက ထရစ်တီယံ ထုတ်လုပ်ဖို့။ ပလာစမာထဲတွင် ဖျူရှင်ဆက်တိုက်ဖြစ်လာချိန်တွင် ဒီ-တီ လောင်စာများ ကုန်သွားမည်ဖြစ်၍ ထပ်ဖြည့်ပေးရမည်။ ဒူတီရီယံက ပင်လယ်ထဲမှရ၍ ပေါသည်။ ထရစ်တီယံကမူ ရှားသည်။ ထို့ကြောင့် လစ်သီယံအလွှာနှင့် နျူထရွန်တို့ တိုက်မိသည့်နေရာတွင် ထရစ်တီယံ ထွက်လာအောင်ပါ လုပ်ထားရသည်။ သို့မှသာ စီးပွားဖြစ်ထုတ်လုပ်ဖို့ အခြေခံလမ်းကြောင်းပေါ် ရောက်မည်ဖြစ်သည်။

ဤနေရာတွင် ရှေးရိုးစဉ်လာ ဖစ်ရှင်နျူကလီးယားဓာတ်ပေါင်းဖိုများနှင့် ကွာသည်ကို တွေ့နိုင်သည်။ ဖစ်ရှင်ဓာတ်ပေါင်းဖိုများတွင် ဖစ်ရှင်မှ ထွက်လာသည့် အပူစွမ်းအင်ဖြင့် အအေးခံစနစ်ထဲမှ ရေများဆူပွက်စေပြီး တာဘိုင်များကို လည်၍ လျှပ်စစ်ထုတ်ခြင်းဖြစ်သည်။ ဖျူရှင်နည်းတွင် ဖျူရှင်ကြောင့်ဖြစ်လာသည့်အပူကို တိုက်ရိုက်ယူ၍မရ။ မည်သည့်အရာမျှ မခံနိုင်လောက်အောင် ပူလွန်း၍ပင်။ ထို့ကြောင့် ဘေးကိုထွက်လာသည့် နျူထရွန်တို့၏ အရွေ့စွမ်းအင်ကိုသာ အပူစွမ်းအင်သို့ ပြောင်းရသည်။ လက်ပေါက်ပိုစိတ်ပြီး ခက်လည်းခက်သည်။ သို့ဆိုလျှင် ဘာကြောင့်လွယ်ပြီး ကုန်ကျစရိတ်နည်းသည့် ဖစ်ရှင်နည်းကို ဆက်မသုံးဘဲ ဖျူရှင်နည်းကို ကြိုးစားနေရလဲဟု မေးစရာရှိသည်။ အဓိကအချက်မှာ ဖစ်ရှင်နည်းမှ ထွက်လာသည့် ရေဒီယိုသတ္တိကြွစွန့်ပစ်ပစ္စည်းများကို မလိုလား၍ဟု ဆိုနိုင်သည်။ ဖျူရှင်နည်းတွင် နျူထရွန်များကြောင့် ရေဒီယိုသတ္တိကြွမှုရှိသော်လည်း သက်တမ်းဝက်အလွန်ရှည်လျားသည့် ရေဒီယိုသတ္တိကြွ စွန့်ပစ်ပစ္စည်းများ မထွက်၍ ဖစ်ရှင်နည်းမှ ထွက်လာသည်တို့ကို ဘယ်သွားသိမ်း ရမှန်းမသိသည့် ပြဿနာမျိုး ရှိတော့မည်မဟုတ်ပါ။

အမေရိကန်၏ လေဆာနည်းတွင်လည်း ဖျူရှင်မှ ထွက်လာသည့် စွမ်းအင်များကို တစ်နည်းနည်းဖြင့် အပူစွမ်းအင်ပြောင်းပြီး တာဘိုင်များကိုလည်ပတ်ကာ လျှပ်စစ်ထုတ်နိုင်သည်။ သို့သော် ထို့ထက်ပို၍ စိတ်ဝင်စားဖို့ကောင်းသည့် ကိစ္စတစ်ခု ပေါ်ထွက်လာသည်။ အမေရိကန် ကုမ္ပဏီတစ်ခုဖြစ်သည့် ဟီလီယွန်အင်နာဂျီက ရွေးချယ်ထားသည့် နည်းလမ်းဖြစ်သည်။

ဟီလီယွန်လုပ်နေသည့် သဘောတရားက ဖူရှင်ဖြစ်ပြီးနောက် ပလာစမာထဲမှ လျှပ်စစ်ဓာတ်ဆောင်အမှုန်များ၏ စွမ်းအင်၊ တစ်နည်းအားဖြင့် ပြန့်လာသောပလာစမာထဲမှ ပြောင်းလဲသွားသည့် သံလိုက်စက်ကွင်းကို သုံးပြီးညှို့ခြင်းဖြင့် လျှပ်စစ်ထုတ်လုပ်သော နည်းလမ်းဖြင့် လျှပ်စစ်ကို တိုက်ရိုက်ထုတ်လုပ်မည်။ ဆိုလိုသည်မှာ တာဘိုင်များ၊ ရေနွေးငွေ့များမပါတော့။ ပလာစမာ၏ သံလိုက်စက်ကွင်းအပြောင်းအလဲကို တစ်ဖက်တွင် လျှပ်စီးကြောင်းဖြစ်အောင်လုပ်မည်။ ညှို့ခြင်းဖြင့် လျှပ်စစ်ထုတ်လုပ်ခြင်းမှာ ထိုသဘောတရားကို ဖော်ထုတ်ခဲ့သည့် မိုက်ကယ်ဖာရာဒေးတို့ခေတ်ကတည်းက လုပ်ဖူးပြီးသားဖြစ်၍ မဆန်း။ သို့သော် ပလာစမာ၏ သံလိုက်စက်ကွင်းအပြောင်းအလဲကိုသုံးပြီး ညှို့ခြင်းဖြင့် လျှပ်စစ်ထုတ်ဖို့ဆိုသည်မှာ လုံးဝအသစ်အဆန်းဖြစ်သည်။

သုတေသနချည်းပဲဆိုလျှင် စိတ်ဝင်စားစရာသိပ်မရှိ။ သို့သော် ဟီလီယံက ၂၀၂၃ ခုနှစ်တွင် မိုက်ခရိုဆော့ဖ်နှင့် စာချုပ်ချုပ်ခဲ့သည်။ ထိုသဘောတူညီချက်အရ ဝါရှင်တန်ပြည်နယ်တွင် အိုရိုင်ယွန်ဆိုသည့် ဖျူရှင်ဓာတ်ပေါင်းဖိုတစ်ခု တည်ဆောက်နေပြီ။ ၂၀၂၈ ခုနှစ်တွင် ထိုစက်ရုံကိုစတင်လည်ပတ်ကာ ၅၀ မဂ္ဂါဝပ်နှင့်အထက် လျှပ်စစ်ထုတ်ပြီး မိုက်ခရိုဆော့ဖ်ကို ရောင်းရမည်။ နှစ်နှစ်အတွင်း လက်ကျန်အဆင့်များအားလုံးကို ကျော်ဖြတ်ပြီး စီးပွားဖြစ်ထုတ်နိုင်မလားဆိုသည့် စိန်ခေါ်မှုက ရင်ခုန်စိတ်လှုပ်ရှားစရာမကောင်းပါလား။ မိုက်ခရိုဆော့ဖ်နှင့် စာချုပ်ထဲတွင် ဘယ်လိုသဘောတူညီချက်များ ပါသေးလဲဆိုသည်ကိုတော့ အတိအကျ မသိရပါ။ မထုတ်နိုင်လျှင် ဘာဖြစ်မလဲဆိုသည်ကို မသိနိုင်ပါ။ သို့သော် အချိန်ပန်းတိုင်ကြီးက အံ့သြစရာကောင်းလွန်းနေသည်။

သူတို့နှင့် မလှမ်းမကမ်း ကပ်လိုက်သည်က တရုတ်နိုင်ငံ၏ BEST ။ BEST က Burning Plasma Experimental Superconducting Tokamak ကို အတိုကောက်ပြုထားခြင်းဖြစ်သည်။ EAST က ရလဒ်ကောင်းရခဲ့ပြီးနောက် တစ်ဆင့်အဖြစ် တရုတ်နိုင်ငံက တည်ဆောက်နေသည့် တိုကာမက်။ ပြီးခဲ့သည့် ဇွန်လက BEST အတွက် စူပါကွန်ဒတ်တာသံလိုက်ကြီးကို အောင်အောင်မြင်မြင် တည်ဆောက်နိုင်ခဲ့၍ သမိုင်းမှတ်တိုင်တစ်ခုဖြစ်ကြောင်း တရုတ်နိုင်ငံက ကြေးဝါးသည်။ ထိုသတင်းမှာ နိုင်ငံတကာသတင်းလောကထဲတွင် လှုပ်လှုပ်ခတ်ခတ်ဖြစ်ခဲ့သည်။ ဝန်ခံရလျှင် ထိုသတင်းကြောင့်လည်း ကျွန်တော် ဖျူရှင်ဆောင်းပါးများ ရေးဖြစ်ခြင်းဖြစ်သည်။

BEST က ယခုမှ တည်ဆောက်ဆဲဖြစ်ပြီး ၂၀၂၇ တွင် အပြီးသတ်မည်။ ရည်ရွယ်ချက်မှာ ဖျူရှင်ဓာတ်ပြုမှုထဲမှ ထွက်လာသည့် အယ်လ်ဖာအမှုန် (ဟီလီယံ နယူကလိယ)တို့က ပလာစမာကို ကိုယ်တိုင် အပူစွမ်းအင်ပြန်ပေးနိုင်မည့်အဆင့်ကို စမ်းသပ်ဖို့။ ဖျူရှင်ပါဝါ နှစ်မဂ္ဂါဝပ်မှ ၂၀၀ မဂ္ဂါဝပ်အထိ ထွက်ဖို့ မှန်းထားသည်။ စွမ်းအင်အသွင်းအထုတ်ကြား ကွာခြားချက် ကျူတန်ဖိုးကို ၁ မှ ၅ အထိရဖို့ ရည်မှန်းထားသည်။ ထိုရည်မှန်းချက်များကို ၂၀၃၀ ပြည့်နှစ်တွင် လုပ်နိုင်မည်ဟု သတ်မှတ်ထားသည်။

ယခုဆိုလျှင် လက်ရှိ ဖျူရှင်နည်းပညာပြိုင်ဆိုင်မှုအနေအထားကို မြည်းစမ်းနိုင်ပါပြီ။ နောက်တစ်ပတ်တွင် ဥရောပ၊ ဂျပန်၊ တောင်ကိုရီးယားတို့၏ စီမံကိန်းများနှင့် ရည်မှန်းချက်များကို နှိုင်းယှဉ်ပြပါမည်။

## ရုတ်တရက် အပြောင်းအလဲကြုံရချိန်တွင် ဦးနှောက်က ဘယ်လို လိုက်ပြောင်းပေးနိုင်လဲ တွေ့ရှိ

ဦးနှောက်၏အရှေ့ခြမ်းသည် ဆုံးဖြတ်ချက်များချမှတ်ရာတွင် အဓိကကျသည့် အစိတ်အပိုင်းတစ်ခုအဖြစ် သိရှိထားခဲ့ရာမှ ယခုလေ့လာမှုအသစ်တစ်ခုအရ သတင်းအချက်အလက်များကိုလည်း ကိုင်တွယ်နိုင်ပြီး ရုတ်တရက်အပြောင်းအလဲနှင့်ကြုံရလျှင် သဟဇာတဖြစ်အောင် လုပ်ပေးနိုင်ကြောင်းကိုပါ တွေ့ရှိခဲ့ရသည်။

အိုင်အိုဝါတက္ကသိုလ်မှ သုတေသီများ၏လေ့လာမှုတွင် အသက် ၁၈ နှစ်မှ ၃၅ နှစ်အကြား စေတနာ့ဝန်ထမ်း ၃၈ ဦးကို အရောင်၊ မျက်နှာပုံ၊ ရှုခင်းပုံများနှင့် သက်ဆိုင်ရာတုံ့ပြန်မှုများကို ပေါင်းစပ်မှတ်သားစေသည်။ ဆိုလိုသည်မှာ မည်သည့်အရာကိုတွေ့လျှင် ညာဘက်လက်ညှိုးဖြင့်နှိပ်၊ မည်သည့်အရာတွေ့လျှင် ဘယ်လက်လက်ခလယ်ဖြင့်နှိပ်ဆိုသည့် ပုံစံမျိုးဖြစ်သည်။

ထိုစည်းမျဉ်းများအတိုင်း ကျင့်သားရသွားကြချိန်တွင် သုတေသီတို့က ဆက်စပ်မှုများကို ပြောင်းလဲလိုက်သည်။ မူလကပေးထားသည့်ပုံနှင့် ပေးထားသည့်တုံ့ပြန်မှုအတိုင်းလုပ်လျှင် မမှန်တော့ပေ။ ထိုအချိန်တွင် “စည်းမျဉ်းပြောင်းသွားတာလား”၊ “ငါ အမြင်မှားတာလား”၊



“အရင်အတိုင်းပဲ ဆက်လုပ်နေရမှာလား”ဆိုသည့် အတွေးများ ဝင်လာတော့သည်။

ထိုကဲ့သို့ မရေမရာဖြစ်နေချိန်တွင် ဆုံးဖြတ်ချက် ချပေးသော ဦးနှောက်အရှေ့ခြမ်းက ဦးနှောက်၏ အခြားအစိတ်အပိုင်းများနှင့် ဘယ်လို ချိတ်ဆက် သတင်းယူလဲဆိုသည်ကို အက်ဖ်အမ်အာရ်အိုင်စက်ဖြင့် စောင့်ကြည့်ခဲ့ခြင်းဖြစ်သည်။

သုတေသီတစ်ဦးဖြစ်သည့် စိတ်ပညာနှင့် ဦးနှောက်သိပ္ပံဌာနမှ တွဲဖက်ပါမောက္ခ ခိုင်ဟွမ်က “ခက်ခဲတဲ့အလုပ်တွေကို လုပ်တဲ့အခါ ဒီကွန်ရက်က လှုပ်ရှားမှုပိုများလာရုံတင်မဟုတ်ပါဘူး။ ဆုံးဖြတ်ချက်ချတဲ့ အဆင့်တစ်ဆင့်ချင်းစီမှာ ဘယ်လိုသတင်းအချက်အလက်လိုအပ်နေသလဲဆိုတာအပေါ်မူတည်ပြီး အခြားဦးနှောက် အစိတ်အပိုင်းတွေနဲ့ ဘယ်လိုဆက်သွယ်မလဲ အမြဲတမ်း ပြောင်းလဲညှိယူနေတာကို ကျွန်တော်တို့တွေ့ခဲ့ပါတယ်”ဟု ရှင်းပြသည်။

ယင်းမှာ ပုံမှန်ဖြစ်ရိုးဖြစ်စဉ်မျိုးမဟုတ်ဘဲ အပြောင်းအလဲဖြစ်သွားချိန်တွင် ဦးနှောက်၏ အရှေ့ခြမ်းက အခြားနေရာများနှင့် ချိတ်ဆက်ပြီး ဘယ်လိုတုံ့ပြန်ရမလဲဆိုသည်ကို အကောင်အထည်ဖော်ပေးသည်ဟု ဆိုလိုသည်။ ဥပမာ ပုံမှန်သွားနေကျ လမ်းအတိုင်းကားမောင်းသွားနေစဉ် လမ်းပိတ်ထားသည်နှင့် ရုတ်တရက်ကြုံလိုက်ရချိန်၌ ဘယ်လမ်းက ပြောင်းသွားရမလဲဆိုသည်ကို ချက်ချင်းစဉ်းစားဖော်ထုတ်ပေးသည့်သဘောမျိုးဖြစ်သည်။ Ref: ScitechDaily

## အားကစားပြိုင်ပွဲများ စဉ်ဆက်မပြတ် ကျင်းပပြီး မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွန်းလာစေရေး စီမံဆောင်ရွက်သွားကြရန် ဒုတိယဝန်ကြီး ဦးညီညီ မှာကြား



နေပြည်တော် စက်တင်ဘာ ၂၀

အားကစားပြိုင်ပွဲများ စဉ်ဆက်မပြတ်ကျင်းပပြီး မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွန်းလာစေရေးအတွက် စီမံဆောင်ရွက်သွားကြရန် အားကစားရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညီညီက ယနေ့နံနက်ပိုင်းတွင် မော်လမြိုင်မြို့ ရာမညအားကစားကွင်းကို သွားရောက်ကြည့်ရှုစစ်ဆေးစဉ် တာဝန်ရှိသူများအား မှာကြားပြီး ရာမညအားကစားကွင်းအတွင်း ပွဲကြည့်စင်၊ Synthetic ပြေးလမ်း၊ ဘောလုံးကွင်း မြက်ခင်းပြင်ထိန်းသိမ်းထားရှိမှုနှင့် လေ့ကျင့်ရေးရုံ၏ကြံ့ခိုင်မှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ရာမည အားကစားကွင်းရှိ အစည်းအဝေးဧည့်ခန်းမဆောင်၌ မွန်ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံကာ အားကစားသမားများ စနစ်တကျလေ့ကျင့်နိုင်ရေး၊ စံချိန်/စံညွှန်းပြည့်မီစွာ တည်ဆောက်ထားသည့် အားကစားကွင်း/အားကစားရုံများ ရေရှည်တည်တံ့ခိုင်မြဲစေရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းသာယာ လှပစေရေးတို့အတွက် ပြုပြင်ထိန်းသိမ်းစောင့်ရှောက်သွားရန် မှာကြားသည်။

တွေ့ဆုံပွဲအပြီးတွင်ကျောင်းသားအားကစားကွင်း၌ ကျောင်းသားကျောင်းသူ အားကစားသမားများ ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးလေ့ကျင့်ပြင်ဆင်ထားရှိမှု၊ ရေ၊ မီးနှင့် သန့်စင်ခန်း အသုံးအဆောင်တပ်ဆင်ထားရှိမှု၊ အားကစားအထောက်အကူပြု စက်ပစ္စည်းကိရိယာများ စနစ်တကျ တပ်ဆင်ထားရှိမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လူငယ်ကျောင်းသားအားကစားသမားများ အဆင်ပြေချောမွေ့စွာ လေ့ကျင့်မှုများဆောင်ရွက်နိုင်စေရန် လိုအပ်သည့် လေ့ကျင့်ရေးသုံး အားကစားအထောက်အကူပြု ပစ္စည်းများကိုထောက်ပံ့ကူညီ ဖြည့်ဆည်းဆောင်ရွက်ပေးသွားရန် တာဝန်ရှိသူများကို မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် U-19 (အမျိုးသမီး) ဘောလုံးပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များ ဆက်လက်ကျင်းပ



နေပြည်တော် စက်တင်ဘာ ၂၀

မြန်မာဘောလုံးအားကစား အဆင့်အတန်းပိုမိုတိုးတက်မြင့်မားလာစေရေးနှင့် မျိုးဆက်သစ်အမျိုးသမီး ဘောလုံးအားကစားသမားများ ပေါ်ထွက်လာစေရန် ရည်ရွယ်၍ အားကစားရေးရာဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနက ကြီးမှူးပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်း၍ ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် U–19(အမျိုးသမီး) ဘောလုံးပြိုင်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ကရင်ပြည်နယ် ဘားအံမြို့ ဇွဲကပင်အားကစားကွင်းနှင့် ရှမ်းပြည်နယ် တောင်ကြီးမြို့ ပြည်နယ်အားကစားကွင်းတို့၌ ဖုန်များခွဲ၍ ကျင်းပသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ် U–19 (အမျိုးသမီး) ဘောလုံးပြိုင်ပွဲ ယှဉ်ပြိုင်ကစားနေမှုများကို သက်ဆိုင်ရာ ဇုန်များအလိုက် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များမှ တာဝန်ရှိသူများ၊ အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် ပြိုင်ပွဲကျင်းပရေးအဖွဲ့မှ တာဝန်ရှိသူများ၊ အားကစားဝါသနာရှင်များ တစ်ခဲနက် လာရောက်ကြည့်ရှုအားပေးသည်။

ယနေ့ ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် U–19 (အမျိုးသမီး)ဘောလုံးပြိုင်ပွဲ အုပ်စုပတ်လည် ပွဲစဉ်များအဖြစ် ကရင်ပြည်နယ် ဘားအံမြို့ ဇွဲကပင်အားကစားကွင်း၌ ကယားပြည်နယ်အသင်းနှင့် တနင်္သာရီတိုင်းဒေသကြီး အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ကယားပြည်နယ်အသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို ခြောက်ဂိုး – ဂိုးမရှိဖြင့်လည်းကောင်း၊ ရှမ်းပြည်နယ် တောင်ကြီးမြို့ ပြည်နယ်အားကစားကွင်း၌ စစ်ကိုင်းတိုင်းဒေသကြီးအသင်းနှင့် မကွေးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက မကွေးတိုင်းဒေသကြီးအသင်းကို လေးဂိုး – ဂိုးမရှိဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

၂၀၂၆ ခုနှစ် စက်တင်ဘာ ၂၁ ရက်တွင် ပြိုင်ပွဲ ၁ ရက်နားမည်ဖြစ်ပြီး ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် U–19 (အမျိုးသမီး)ဘောလုံးပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များအဖြစ် စက်တင်ဘာ ၂၂ ရက် မွန်းလွဲ ၃ နာရီမှစတင်၍ ကရင်ပြည်နယ် ဘားအံမြို့ ဇွဲကပင်အားကစားကွင်း၌ ကယားပြည်နယ်အသင်းနှင့် မန္တလေးတိုင်းဒေသကြီးအသင်း၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ အားကစားဥယျာဉ်ကွင်း၌ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းနှင့် ရခိုင်ပြည်နယ်အသင်း၊ ရှမ်းပြည်နယ် တောင်ကြီးမြို့ ပြည်နယ်အားကစားကွင်း၌ စစ်ကိုင်းတိုင်းဒေသကြီးအသင်းနှင့် ကချင်ပြည်နယ်အသင်း၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ကိုးသိန်းအားကစားကွင်း၌ မွန်ပြည်နယ်အသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့ ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်၍ အားကစားဝါသနာရှင် မိဘပြည်သူများအနေဖြင့် မည်သူမဆို "အခမဲ့" လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## အာရှအားကစားပြိုင်ပွဲ အမျိုးသမီးဘောလုံး အုပ်စုနောက်ဆုံးပွဲများ ယနေ့ ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်း ဘင်္ဂလားဒေ့ရှ်နှင့် ကစားရမည်

ရန်ကုန် စက်တင်ဘာ ၂၀

ဂျပန်နိုင်ငံ၌ကျင်းပနေသည့် အကြိမ်(၂၀)မြောက် အာရှအားကစားပြိုင်ပွဲ အမျိုးသမီးဘောလုံး အုပ်စုနောက်ဆုံးပွဲများကို စက်တင်ဘာ ၂၁ ရက်တွင် ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် ဘင်္ဂလားဒေ့ရှ်အသင်းနှင့် ကစားရမည်ဖြစ်သည်။

မြန်မာအသင်းသည် နှစ်ပွဲစလုံး အရေးနိမ့်ထားသော်လည်း နောက်တစ်ဆင့်တက်ရောက်ရန် အခွင့်အရေးရှိနေပြီး ဘင်္ဂလားဒေ့ရှ်အသင်းကို အနိုင်ရရန်လိုအပ်သလို အခြားအုပ်စုများမှ တတိယနေရာရအသင်းများ၏ ရမှတ်ကိုလည်း စောင့်ကြည့်ရမည်ဖြစ်သည်။ ပြိုင်ပွဲကျင်းပသည့်ပုံစံအရ အုပ်စုသုံးခုမှ အမှတ်အများဆုံး ထိပ်ဆုံးနှစ်သင်းစီနှင့် တတိယနေရာရ အသင်းများအနက် အကောင်းဆုံးနှစ်သင်း စုစုပေါင်း ရှစ်သင်း ကွာတားဖိုင်နယ် တက်ရောက်ခွင့်ရမည်ဖြစ်သည်။ နှစ်ပွဲစီကစားအပြီးတွင် အုပ်စု(E)၌ ဂျပန်နှင့် တရုတ်(တိုင်ပေ)အသင်းတို့က ခြောက်မှတ်စီ၊ ဗီယက်နမ်နှင့် ထိုင်းအသင်းတို့က အမှတ်မရသေး၊ အုပ်စု(F)၌ မြောက်ကိုရီးယားနှင့်တောင်ကိုရီးယားအသင်းကခြောက်မှတ်စီ၊ မြန်မာနှင့် ဘင်္ဂလားဒေ့ရှ်အသင်းတို့က အမှတ်မရသေး၊ အုပ်စု(G)၌ တရုတ်နှင့် ဖိလစ်ပိုင်အသင်းတို့က လေးမှတ်စီ၊ ဥဇဘက်ကစ္စတန်အသင်းက နှစ်မှတ်၊ ဟောင်ကောင်အသင်းက အမှတ်မရသေးပေ။

နှစ်ပွဲစီကစားအပြီးတွင် အိမ်ရှင်ဂျပန်အပါအဝင် တရုတ်(တိုင်ပေ)၊ မြောက်ကိုရီးယား၊ တောင်ကိုရီးယားအသင်းတို့မှာ ကွာတားဖိုင်နယ် တက်ရောက်ခွင့်ရထားပြီး ကျန်လေးနေရာအတွက် နောက်ဆုံးပွဲအပြီးမှ အဖြေထွက်ပေါ်မည်ဖြစ်သည်။ မြန်မာအသင်းသည် အကောင်းဆုံး တတိယနေရာရ ထိပ်ဆုံးနှစ်သင်းအတွင်း ရပ်တည်နိုင်ရန် ဘင်္ဂလားဒေ့ရှ်အသင်းကို မဖြစ်မနေအနိုင်ရရန် လိုအပ်နေသည်။ သို့သော် မြောက်ကိုရီးယားအသင်းနှင့် တောင်ကိုရီးယားအသင်းကို ဂိုးပြတ်အရေးနိမ့်ထားသဖြင့် အခြားအုပ်စုမှ အသင်းများနှင့်ယှဉ်ပါက အခွင့်အရေးနည်းနိုင်သော်လည်း အုပ်စု(E)မှ ဗီယက်နမ်အသင်းနှင့် ထိုင်းအသင်းပွဲသရေကျပါက နောက်တစ်ဆင့်တက်ရန် မျှော်လင့်နိုင်မည်ဖြစ်သည်။

**သတင်း – ကိုညီလေး၊ ဓာတ်ပုံ – MFF**



### ❂ ပန်တိုဂျာမှ

ဂျိုရှုအာဗန်က ရုန်းထွက်နိုင်ရန် ကြိုးပမ်းခဲ့ရသည်။ ဂျိုရှုအာဗန်သည် ပန်တိုဂျာအားသာသည့် ချုပ်ကွက်ကို ရုန်းထွက်နိုင်ရန် သေချာပြင်ဆင်ထားပြီး ကြမ်းပြင်ပေါ်အလှဲတွင် ဒူးတိုက်ချက်ဖြင့် ထွက်မလာရန်နှင့်ဦးခေါင်းချုပ်မမိစေရန် သေချာကာကွယ်နိုင်ခဲ့သည်။ ဂျိုရှုအာဗန်သည် ချုပ်ကွက်မှ ရုန်းထွက်နိုင်သလို Stand Fight ဖြင့် ပန်တိုဂျာကိုအထိနာအောင် ထိုးသတ်နိုင်ခဲ့သည်။ ပန်တိုဂျာကလည်း အပြန်အလှန်လက်သီးများ ပစ်သွင်းရာ နှစ်ဦးစလုံး အထိနာခဲ့သည်။ စတုတ္ထအချီအထိ နှစ်ဦးစလုံး အသာမရဖြစ်နေသော်လည်း ပွဲအလှည့်အပြောင်းမှာ နောက်ဆုံးအချီဖြစ်ခဲ့သည်။

အသက်အရွယ်အရ နောက်ဆုံးအချီတွင် ပန်တိုဂျာ သက်လုံကျသွားပြီး ဂျိုရှုအာဗန်က အသာစီးမှ ထိုးသတ်နိုင်ခဲ့သည်။ ဂျိုရှုအာဗန်၏ တွဲလုံးလက်သီးများကြောင့် ပန်တိုဂျာ ကြမ်းပြင်ပေါ် ပြုတ်ကျခဲ့သလို ပွဲသိမ်းနိုင်ရန် ဆက်တိုက်ဖိထိုးခဲ့သည်။ ပန်တိုဂျာ၏ မာဂုဏ်ကြောင့် အလဲမထိုးနိုင်သော်လည်း အမှတ်ဖြင့်ဆုံးဖြတ်ရာတွင် ဂျိုရှုအာဗန် အသာရခဲ့ခြင်းဖြစ်သည်။

ဂျိုရှုအာဗန်နှင့် ပန်တိုဂျာတွဲဆိုင်းသည် ယခုကျင်းပသည့် UFC 331 ပြိုင်ပွဲ၏ Fight of the Night အဖြစ် ရွေးချယ်ခံရပြီး အပိုဆုကြေးဒေါ်လာ တစ်သိန်းရရှိသည်။ ဂျိုရှုအာဗန်သည် ယခုပွဲအတွက် ထိုးကြေးဒေါ်လာ ငါးသိန်းရရှိပြီး ပန်တိုဂျာနှင့် တွေ့ဆုံသည့် နှစ်ပွဲစလုံး အနိုင်ရခဲ့ခြင်းဖြစ်သည်။

ဂျိုရှုအာဗန်သည် ချန်ပီယံကာကွယ်ပွဲ ပထမပွဲတွင် ဂျပန်ဖိုက်တာ တက်ဆုရို၊ ဒုတိယပွဲတွင် ဘရာဇီးဖိုက်တာ ပန်တိုဂျာတို့ကို အနိုင်ရခဲ့ပြီး UFC ပြိုင်ပွဲသမိုင်း၏ ဒုတိယအသက်အငယ်ဆုံး ချန်ပီယံ၊ အာရှတိုက်၏ ပထမဆုံး အမျိုးသားချန်ပီယံအဖြစ်လည်း မှတ်တမ်းဝင်ထားသူဖြစ်သည်။

**သတင်း – မောင်စံကြီး၊ ဓာတ်ပုံ – UFC**

## မြန်မာ့လက်ရွေးစင်အသင်းခေါင်းဆောင် မောင်မောင်လွင်နှင့် နောက်တန်းအစွန်လူ ဟိန်းဖြိုးဝင်း ဒဏ်ရာပြဿနာကြောင့် FIFA-Asean Cup ပြိုင်ပွဲ လွဲချော်မည်



ရန်ကုန် စက်တင်ဘာ ၂၀

မြန်မာ့လက်ရွေးစင်အသင်းခေါင်းဆောင် မောင်မောင်လွင်နှင့် နောက်တန်းအစွန်လူ ဟိန်းဖြိုးဝင်းတို့သည် ဒဏ်ရာပြဿနာများကြောင့် စက်တင်ဘာ ၂၄ ရက်မှ အောက်တိုဘာ ၃ ရက်အထိ ကျင်းပမည့် ၂၀၂၆ FIFA–Asean Cup ပြိုင်ပွဲနှင့် လွဲချော်မည်ဖြစ်သည်။

မောင်မောင်လွင်နှင့် ဟိန်းဖြိုးဝင်းတို့ နှစ်ဦးစလုံး ဒူးဒဏ်ရာပြဿနာများနှင့်ရင်ဆိုင်နေရပြီး မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ထိုင်းနိုင်ငံသို့ စေလွှတ်ကာ ဆေးကုသမှုများ ပြုလုပ်ပေးလျက်ရှိသည်။

ယင်းကစားသမားနှစ်ဦးသည် မြန်မာ့လက်ရွေးစင်အသင်း၏ အနီးဆုံးပြိုင်ပွဲဖြစ်သည့် FIFA–Asean Cup ပြိုင်ပွဲ လွဲချော်မည်ဖြစ်ပြီး ကျန်ရှိသည့်ကစားသမားများနှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

မြန်မာအသင်းသည် FIFA–Asean Cup ပြိုင်ပွဲတွင် ကမ္ဘောဒီးယား၊ တီမောအသင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်နေသည်။

**သတင်း – ညီမြတ်သော်တာ၊ ဓာတ်ပုံ – MFF**



## ဘာစီလိုနာအသင်း ရာနှုန်းပြည့်နိုင်ပွဲဆက်ပြီး ဇယားထိပ်၌ ဆက်လက်ဦးဆောင်

### တိုက်စစ်မှူးရာဖင်ဟာ လေးရက်အတွင်း ဟက်ထရစ်နှစ်ကြိမ်သွင်းယူ

ဆီဗီလာအသင်းနဲ့ ဘာစီလိုနာအသင်းတို့ စက်တင်ဘာ ၁၉ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ စပိန်လာလီဂါပွဲစဉ်မှာ ဘာစီလိုနာအသင်းက ဆီဗီလာအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပါတယ်။ ဘာစီလိုနာအသင်းဟာ ဆီဗီလာအသင်းကို အနိုင်ရရှိခဲ့တာကြောင့် စပိန်လာလီဂါပွဲစဉ်(၇)ယှဉ်ပြိုင်ကစားပြီးချိန်မှာ ရမှတ် ၂၁ မှတ်စုဆောင်းနိုင်ခဲ့ကာ ရာနှုန်းပြည့်နိုင်ပွဲဆက်ခဲ့ပြီး အမှတ်ပေးဇယားထိပ်ဆုံးမှာ ဆက်လက်ဦးဆောင်နိုင်ခဲ့ပါတယ်။

ဆီဗီလာအသင်းနဲ့ ဘာစီလိုနာအသင်းတို့ ပွဲစဉ်မှာ ဘာစီလိုနာအသင်းအတွက် သွင်းဂိုး သုံးဂိုးစလုံးကို တိုက်စစ်မှူး ရာဖင်ဟာက သွင်းယူပေးခဲ့တာ ဖြစ်ပါတယ်။ တိုက်စစ်မှူး ရာဖင်ဟာအနေနဲ့ အခုပွဲစဉ်မှာ ဟက်ထရစ်သွင်းယူနိုင်ခဲ့တာကြောင့် လေးရက်အတွင်း ဟက်ထရစ်နှစ်ကြိမ် သွင်းယူနိုင်ခဲ့ပြီ ဖြစ်ပါတယ်။

၂၀၂၂ ခုနှစ် ဇူလိုင်လက လိဒ်စ်ယူနိုက်တက်အသင်းကနေ ဘာစီလိုနာအသင်းသို့ ပြောင်းရွှေ့လာခဲ့တဲ့ ရာဖင်ဟာအနေနဲ့ စက်တင်ဘာ ၁၆ ရက်ကလည်း ဆန်တန်ဒါအသင်းကို ခုနစ်ဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့တဲ့ပွဲစဉ်မှာလည်း ဟက်ထရစ်သွင်းယူနိုင်ခဲ့တာ ဖြစ်ပါတယ်။ လက်ရှိအချိန်မှာ ရာဖင်ဟာအနေနဲ့ ယခုဘောလုံးရာသီမှာ ပြိုင်ပွဲစုံသွင်းဂိုး ၁၄ ဂိုးအထိ ရှိသွားခဲ့ပြီလည်း ဖြစ်ပါတယ်။

ဘာစီလိုနာအသင်းဟာ ဆီဗီလာအသင်းကို အနိုင်ရရှိခဲ့ပြီးနောက် စပိန်လာလီဂါ အမှတ်ပေးဇယား ဒုတိယနေရာမှာ ရပ်တည်နေတဲ့ အက်သလက်တီကိုမက်ဒရစ်ကို ငါးမှတ်၊ တတိယနေရာမှာ ရပ်တည်နေတဲ့ ရီးယဲလ်မက်ဒရစ်အသင်းကို ခြောက်မှတ်အထိ ဖြတ်ထားနိုင်ခဲ့တာ ဖြစ်ပါတယ်။

ဆီဗီလာအသင်းကတော့ ဘာစီလိုနာအသင်းကို ရှုံးနိမ့်ခဲ့လို့ လာလီဂါပွဲစဉ်(၇)ယှဉ်ပြိုင်ကစားပြီးချိန်မှာ ရမှတ် ၁၃ မှတ်နဲ့ အမှတ်ပေးဇယားအဆင့်(၅)နေရာမှာ ရပ်တည်နေတာ ဖြစ်ပါတယ်။

## လီဗာပူးလ်အသင်းက အီဆတ်ရဲ့တစ်လုံးတည်းသောသွင်းဂိုးဖြင့် ဘုန်းမောက်အသင်းကို အနိုင်ရရှိ



ဘုန်းမောက်အသင်းနဲ့ လီဗာပူးလ်အသင်းတို့ စက်တင်ဘာ ၂၀ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ်(၅)မှာ လီဗာပူးလ်အသင်းက အီဆတ်ရဲ့ တစ်လုံးတည်းသော သွင်းဂိုးနဲ့ အနိုင်ရရှိခဲ့ပါတယ်။

အခုပွဲစဉ်မှာ လီဗာပူးလ်အသင်းအတွက် ပွဲကစားချိန် ၅၇ မိနစ်မှာ အနိုင်ဂိုးသွင်းယူပေးခဲ့တဲ့ အီဆတ်ဟာ ယခုရာသီမှာ ပရီမီယာလိဂ်သွင်းဂိုး လေးဂိုးအထိ ရှိလာခဲ့ပြီဖြစ်ပါတယ်။ လီဗာပူးလ်အသင်းဟာ ဘုန်းမောက်အသင်းကို အနိုင်ရရှိခဲ့တာကြောင့် ပရီမီယာလိဂ်ပွဲစဉ် ငါးပွဲယှဉ်ပြိုင်ကစားပြီးချိန်မှာ နှစ်ပွဲနိုင်၊ သုံးပွဲသရေ ရမှတ် ၉ မှတ်ဖြင့် အမှတ်ပေးဇယားအဆင့်(၆)နေရာမှာ ရပ်တည်နေတာ ဖြစ်ပါတယ်။

လီဗာပူးလ်အသင်းဟာ ပရီမီယာလိဂ်အဖွင့်ပွဲစဉ် သုံးပွဲမှာ ဂိုးမပေးခဲ့ရခြင်းဟာ ၂၀၂၄-၂၀၂၅ နောက်ပိုင်း ပထမဆုံးအကြိမ်လည်း ဖြစ်ပါတယ်။ ဘုန်းမောက်အသင်းကတော့ ပရီမီယာလိဂ်ပွဲစဉ် ငါးပွဲ ယှဉ်ပြိုင်ကစားပြီးချိန်မှာ ရမှတ် သုံးမှတ်သာ စုဆောင်းနိုင်ခဲ့တာကြောင့် အဆင့်(၁၇)နေရာမှာ ရပ်တည်နေတာ ဖြစ်ပါတယ်။

## လင်ကွန်းစီးတီးအသင်းကို အနိုင်ရပြီး ဆွမ်ဆီးအသင်း ချန်ပီယံရှစ်ဇယားထိပ်ဆုံးသို့ တက်လှမ်း

ဆွမ်ဆီးအသင်းဟာ စက်တင်ဘာ ၁၉ ရက် ညပိုင်းက ချန်ပီယံရှစ်ပွဲစဉ်(၈)အဖြစ် လင်ကွန်းစီးတီးအသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့ရာ နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့တာကြောင့် ချန်ပီယံရှစ်အမှတ်ပေးဇယားထိပ်သို့ တက်လှမ်းခွင့်ရရှိခဲ့ပါတယ်။

အဲဒီပွဲစဉ်မှာ အိမ်ရှင်အဖြစ်ဧည့်ခံကစားရတဲ့ လင်ကွန်းစီးတီးအသင်းက ပထမပိုင်း ပွဲကစားချိန် ၃၉ မိနစ်မှာ ရရှိခဲ့တဲ့ ဟက်ကတ်ရဲ့ပင်နယ်တီသွင်းဂိုးနဲ့ ဦးဆောင်ဂိုး စတင်ရရှိခဲ့ပေမယ့် ဆွမ်ဆီးအသင်းဟာ ဒုတိယပိုင်းပွဲကစားချိန် ၄၇ မိနစ်မှာ မောက်ဆာယိုးက တစ်ဂိုး၊ ၅၁ မိနစ်မှာ အက်စတာကွီယိုက တစ်ဂိုးသွင်းယူပေးခဲ့လို့ ဆွမ်ဆီးအသင်းက အနိုင်ရရှိခဲ့တာ ဖြစ်ပါတယ်။

ဆွမ်ဆီးအသင်းဟာ လင်ကွန်းစီးတီးကိုအနိုင်ရရှိခဲ့တာကြောင့် ချန်ပီယံရှစ်ပွဲစဉ်(၈) ယှဉ်ပြိုင်ကစားပြီးချိန်မှာ ငါးပွဲနိုင်၊ နှစ်ပွဲသရေ၊ တစ်ပွဲရှုံး ရမှတ် ၁၇ မှတ်ဖြင့် အမှတ်ပေးဇယား အဆင့်(၁)နေရာမှာ ရပ်တည်နေပြီး အမှတ်ပေးဇယား ဒုတိယနေရာက ဝက်စ်ဟမ်းအသင်းကို နှစ်မှတ်ဖြတ်ကာ ဦးဆောင်နိုင်ခဲ့တာဖြစ်ပါတယ်။

လင်ကွန်းစီးတီးအသင်းကတော့ ဆွမ်ဆီးအသင်းကို ရှုံးနိမ့်ခဲ့တာကြောင့် လက်ရှိအချိန်မှာ ရမှတ် ၁၁ မှတ်နဲ့ အမှတ်ပေးဇယားအဆင့်(၁၂)နေရာမှာ ရပ်တည်နေတာ ဖြစ်ပါတယ်။



## ဘောလုံးလောကသတင်းတိုများ

- ❖ **ပရီမီယာလိဂ်လက်ရှိချန်ပီယံ အာဆင်နယ်အသင်းဟာ စပိန်လာလီဂါကလပ် ရီးယဲလ်မက်ဒရစ်အသင်းမှ ဘရာဇီးတိုက်စစ်မှူး အန်းဒရစ်ကို ဇန်နဝါရီအပြောင်းအရွှေ့ ကာလအတွင်း ခေါ်ယူသွားဖို့ပစ်မှတ်ထားလျက်ရှိပါတယ်။**
- ❖ ဘာစီလိုနာအသင်းဟာ မန်စီးတီးအသင်းမှ နော်ဝေတိုက်စစ်မှူးဟာလန်းကို ခေါ်ယူစိတ်ဝင်စားလျက်ရှိပြီး လာမယ့်အပြောင်းအရွှေ့ကာလအတွင်းမှာ စပိန်မြေအရောက်ခေါ်ယူသွားဖို့ စီစဉ်နေတာဖြစ်ပါတယ်။
- ❖ **အီတလီစီးရီးအေကလပ်ဂျူဗင်တပ်အသင်းနဲ့ စပိန်လာလီဂါကလပ် အက်သလက်တီကိုမက်ဒရစ်အသင်းတို့ဟာ အာဆင်နယ်အသင်းမှ အသက် ၂၄ နှစ်အရွယ်ရှိ တောင်ပံကစားသမား မာဒူကီကို ခေါ်ယူဖို့ အပြိုင်ကြိုးပမ်းလျက်ရှိပါတယ်။**
- ❖ လိဒ်ယူနိုက်တက်အသင်းဟာ ပရီမီယာလိဂ်ပွဲစဉ်(၅)မှာ ခရစ္စတယ်ပဲလေ့စ်အသင်းကို ဂိုးမရှိသရေ ကစားနိုင်ခဲ့တာကြောင့် ရှုံးပွဲမရှိစံချိန်ကို ဆက်ထိန်းထားနိုင်ခဲ့ပြီး အမှတ်ပေးဇယား အဆင့်(၅)နေရာမှာ ရပ်တည်ခွင့် ရရှိခဲ့ပါတယ်။
- ❖ **ပီအက်စ်ဂျီအသင်းမှ တိုက်စစ်မှူးများဖြစ်တဲ့ ဒမ်ဘီလီ၊ ဗာရက်ခ်ီလီယာ၊ ဒဇိုင်းယားဒူးတို့ဟာ စာချုပ်သစ်များချုပ်ဆိုရန် ဆွေးနွေးလျက်ရှိတယ်လို့ သိရပါတယ်။**
- ❖ ပရီမီယာလိဂ် ကလပ်အသင်းတွေဖြစ်တဲ့ လီဗာပူးလ်အသင်းနဲ့ မန်စီးတီးအသင်းတို့ဟာ ရီးယဲလ်ဆိုစီဒက်အသင်းမှ ဗင်နီဇွဲလား နောက်တန်းကစားသမား ဂျွန်အာရမ်ဘူရူအား စာချုပ်ချုပ်ဆိုခေါ်ယူရန် ပစ်မှတ်ထားလျက်ရှိတယ်လို့ သိရပါတယ်။

ငွေကြယ် - ရေးသားသည်



## ဂရန်းဆလမ်းခြောက်ကြိမ်မြောက်ချန်ပီယံ ဆာလစ်ဘူရီ တင်းနစ်ကစားသမားဘဝမှ အနားယူ

နှစ်ယောက်တွဲတင်းနစ်ပွဲစဉ်တွေမှာ ဂရန်းဆလမ်းချန်ပီယံ ဆုဖလားကို ခြောက်ကြိမ်အထိရယူဆွတ်ခူးနိုင်ခဲ့တဲ့ ပရော်ဖက်ရှင်နယ် တင်းနစ်ကစားသမား ဆာလစ်ဘူရီဟာ ကစားသမားဘဝမှ အနားယူလိုက်ပြီဖြစ်ပါတယ်။

ဆာလစ်ဘူဂ်ီဟာ ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲနဲ့ အမေရိကန်အိုးပင်းတင်းနစ်ပြိုင်ပွဲတွေမှာ နှစ်ယောက်တွဲချန်ပီယံဆုတွေကို ဆွတ်ခူးနိုင်ခဲ့တာလည်း ဖြစ်ပါတယ်။

ဆာလစ်ဘူရီဟာ ယခုလအတွင်းမှာလည်း ကာလရှည်လက်တွဲဖော် ရာဂျီဗ်ရမ်နဲ့အတူ အမေရိကန်အိုးပင်းတင်းနစ်ပြိုင်ပွဲ နှစ်ယောက်တွဲ ပြိုင်ပွဲမှာ ပါဝင်ကစားခဲ့ပြီး ဆီမီးဖိုင်နယ်အဆင့်တက်လှမ်းခဲ့ပြီးနောက် ပရော်ဖက်ရှင်နယ်ကစားသမားဘဝမှ အနားယူဖို့ဆုံးဖြတ်ခဲ့တာ ဖြစ်ပါတယ်။

ဗြိတိန်တင်းနစ်အကျော်အမော် ဆာလစ်ဘူရီဟာ အိုးပင်းတင်းနစ်ပြိုင်ပွဲ နှစ်ယောက်တွဲပြိုင်ပွဲတွေမှာ ဗြိတိန်ရဲ့ အအောင်မြင်ဆုံး တင်းနစ်ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့သူလည်း ဖြစ်ပါတယ်။

ဆာလစ်ဘူရီနဲ့ ရာဂျီဗ်ရမ်တို့ဟာ အမေရိကန်အိုးပင်းတင်းနစ်ပြိုင်ပွဲရဲ့ နှစ်ယောက်တွဲပြိုင်ပွဲတွေမှာ သုံးနှစ်ဆက်ချန်ပီယံဖြစ်ခဲ့တဲ့ ပထမဆုံးကစားသမားတွေလည်း ဖြစ်ပါတယ်။

ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန

## အားလုံးအတွက်ကျန်းမာရေး သန့်(၅)သန့်နှင့်အညီ နေထိုင်ပေး




ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊
ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲမှ ပြုစုထုတ်ဝေသည်။

### (၁) လက်သန့်

လက်တွင် ကပ်ပါလာနိုင်သည့် မစင်အညစ်အကြေးအနည်းငယ်
(၁ ဂရမ်)တွင် လူတို့ကို ရောဂါဖြစ်၍ သေစေနိုင်သော-

- ဗိုင်းရပ်စ်ရောဂါပိုး - ၁၀ သန်း
- ဘက်တီးရီးယားရောဂါပိုးပေါင်း - ၁ သန်း
- ကပ်ပါးရောဂါပိုးပေါင်း - ၁ ထောင်ပါဝင်သည်။

(ဥပမာ-သန်ကောင်၊ သန်ဥ)



**သန့်ရှင်းသောလက် ဆေးတစ်ခွက်**

- အစာမစားမီနှင့် အစာစားပြီးတိုင်း၊
- အစားအစာ မချက်ပြုတ်/မပြင်ဆင်မီ၊
- အသား/ငါး/ဥအမျိုးမျိုးကို ကိုင်တွယ်ပြီးတိုင်း၊
- ကြက်၊ ငှက်၊ တိရစ္ဆာန်များကို ကိုင်ပြီးတိုင်း၊
- အိမ်သာတက်ပြီးတိုင်း၊
- ကလေးအညစ်အကြေးများ ကိုင်တွယ်ပြီးတိုင်း၊
- အမှိုက်၊ အညစ်အကြေးများ ကိုင်ပြီးတိုင်း၊
- မျက်နှာ၊ မျက်စိ၊ နှာခေါင်းများကို မကိုင်တွယ်မီ အချိန်တိုင်း

လက်ကို ဆပ်ပြာနှင့်ရေ အသုံးပြု၍ သန့်ရှင်းစင်ကြယ်အောင် အနည်းဆုံး စက္ကန့်(၂၀)ကြာအောင် ဆေးကြောပါ။



### (၂) အစာသန့်

အစားအစာသန့်ရှင်းရေးသည် ဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်ရန် အဓိကအရေးကြီးပါသည်။

- အစားအစာများကို ယင်မနားစေရန် ဖုံးအုပ်ထားပါ၊
- အစားအစာများကို ပူပူနွေးနွေး စားသုံးပါ။
- အသား၊ ငါးနှင့် ဟင်းသီးဟင်းရွက်များကို သီးခြားခွဲ၍ သန့်ရှင်းသောရေဖြင့် စနစ်တကျစင်ကြယ်အောင် ဆေးကြောပါ၊
- အသား၊ ငါးများကို ကျက်အောင်ချက်ပြုတ်ပါ၊
- အသုံးပြုပြီးသော စဉ်းတီတုံးနှင့် ဓါးကို သေချာစွာဆေးကြောပါ၊
- အိုး၊ ခွက်၊ ပန်းကန်များကို စနစ်တကျစင်ကြယ်အောင် ဆေးကြောပါ။





**သန့်ရှင်းသော အစားအစာ၊ ရောဂါကင်းသော မိသားစု**



### (၃) ရေသန့်

သန့်ရှင်းသော သောက်သုံးရေ ရရှိစေရန်အတွက်-

- ရေကို ကျိုချက်သောက်ပါ၊
- FDA မှ ထောက်ခံချက်ရထားသော ရေသန့်ကို သောက်သုံးပါ၊
- ကလိုရင်းဆေးခတ်ပါ၊
- ရေသန့်စင်ဆေးပြား အသုံးပြုပါ၊
- Life straw ရေသန့်စင်စက်ကို အသုံးပြုပါ။

**မသန့်ရှင်းသောရေကို သောက်သုံးမိပါက ရောဂါပိုးများ ကူးစက်ခံရနိုင်ပါသည်။**



ရေကိုဆူပွက်အောင်ကျိုချက်ခြင်း



ရေသန့်စင်ဆေးပြား



ရေသန့်စင်စက်
(Life Straw)



### (၄) အိမ်သာသန့်

ကျန်းမာရေးနှင့်ညီညွတ်သော အိမ်သာဖြစ်စေရန်-

- ယင်လုံရမည်၊
- အနံ့လုံရမည်၊
- အရှက်လုံရမည်၊
- ရေလုံလောက်ရမည်၊
- သန့်ရှင်းရမည်၊
- မစင်မှရောဂါမပြန့်ပွားစေရန် တားဆီးနိုင်ရမည်၊
- လက်ဆေးရန် ရေနှင့်ဆပ်ပြာ အနီးတွင်ရှိရမည်၊
- ရေထွက်ပင်ရင်းနှင့်အိမ်သာသည် အနည်းဆုံး ပေ ၅၀ အကွာတွင်ရှိရမည်၊
- ဝမ်းပျက်ဝမ်းလျှောရောဂါနှင့်အူရောင်ငန်းဖျားရောဂါများ မဖြစ်ပွားစေရန် ကျန်းမာရေးနှင့်ညီညွတ်သောယင်လုံအိမ်သာ သုံးစွဲရပါမည်။



**ယင်လုံအိမ်သာသုံးစွဲရန် မိသားစုတိုင်းတွင် တာဝန်ရှိသည်။**



### (၅) ပတ်ဝန်းကျင်သန့်

ကျန်းမာရေးနှင့်ညီညွတ်သော ပတ်ဝန်းကျင်ဖြစ်စေရန်-

- အမှိုက်များကို သတ်မှတ်အမှိုက်ပုံးများတွင်သာ စနစ်တကျ စွန့်ပစ်ပါ၊
- ကြွက်၊ ခြင်၊ ယင် မပေါက်ပွားစေရန် ပတ်ဝန်းကျင်သန့်ရှင်းရေးကို အလေးထားဆောင်ရွက်ပါ၊
- ရေမြောင်းများအား ရေစီး/ရေလာကောင်းအောင် ဆောင်ရွက်ပါ၊
- စည်းကမ်းမဲ့အမှိုက်စွန့်ပစ်ခြင်းကို ရှောင်ကြဉ်ပါ၊
- မြေပြင်နှင့်ရေပေါ်တွင် မစင်စွန့်ခြင်းကို ရှောင်ကြဉ်ပါ၊
- အန္တရာယ်ဖြစ်စေသည့် ဓာတ်ငွေ့၊ မီးခိုးငွေ့များ စည်းကမ်းမဲ့ စွန့်ထုတ်ခြင်းကို ရှောင်ကြဉ်ပါ။



**ပတ်ဝန်းကျင်သန့်ရှင်းရေး အလေ့အကျင့်ကောင်းများ**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ ရာဇသူရလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၇)၊ လူနေရပ်ကွက်အမှတ်(–)၊ မြေကွက်အမှတ်(၁၁၅၇/ခ)၊ အကျယ်အဝန်း(၂၀ x ၆၀)ပေ၊ (၁၂၀၀)စတုရန်းပေကျယ်ဝန်းသော မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အိမ်အပါအဝင် ဆက်စပ်တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်ကို လက်ရှိတရားဝင်ပိုင်ရှင်ဖြစ်သော ဒေါ်လှိုင်စုခင်[၁၂/ဥကတ(နိုင်)၀၀၁၃၃၄]ကိုင်ဆောင်သူမှ ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံလျက် အပြီးအပိုင်ရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်သော ဦးဘသူ[၇/ပခန(နိုင်)၁၉၂၁၂၂] နှင့် ဒေါ်မြမြသင်း[၉/သစန(နိုင်)၁၃၀၅၂၃]ကိုင်ဆောင်သူများမှ အပြီးအပိုင်ဝယ်ယူရန်အတွက် အိမ်နှင့်မြေကွက်ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ အိမ်နှင့်မြေကွက် အရောင်းအဝယ်ပြုလုပ်ခြင်းနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာရွက်စာတမ်းအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်သည့်တိုင် လာရောက်ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စအဝဝကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဘသူ+ဒေါ်မြမြသင်းတို့၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သင်းသင်းထွေး (LL.B) — ဦးသန့်ဇင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၈၅၇၄) — အထက်တန်းရှေ့နေ(စဉ်–၅၄၇၄၇)**
**အမှတ်–၁၄၂၊ ပထမထပ်(ယာ)၊ ၃၉–လမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း–၀၉–၂၅၄၅၃၀၈၁၂၊ ၀၉–၇၅၉၀၄၀၆၆၅**

## ဒေါ်သီရိခင်နှင့် အများသိစေရန်အသိပေးကြေညာခြင်း

တိုက်(၃၁)၊ အခန်း(၃)၊ အိုးအိမ်ဝင်း၊ ပျဉ်းမပင်ကျေးရွာအုပ်စု၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် နေထိုင်သူ ဒေါ်ဖွန်ဇာနှင်းဆက် [၁၂/မဂဒ(နိုင်)၁၇၀၈၅၇]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေး ကြေညာအပ်ပါသည်–

ကျွန်ုပ်မိတ်ဆွေ၏ မိခင်ဖြစ်သူ ဒေါ်သီရိခင် [၁၂/ဗဟန(နိုင်) ၀၄၁၄၅၅] ကိုင်ဆောင်သူမှ ယခင်က ကျွန်ုပ်မိတ်ဆွေနှင့်အတူနေထိုင်လျက်ရှိပြီး ၎င်းမှ ကျွန်ုပ်မိတ်ဆွေနှင့် ဆွေမျိုးသားချင်းများအပေါ်တွင် အရှက်တကွဲ အကျိုးနည်းဖြစ်စေသည့်၊ ဂုဏ်သိက္ခာကျဆင်းစေသည့်လုပ်ရပ်များအား ရည်ရွယ်ချက်ရှိရှိဖြင့် ပြုလုပ်လျက်ရှိပြီး ၎င်းပြုလုပ်ခဲ့သည့်ကိစ္စရပ်များအား ကျွန်ုပ်မိတ်ဆွေဖြစ်သူမှ လိုက်လံဖြေရှင်းပေးခဲ့ရပါသည်။ ယခုအခါ ကျွန်ုပ်မိတ်ဆွေနှင့် မိခင်ဖြစ်သူတို့မှ အတူတကွ နေထိုင်ခြင်းမရှိတော့ဘဲ မိခင်ဖြစ်သူပြုလုပ်ခဲ့သည့်ကိစ္စရပ်များအား ကျွန်ုပ်မိတ်ဆွေမှ လိုက်လံဖြေရှင်းမပေးနိုင်တော့ပါသဖြင့် ယခုမိခင်ဖြစ်သူနှင့် ပတ်သက်သည့် မည်သည့်ကိစ္စကိုမဆို တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်းကို အများသိစေရန် အသိပေးကြေညာအပ်ပါသည်။ အကယ်၍ မိခင်ဖြစ်သူ ဒေါ်သီရိခင်နှင့် ပတ်သက်သည့် ကိစ္စရပ်များအတွက် ကျွန်ုပ်မိတ်ဆွေထံသို့ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ လာရောက်ပတ်သက်ခြင်း မပြုလုပ်ကြပါရန်နှင့် ပြုလုပ်သည့် မည်သူကိုမဆို မိမိနစ်နာမှုအရပ်ရပ်အတွက် တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဒေါ်သီရိခင်နှင့် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ဖွန်ဇာနှင်းဆက်၏ လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးရန်အောင်စိုး (LL.B)**
**အထက်တန်းရှေ့နေ (စဉ်– ၅၁၂၈၄)**
**အမှတ်(၂၂၆)၊ သဇင်လမ်း၊ (၄၀)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ၀၉–၇၉၈၂၈၅၄၃၆၊ ၀၉–၉၄၃၆၄၆၂၁၈**




## မိခင်အမည်မှန်

မန္တလေးတိုင်း ဒေသကြီး၊ ဝမ်းတွင်းမြို့နယ်၊ အထက(ခွဲ) ရာသချိ Grade–9 တွင် ပညာသင်ကြားနေသော မသက်သက်ဆွေ၏ မိခင်အမည်မှန်မှာ ဒေါ်သူဇာမိုး [၉/ဝတန(နိုင်)၁၃၂၉၁၄] ဖြစ်ပါကြောင်း။

**ဒေါ်သူဇာမိုး**

## ပျောက်ဆုံးကြောင်း

ဆုအိဇာ(ဘ)ဦးထွေးရှိန် [၁၂/ဒဂဆ(နိုင်)၀၀၆၄၈၀] ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်နံပါတ် (MG 329217)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**Ph:09–762389686**

## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်း ဒေသကြီး၊ မုံရွာမြို့၊ အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်း၊ Grade–12 မှ မနှင်းရွှေရည်ဝင်းနှင့် Grade–9 မှမောင်ဝင်းခန့်ဖြိုးတို့၏ ဖခင်အမည်မှန်မှာ ဦးမိုးဝင်းအောင် [၅/မရန(နိုင်) ၁၇၉၈၅၂] ဖြစ်ပါကြောင်း။

**ဦးမိုးဝင်းအောင်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်– 73W/58658၊ အမျိုးအမည်၊ New Zhineng–125၊ အမျိုးအစား M/C၊ ယာဉ်လက်ဝယ်ရှိသူ အမည် ဦးဘုန်းကျော် မှတ်ပုံတင်အမှတ် [၅/ ပလန(နိုင်) ၀၀၅၄၉၆] မှ ယာဉ်မှတ်ပုံတင် စာအုပ်(ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၃၀)ရက်အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်–

**က.ည.န၊ တိုင်းဒေသကြီး**
**ဦးစီးမှူးရုံး၊ မုံရွာ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 46W/76353၊ အမျိုးအမည်၊ Jialing–90 ၊ အမျိုးအစား M/C ၊ ယာဉ်လက်ဝယ်ရှိသူအမည် ဦးတင်မောင်ဝင်း မှတ်ပုံတင်အမှတ် [၅/မရန(နိုင်)၁၃၄၀၃၆]မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြေညာသည့်ရက်မှ (၃၀)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်–

**က.ည.န၊ တိုင်းဒေသကြီး**
**ဦးစီးမှူးရုံး၊ မုံရွာမြို့**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဧ)ရပ်ကွက်၊ အကွက်အမှတ်(နန–၂၁)၊ ဦးပိုင်အမှတ်(၄၆)၊ ၆၆x၆၇ကြား၊ ၁၃၃x၁၃၄ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သော ဦးကျော်သိန်း၊ ဒေါ်နှင်းနှင်းစိုးတို့ (၂)ဦးအနက် ဦးကျော်သိန်း ကွယ်လွန်၍ အမွေဆက်ခံစာချုပ်အမှတ် (၆၅၆/၂၀၂၅)ဖြင့် အမွေဆက်ခံခဲ့သော ဒေါ်နှင်းနှင်းစိုး [၉/မနတ(နိုင်)၀၀၃၈၀၄]၊ ဒေါ်အိမို့မို့ဖြူ [၉/ပကခ(နိုင်) ၀၂၃၈၂၉]၊ ဒေါ်အိမွန်ကျော်[၉/ ပကခ(နိုင်)၀၂၃၈၂၈] တို့ က အမှုတွဲအမှတ်(၂၄၃၇/၂၀၂၆–၂၀၂၇)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အမွေဝေစုခွဲဝေပေးအပ်ပြီးဖြစ်၍ တိုက်ခန်းပိုင်ဆိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ **ဦးမိုဟာမက်ဘာရှီ [၁၂/မဂတ (နိုင်) ၀၁၅၅၇၆]** ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းကြေညာအပ်ပါသည်–

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သပြေကုန်းရပ်ကွက်၊ မြယာကုန်းလမ်း၊ အမှတ်– (၂၅) ဟုခေါ်တွင်သော (၆)ခန်းတွဲ၊ (၃)ထပ်တိုက်အနက်မှ (ဒုတိယထပ်)၊ (၃–လွှာ)၊ (တိုက်ကိုမျက်နှာမူလျှင် ဘယ်ခြမ်း)၊ အကျယ်အဝန်း (၁၂ပေခွဲx၅၀ပေ)ရှိ တိုက်ခန်း (၁) ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို **"(၂၀–၉–၂၀၂၆) ရက်စွဲပါ အမွေဝေစု အသီးသီးခွဲဝေပေးအပ်ခြင်း ကတိစာချုပ်"**အရ အမွေဆိုင်များ၏ အမွေဝေစုအသီးသီးကို **ဦးမိုဟာမက်ဘာရှီ**မှ ခွဲဝေပေးအပ်ခဲ့ပြီးဖြစ်၍ အထက်ပါတိုက်ခန်းသည် ကျွန်ုပ်တို့၏မိတ်ဆွေ **ဦးမိုဟာမက်ဘာရှီ** တစ်ဦးတည်းသာလျှင် တရားဝင်လက်ဝယ်ပိုင်ဆိုင် အကျိုးခံစားလျက်ရှိသည့်တိုက်ခန်းဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| | | |
|---|---|---|
| **ဒေါ်မာမာသိန်း** | **ဒေါ်နန်းစန္ဒာလင်း** | **ဦးထွန်းသူအောင်** |
| **(LL.B)** | **(LL.B,D.B.L)** | **(LL.B)** |
| **(စဉ်–၈၇၉၂)** | **(စဉ်–၂၀၁၂၉)** | **(စဉ်–၅၅၇၆၄)** |

**တရားလွှတ်တော်ရှေ့နေများ — အထက်တန်းရှေ့နေ**
**အမှတ် (၅၈)၊ မြေညီထပ်၊ ဓမ္မာရုံလမ်း၊ ကန်/တောင်ရပ်ကွက်၊**
**မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း – ၀၉–၅၀၆၄၉၅၉၊ ၀၉–၅၀၈၈၆၀၅**

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## တံတားဦးစီးဌာန
## တံတားအထူးအဖွဲ့(၇)
## မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့
## တင်ဒါအမှတ်စဉ်၊ ၂/၂၀၂၆–၂၀၂၇

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့(၂)၊ တံတားအထူးအဖွဲ့(၇) အောင်လံမြို့မှ (၂၀၂၆–၂၀၂၇) ဘဏ္ဍာနှစ်အတွင်း ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်မည့် မကွေးတိုင်းဒေသကြီးအတွင်းရှိ ရောဝတီတံတား(သရက်–အောင်လံ) တည်ဆောက်ရေးလုပ်ငန်းတွင် အသုံးပြုရန်လိုအပ်သော ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများကို ဝယ်ယူခြင်း၊ သယ်ယူပို့ဆောင်ခြင်းနှင့် စက်ယာဉ်ငှားရမ်းခြင်းတို့အား မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါ၍ လုပ်ငန်းများကို စိတ်ပါဝင်စားသော ကုမ္ပဏီနှင့် လုပ်ငန်းရှင်များလာရောက် အိတ်ဖွင့်တင်ဒါပေးသွင်းရန် အသိပေးကြော်ငြာဖိတ်ခေါ်အပ်ပါသည်။

| | | | |
|---|---|---|---|
| ၂။ | တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက် | – | (၁၈–၉–၂၀၂၆) ရုံးချိန်အတွင်း |
| ၃။ | တင်ဒါလျှောက်လွှာ ပိတ်မည့်ရက်/အချိန် | – | (၂၈–၉–၂၀၂၆) ညနေ (၄)နာရီ |
| ၄။ | တင်ဒါရွေးချယ်မည့် ရက်/အချိန် | – | (၃၀–၉–၂၀၂၆) နံနက်(၁၀:၀၀)နာရီ |
| ၅။ | တင်ဒါလျှောက်လွှာ ရောင်းမည့်နေရာ | – | ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ တံတားအထူးအဖွဲ့ (၇)၊ အောင်လံမြို့ |
| ၆။ | တင်ဒါစိစစ်ရွေးချယ်မည့် နေရာ | – | ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ရောဝတီတံတား (သရက်–အောင်လံ)ရှင်းလင်းဆောင်ခန်းမ၊ အောင်လံမြို့ |

၇။ တင်ဒါစည်းကမ်းချက်များနှင့် တင်ဒါလျှောက်လွှာပုံစံများကို ရုံးချိန်အတွင်း ရောဝတီတံတား (သရက်–အောင်လံ) တည်ဆောက်ရေးစီမံကိန်း တံတားဦးစီးဌာန၊ တံတားအထူးအဖွဲ့(၇)ရုံးတွင် (၁၈–၉–၂၀၂၆)ရက်နေ့၊ နံနက် (၉:၃၀)နာရီမှစ၍ ဝယ်ယူနိုင်ပါသည်။ တင်ဒါတင်သွင်းရမည့် အသေးစိတ်အချက်အလက်များကို **ဖုန်းနံပါတ် – ၀၉ – ၄၄၂၆၁၆၁၂၂၊ ၀၉ – ၂၆၀၈၆၃၄၅၅၊ ၀၉ –၂၅၆၀၈၄၀၂၇၊ ၀၉ –၄၀၂၇၁၂၃၀၉ သို့** ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**တံတားအထူးအဖွဲ့ (၇)**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ်(ဖဖ–၂)၊ ဦးပိုင်အမှတ်(၈၁–ခ)၊ ၅၂x၅၃ကြား၊ ၁၁၀x၁၁၁ လမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ရင်ရင်မြ [၉/မရမ(နိုင်)၀၁၂၂၇၁] က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၂၄၄၇/၂၀၂၆–၂၀၂၇)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ ခွဲကျန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## မြန်မာနိုင်ငံလုံးဆိုင်ရာ မော်လဝီအဖွဲ့ချုပ်(ဗဟို) ပြန်လည်ပေါင်းစည်းဖွဲ့စည်းခြင်းနှင့် အဖွဲ့ဝင်များ ဖိတ်ခေါ်ခြင်းကို အများသိစေရန် ကြေညာခြင်း

မြန်မာနိုင်ငံလုံးဆိုင်ရာ မော်လဝီအဖွဲ့ချုပ်(ဗဟို)၏ ကိစ္စရပ်နှင့်စပ်လျဉ်း၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာန၏ (၁၂–၆–၂၀၂၀)ရက်စွဲပါ စာအမှတ်–၀၂/၀၇/သသန–၃/၁၈(၂၀၁) ဖြင့် "ဥပဒေနှင့်အညီ ဆောင်ရွက်သွားရေး အကြောင်းကြားခြင်း"ဟု ပေးပို့ခဲ့သည့် နောက်ဆုံးပြန်ကြားစာအရ အထွေထွေအတွင်းရေးမှူးချုပ်အဖြစ် တာဝန်လွှဲအပ်ခြင်းခံရသူ ဦးကျော်ကျော် (ခ) ဦးခင်ထွန်း ဦးဆောင်သည့် ဗိုလ်တထောင်မြို့နယ်ရှိ မြန်မာနိုင်ငံလုံးဆိုင်ရာ မော်လဝီအဖွဲ့ချုပ်(ဗဟို)မှ တရားလိုပြုလုပ်၍ ဥက္ကဋ္ဌ ဦးစိန်လှ ဦးဆောင်သည့် ပန်းဘဲတန်းမြို့နယ်ရှိ မြန်မာနိုင်ငံလုံးဆိုင်ရာ မော်လဝီအဖွဲ့ချုပ်(ဗဟို)အား တရားစွဲဆိုခဲ့ပြီး အဆိုပါ တရားစွဲဆိုမှု (၆)နှစ်တာကာလကြာမြင့်ပြီးနောက် ယခုအခါ မြန်မာနိုင်ငံလုံးဆိုင်ရာ မော်လဝီအဖွဲ့ချုပ်(ဗဟို)၏ အထွေထွေအတွင်းရေးမှူးချုပ်ဖြစ်သူ ဦးကျော်ကျော်(ခ)ဦးခင်ထွန်းနှင့် တရားပြိုင်ဖြစ်သူ ဥက္ကဋ္ဌအလ်ဟာဂျီမုဖ်သီစလီမွလ္လာ(ခ) ဦးလှဝင်းတို့ အမှုအတောအတွင်း ညှိနှိုင်းမှုပြုခဲ့ရာ ပြေလည်မှုရရှိခဲ့ပြီး ကျောက်တံတားခရိုင်တရားရုံးတော်သို့ တင်ပြခဲ့ရာ (၁၀–၉–၂၀၂၆)ရက်နေ့တွင် စီရင်ချက်ဒီကရီချမှတ်ပြီးဖြစ်ပါသည်။ ယခုအခါ မူလမြန်မာနိုင်ငံလုံးဆိုင်ရာ မော်လဝီအဖွဲ့ချုပ်(ဗဟို)အဖြစ် ပြန်လည်သင့်မြတ်ပေါင်းစည်း၍ ဘာသာသာသနာနှင့် လူမှုရေးလုပ်ငန်းများကို အင်တိုက်အားတိုက် ဆောင်ရွက်သွားတော့မည်ဖြစ်ပါသည်။ ထို့ကြောင့် အထွေထွေအတွင်းရေးမှူးချုပ် ဦးကျော်ကျော် (ခ)ဦးခင်ထွန်းနှင့် ဥက္ကဋ္ဌ အလ်ဟာဂျီမုဖ်သီစလီမွလ္လာ(ခ)ဦးလှဝင်းတို့ ပြန်လည်ပူးပေါင်းဖွဲ့စည်းမည့် မူလ မြန်မာနိုင်ငံလုံးဆိုင်ရာ မော်လဝီအဖွဲ့ချုပ်(ဗဟို)မှ ယခင်ဖွဲ့စည်းထားသော တိုင်း/ခရိုင်/မြို့နယ်/ ကျေးရွာများရှိ အဖွဲ့ခွဲများအား တရားဝင်ဖျက်သိမ်းလိုက်ပြီဖြစ်ကြောင်းနှင့် အသစ်ပြန်လည်ရွေးချယ်ဖွဲ့စည်းပေးသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ ထို့အပြင် အဖွဲ့ချုပ်(ဗဟို)၏ ရှေ့လုပ်ငန်းစဉ်များကို ပိုမိုတွင်ကျယ်စွာ ဆောင်ရွက်နိုင်ရန် ဘာသာသာသနာရေးနှင့် လူမှုရေးလုပ်ငန်းများအား စိတ်ပါဝင်စားသူ၊ အချိန်ပေးနိုင်သူများအနေဖြင့် (၃)ရက်အတွင်း လာရောက်လျှောက်ထားနိုင်ပါကြောင်း၊ ဧည့်သည် ဆရာတော်ကြီးများ၊ (ဗဟို)အလုပ်အမှုဆောင်များမှ သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းချက်များနှင့် ကိုက်ညီသူ၊ အရည်အချင်း ပြည့်မီသူများအား ရွေးချယ်သွားမည်ဖြစ်ကြောင်းနှင့် လျှောက်ထားလိုသူများသည် မူလ မြန်မာနိုင်ငံလုံးဆိုင်ရာ မော်လဝီအဖွဲ့ချုပ်(ဗဟို) ရုံးခန်းတည်ရှိရာ ဗိုလ်တထောင်မြို့နယ်၊ (၅)ရပ်ကွက်၊ ၅၂–လမ်း၊ အမှတ်(၁၃)၊ မြေညီထပ်(ယာ)သို့ အစ္စလာမ်ဘာသာရေးကျောင်းမှ ပေးအပ်ထားသော စနဒ်မူရင်း၊ မှတ်ပုံတင်၊ သန်းခေါင်စာရင်း၊ ဓာတ်ပုံ(၂)ပုံတို့ဖြင့် လူကိုယ်တိုင်လာရောက် လျှောက်ထားနိုင်ပါကြောင်း အသိပေးဖိတ်ခေါ်အပ်ပါသည်။ မှတ်ချက်–မြန်မာနိုင်ငံလုံးဆိုင်ရာ မော်လဝီအဖွဲ့ချုပ်(ဗဟို)မှ နုတ်ထွက်သူ၊ ထွက်ခွာသူ၊ ထုတ်ပယ်ခံထားရသူများ လျှောက်ထားခွင့်မရှိကြောင်းနှင့် လက်ခံစဉ်းစားမည် မဟုတ်ကြောင်း တစ်ပါတည်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ –**
**ဦးကျော်ကျော်(ခ)ဦးခင်ထွန်း — အလ်ဟာဂျီမုဖ်သီစလီမွလ္လာ(ခ)ဦးလှဝင်း**
**အထွေထွေအတွင်းရေးမှူးချုပ် — ဥက္ကဋ္ဌ**
**မြန်မာနိုင်ငံလုံးဆိုင်ရာမော်လဝီအဖွဲ့ချုပ်(ဗဟို)**

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးလေးဝင်း (LL.B)**
**အထက်တန်းရှေ့နေ(စဉ်–၅၀၄၅၄/၂၇–၁၁–၂၀၁၈)**
**အမှတ်–၉/၁၁၊ ပထမထပ်၊ အခန်း(B)၊**
**၃၆(လမ်းတို)အောက်လမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၉၆၀၂၆၂၄၀၅၊ ၀၉–၇၉၅၆၁၀၆၁၃**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ဒြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန
## မကွေးတက္ကသိုလ်-မကွေးမြို့
## မကွေးတက္ကသိုလ်(၂၆)ကြိမ်မြောက်
## "ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း"

မကွေးတက္ကသိုလ် (နေ့သင်တန်း) ၂၀၂၄-၂၀၂၅ ပညာသင်နှစ်၊ မဟာဝိဇ္ဇာ/သိပ္ပံ(ဘွဲ့)၊ မဟာဥပဒေ(ဘွဲ့)၊ ဝိဇ္ဇာ/သိပ္ပံ(ဂုဏ်ထူး)ဘွဲ့၊ ဥပဒေ(ဘွဲ့)၊ ဝိဇ္ဇာ/သိပ္ပံ(ဘွဲ့)၊ စီးပွားရေးဥပဒေဒီပလိုမာ ၃/၂၀၂၄၊ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ဝိဇ္ဇာ/သိပ္ပံ(ဘွဲ့) (၂၀၂၀အောင်) နှင့် (အဝေးသင် သင်တန်း) ၂၀၂၅ ပညာသင်နှစ် ဥပဒေ(ဘွဲ့)၊ ဝိဇ္ဇာ/သိပ္ပံ(ဘွဲ့) စာမေးပွဲများကို အောင်မြင်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများအတွက် **မကွေးတက္ကသိုလ်၏ (၂၆) ကြိမ်မြောက် ဘွဲ့နှင်းသဘင်**တွင် တက်ရောက် ဘွဲ့ယူရန်နှင့် အဝေးရောက်ဘွဲ့ယူရန် လျှောက်လွှာများ တင်သွင်း၍ လျှောက်ထားနိုင်ပါသည်။

**ဘွဲ့နှင်းသဘင်ကြေး**

| | |
|---|---|
| တက်ရောက်ဘွဲ့ကြေး | - ၁၅၀၀၀ိ/- (ကျပ်တစ်သောင်းငါးထောင်တိတိ) |
| အဝေးရောက်ဘွဲ့ကြေး | - ၁၀၀၀၀ိ/- (ကျပ်တစ်သောင်းတိတိ) |
| လျှောက်လွှာတင်သွင်းရမည့်ရက် | - (၂၁-၉-၂၀၂၆)ရက်နေ့မှ (၂၀ -၁၀-၂၀၂၆)ရက်နေ့ထိ |

၁။ သတ်မှတ်လျှောက်လွှာပုံစံဖြင့် စာမေးပွဲနှင့် ဘွဲ့နှင်းဌာနတွင် တင်သွင်းလျှောက်ထားရမည်။

၂။ လွန်ခဲ့သည့် (၃)လအတွင်း ရိုက်ကူးထားသော (၁½"x၂") ဓာတ်ပုံ (၃)ပုံပူးတွဲ၍ လျှောက်ထားရမည် ဖြစ်ပြီး မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်းဝတ်စုံ (အမျိုးသား) နှစ်သက်ရာဝတ်စုံကို အပြည့်အစုံ စနစ်တကျ ဝတ်ဆင်၍ သပ်ရပ်စွာ ရိုက်ကူးထားသော ဓာတ်ပုံများဖြင့်သာ လျှောက်ထားရပါမည်။

၃။ သတ်မှတ်ဘွဲ့ ကြေးများကို မကွေးတက္ကသိုလ် ငွေလက်ခံဌာနတွင် ပေးသွင်းရပါမည်။

၄။ (ဘွဲ့)စာမေးပွဲများကိုအောင်မြင်ခဲ့ကြသူများသည် ဘွဲ့လျှောက်လွှာတင်သွင်းသည့် အချိန်တွင် တက္ကသိုလ် ဝင်တန်းအောင်လက်မှတ်မိတ္တူနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ ပါရှိရမည်။ ဥပဒေပညာအထူးပြုနှင့် ဘူမိဗေဒအထူးပြုဘာသာရပ်ဖြင့် အောင်မြင်သူများသည် နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်းနှင့် မိတ္တူ နှစ်မျိုးလုံးပါရှိရမည်။

၅။ တက်ရောက်ဘွဲ့လျှောက်ထားပြီး၊ ဘွဲ့နှင်းသဘင်အခမ်းအနားသို့ တက်ရောက်ရန် ပျက်ကွက်သူများ၏ ဘွဲ့လက်မှတ်များကို ဘွဲ့အပ်နှင်းသည့်ရက်မှ နောက်(၆)လပြည့်သည့် အချိန်မှသာ ထုတ်ပေးမည်ဖြစ်ပါသည်။

၆။ ရေနံချောင်းဒီဂရီကောလိပ်မှ နှစ်ချို့ ဘွဲ့ရကျောင်းသား၊ ကျောင်းသူများသည် အဝေးရောက်ဘွဲ့ လျှောက်ထားနိုင်သည်။

၇။ အသေးစိတ်အချက်အလက်များကို မကွေးတက္ကသိုလ်စာမေးပွဲနှင့် ဘွဲ့နှင်းဌာန (၀၉-၄၀၁၅၄၇၂၁၈)တွင် စုံစမ်းနိုင်ပါသည်။

**သင်တန်းရေးရာဌာန**
**မကွေးတက္ကသိုလ်**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်မှန်ရပ်ကွက်၊ အကွက်အမှတ်(၅၁၄/၅)၊ ဦးပိုင်အမှတ်(၈၂)၊ ၃၀x၃၂ကြား၊ ၅၉x၆၀လမ်းကြားရှိ ဦးကျော်ညွန့်၊ ဒေါ်ငွေငွေတို့(၂)ဦး အမည်ပေါက် ဂရန်မြေကွက်အား အမွေဆက်ခံစာချုပ်အမှတ် (၉၅၈/၂၀၂၆)ဖြင့် အမွေဆက်ခံခဲ့သော ဒေါ်လှိုင်လှိုင်မိုး [၉/မရမ(နိုင်)၀၄၀၀၃၆]၊ ဒေါ်သင်းသင်းအိ[၉/မရမ(နိုင်) ၀၄၀၀၃၇]၊ ဒေါ်မိုးမိုးကျော်[၉/မရမ(နိုင်)၀၀၂၃၉၈]၊ ဦးနေမျိုးအောင် [၉/မရမ(နိုင်) ၀၀၂၃၉၇]တို့ က အမှုတွဲအမှတ်(၂၄၆၅/၂၀၂၆-၂၀၂၇)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## မိဘအမည်မှန်

မန္တလေး တိုင်း ဒေသကြီး၊ ဝမ်းတွင်းမြို့နယ်၊ အထက(ခွဲ) ရာသချိ Grade-9 တွင် ပညာသင်ကြားနေသော မမြဖူးငုံ၏ မိဘအမည်မှန်မှာ ဦးနိုင်ဝင်း[၉/ဝတန(နိုင်)၁၂၇၄၈၂]၊ ဒေါ်သီတာဝင်း [၉/ဝတန(နိုင်)၂၃၆၁၁၁] ဖြစ်ပါကြောင်း။

**ဦးနိုင်ဝင်း +ဒေါ်သီတာဝင်း**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၂)ရပ်ကွက်၊ အကွက်အမှတ်(စ-၅)၊ ဦးပိုင်အမှတ်(၈၁)ခဲစင်း၊ ၆၆x၆၇ကြား၊ ၁၀၈x၁၀၉ လမ်းကြားရှိ ဦးဘချို အမည်ပေါက် ဂရန်မြေကွက်အား အမွေဆက်ခံ စာချုပ်အမှတ် (၂၀၉၆/၂၀၂၅)ဖြင့် အမွေဆက်ခံခဲ့သော ဇနီးဖြစ်သူ ဒေါ်ခင်သန်း [၉/မရတ(နိုင်)၀၉၆၄၀၉]က အမှုတွဲအမှတ်(၂၄၅၀/၂၀၂၆-၂၀၂၇)ဖြင့် ဦးပိုင်ခွဲ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(၁၁)၊ ဦးပိုင်အမှတ်(၃၆)၊ ၅၃x၅၄ကြား၊ ၁၀၃ လမ်းနှင့်ကျိုးကျောင်းကြားရှိ ဦးဖိုးစံ အမည်ပေါက် တောဂရန်မြေကွက်အား အမွေဆက်ခံစာချုပ်အမှတ် (၅၃၇/၂၀၂၆)ဖြင့် အမွေဆက်ခံခဲ့သော ဇနီးဖြစ်သူ ဒေါ်ရီမြင့်(ခ)ရီရီမြင့် [၅/စကန(နိုင်)၁၃၆၃၉၆]က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ် (၂၄၆၆/၂၀၂၆-၂၀၂၇) ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## အကြင်လင်မယားအဖြစ်မှ တရားဝင်ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဒေါ်မှူးပြည့်သုန္ဒရီ [၁၂/လမန(နိုင်)၁၆၆၈၂၆] (ဘ) ဦးခင်မောင်လှနှင့် ဦးကျော်မင်းထွန်း [၇/အတန(နိုင်)၁၀၁၉၀၃] (ဘ) ဦးစိုးနိုင် တို့သည် (၂၁-၁၂-၂၀၁၀) မှစ၍ အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခဲ့ပြီး သား(၁)ဦး ထွန်းကားခဲ့ပါသည်။ ယခုအခါတွင် တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားချင်း မတိုက်ဆိုင်ကြသဖြင့် ဆက်လက်ပေါင်းသင်းရန် ဆန္ဒမရှိကြသောကြောင့်(၁၉-၉-၂၀၂၆)ရက်နေ့တွင် နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်း ကတိစာချုပ်ကို အသိသက်သေများရှေ့တွင် လက်မှတ်ရေးထိုး ချုပ်ဆိုခဲ့ကြပြီးဖြစ်သည်။ ထိုသို့ ကွာရှင်းပြတ်စဲပြီးသည့်အချိန်မှစ၍ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မှူးပြည့်သုန္ဒရီနှင့် ဦးကျော်မင်းထွန်းတို့သည် တစ်ဦးနှင့်တစ်ဦး အိမ်ထောင်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ကိုယ်ရေးကိုယ်တာကိစ္စအဝဝတို့ကို မည်သို့မျှဝင်ရောက်စွက်ဖက်ခြင်း၊ နှောင့်ယှက်ခြင်း၊ ဆက်စပ်သက်ဆိုင်ခြင်း အလျဉ်းမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မှူးပြည့်သုန္ဒရီ[၁၂/လမန(နိုင်)၁၆၆၈၂၆]၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးဉာဏ်မင်းထက်(LL.B,DIPL,DBL,PGDB)** | **ဒေါ်ယုဇန်ကို(LL.B,DBL,PGDB)** |
| **အထက်တန်းရှေ့နေ(စဉ်-၅၂၃၁၂)** | **အထက်တန်းရှေ့နေ(စဉ်-၅၂၇၄၆)** |

**အမှတ်(၂၈၀/က)၊ ညီညွတ်ရေးလမ်း၊ (၃၈)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်။ ဖုန်း-၀၉-၉၇၇၁၂၈၁၃၈၊ ၀၉-၄၂၀၀၉၉၄၆၄**

## "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်း/မြောက်ရပ်ကွက်၊ သရက်တောလမ်း၊ တိုက်အမှတ်(၁၅)၊ မြေညီထပ်(B)(ခြေရင်းခန်း)၊ အကျယ်အဝန်း (အလျား ၁၂ ½'xအနံ ၅၀')ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ဝယ်ထားရှိပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူ ဦးစိန်အောင်လေး [၁၂/စခန(နိုင်)၀၅၃၃၀၉]နှင့် ဦးအောင်ကျော်မိုး [၁၂/စခန(နိုင်)၀၅၇၂၄၇]တို့ထံမှ ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူရှိပါက (၇)ရက်အတွင်း ခိုင်မာသည့် အထောက်အထားများနှင့်တကွ ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဆက်လက်အတည်ပြုဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးမောင်မောင်သန်း**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၀၈၂)**
**အမှတ်-၉/၁၁၊ အခန်း(၃၀၁)၊ ၃၆-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း- ၀၉-၄၄၈၀၂၂၉၀၀၊ ၀၉-၄၄၃၁၅၁၂၈၅**

## ဒီကရီအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၂၂)
## ဗိုလ်တထောင်ခရိုင်တရားရုံး
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၁၄၅ နှင့်ဆက်နွှယ်သည့်
## ၂၀၂၆ ခုနှစ်၊ တရားမဇာရီမှုအမှတ် - ၁၀၁

| | | |
|---|---|---|
| ဒေါ်ထွန်းနန္ဒာစိုး | နှင့် | ၁။ ဒေါ်ထွန်းစိန် |
| | | ၂။ ဒေါ်လှလှဝင်း |
| | | ၃။ ဦးအောင်ဇေယျ |
| | | ၄။ ဦးကျော်မြင့်(ခ)ကရင်(မ်) |
| **(ဒီကရီအနိုင်ရသူ)** | | **(တရားရှုံးများ)** |

**ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သပြေကုန်းရပ်ကွက်၊ လမ်း(၁၃၀)၊ တိုက်အမှတ်-၄၉၊ အမှတ်-၁၅၆ နေ (၁)တရားရှုံးဒေါ်ထွန်းစိန် (ယခုနေရပ်လိပ်စာမသိသူ)** သိစေရမည်။

**ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သပြေကုန်းရပ်ကွက်၊ လမ်း(၁၃၀)၊ (၂)လွှာ၊ တိုက်အမှတ်-၄၉၊ အမှတ်-၁၅၆ နေ (၂)တရားရှုံး ဒေါ်လှလှဝင်း (ယခုနေရပ်လိပ်စာမသိသူ)** သိစေရမည်။

**ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ ၅၅ လမ်း၊ (၆)လွှာ (ညာဘက်ခြမ်း)၊ အမှတ်-၁၂ နေ (၃)တရားရှုံးဦးအောင်ဇေယျ (ယခုနေရပ်လိပ်စာမသိသူ)** သိစေရမည်။

**ဗိုလ်တထောင်ခရိုင်တရားရုံး၊ ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၁၄၅** တွင် ကျရှိသည့်ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်မထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန်သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ (သို့မဟုတ်) အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ **၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၂ ရက်နေ့ (၁၃၈၈ ခုနှစ် ၊ တော်သလင်းလဆုတ် ၆ ရက်)နေ့ မွန်းမတည့်မီ (၁၀:၀၀) နာရီ** အချိန်တွင် ဤရုံးရှေ့လာရောက်ရမည်။

၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

**(အောင်သူရ)**
**ဒုတိယခရိုင်တရားသူကြီး(၅)**
**ဗိုလ်တထောင်ခရိုင်တရားရုံး**

## ကွယ်လွန်သူ ဦးမာမက်ဒါဝတ် (KMW - ၀၂၃၅၀၀) ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ အများသိစေရန်ကြေညာခြင်း

(၁) ဦးမောင်ငယ် [၁၀/ကမရ(နိုင်)၂၂၅၃၀၇] နှင့် (၂) ရာရှ်မာမက်(ခ) တင်စိုး [၁၀/ကမရ(နိုင်)၂၁၁၉၀၈] တို့၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမာမက်ဒါဝတ် (KMW - ၀၂၃၅၀၀) သည် အစ္စလာမ်ဘာသာကိုးကွယ်သူဖြစ်ပြီး (၁၅-၁၁-၂၀၂၅) ရက်နေ့က ကွယ်လွန်ခဲ့ရာတွင် ဇနီးနှင့် သားသမီး (၆) ဦး ကျန်ရှိခဲ့ပါသည်။ ကွယ်လွန်သူ ဦးမာမက်ဒါဝတ် ပိုင်ဆိုင်ခဲ့သောပစ္စည်းများမှာ -

၁။ အမှတ် (၄၁)၊ မြေညီထပ်၊ (၁၂၆) လမ်း၊ သပြေကုန်းရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ အကျယ်ဝန်း(၁၅x ၅၅) ပေရှိ တိုက်ခန်း (၁) ခန်း၊

၂။ ရုံအမှတ် (၆)၊ ဆိုင်အမှတ် (၂၁)၊ ဘုရင့်နောင်ဈေး၊ မရမ်းကုန်းမြို့နယ်ရှိ ကားပစ္စည်း ဆိုင်ခန်း (၁) ခန်း၊

၃။ ကျိုက်မရောမြို့နယ်၊ ဘိန်းဗျောကျေးရွာ၊ နတ်စမ်းကွင်း၊ ဦးပိုင်အမှတ် ၃၆ (၄.၉၄ ဧက) ရှိ လယ်မြေ၊

၄။ မော်လမြိုင်မြို့နယ်၊ ဈေးကြီးအောက်ဈေးရှိ ပထမထပ် ဆိုင်ခန်း (၁) ခန်း၊

၅။ ကျိုက်မရောမြို့နယ်၊ နတ်စမ်းကွင်းရှိ လယ် (၂) ဧက တို့ဖြစ်ကြပါသည်။

ယခုအခါ ကွယ်လွန်သူ၏ ဇနီးဖြစ်သူနှင့် သားများအကြား မိသားစု စိတ်ဝမ်းကွဲစေရန် အမျိုးမျိုးသွေးထိုးလှုံ့ဆော်မှုများပြုလုပ်ရှိကြောင်း သိရှိရသဖြင့် သားဖြစ်သူ ကျွန်ုပ်မိတ်ဆွေများ သိရှိသဘောတူခြင်းမရှိဘဲ အထက်ပါပစ္စည်းများအား ထုခွဲရောင်းချ ပေါင်နှံလွှဲပြောင်း အာမခံထားရှိခြင်းနှင့် အခြားနည်းတစ်နည်းနည်းတို့ လုပ်ဆောင်ခွင့်မရှိပါကြောင်းနှင့် ပြုလုပ်ပါက ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | | |
|---|---|---|
| **ဒေါ်ယဉ်ယဉ်အောင်** | **ဦးတင်မောင်သိန်း** | **ဒေါ်ခိုင်ဇာသွယ်** |
| **(စဉ်-၁၀၃၈၃)** | **(စဉ်-၅၃၃၈)** | **(စဉ်-၁၉၈၉၉)** |
| **LL.B, D.B.L,D.I.L,D.M.L** | **B.A, RL, D.B.L, D.I.L** | **LL.B, D.B.L, DIPL** |

**(တရားလွှတ်တော်ရှေ့နေများ)**
**အမှတ်(၁၅၇)၊ ဒုတိယထပ်၊ (A-3)၊ ၂၈-လမ်း(အထက်)၊**
**ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း - ၀၉-၅၀၇၆၁၅၈၊ ၀၉-၄၃၀၆၄၆၄၇**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဇဇ-၃)၊ ဦးပိုင်အမှတ်(၇၁-က)၊ ၅၇x၅၈ကြား၊ ၁၀၇x၁၀၈ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးပိုင်ကိုဇော်ထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၁၉၅၁/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဦးဇင်ဘိုဘိုထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၃၅၁၉/၂၀၂၅) ဖြင့် ဝယ်ယူခဲ့သော ဒေါ်နိုင်နိုင်[၉/မရမ(နိုင်) ၀၃၉၄၉၉]၊ ဒေါ်တင်နီလာမျိုး[၉/ ခအဇ(နိုင်)၀၀၃၃၉၆]၊ ဦးရန်မျိုးသူ [၉/ခအဇ(နိုင်)၀၁၁၇၇၇] တို့က အမှုတွဲအမှတ်(၂၄၆၂/၂၀၂၆-၂၀၂၇) ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

